ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday 3 July 2018 ၉၃၃၆

# Green Life အသင်း၏ ကြိုးပမ်းဆောင်ရွက်မှုများသည် မိမိတို့နိုင်ငံ၊ မြို့ရွာ၊ ရပ်ကွက်များအားလုံးက အတုယူလေးစားဖွယ်ပြယုဂ်ဖြစ်သည့်အတွက် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်

## ပြည်သူသို့ ကျေးဇူးတင်လွှာထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူနိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကို ရွေးချယ်၍ ပြည်သူသို့ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းအား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဇူလိုင်လ ၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**"ပြည်သူသို့ ကျေးဇူးတင်လွှာ"**
**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)**

၁။ ကမ္ဘာကြီးပူနွေးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်တစ်ခုလုံးကိုသာမက သက်ရှိဇီဝမျိုးကွဲများ၏ ရှင်သန်မှုနှင့် ကမ္ဘာကြီးတည်ရှိမှုကိုပါ ကြီးမားစွာ ခြိမ်းခြောက်လျက်ရှိပါသည်။ သက်ရှိသတ္တဝါများအနေဖြင့် သဟဇာတဖြစ်သည့် ဂေဟစနစ်များ ရှင်သန်တည်တံ့နေမှသာ ရှင်သန်နိုင်စွမ်းရှိကြမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်စီး မပျက်သုဉ်းစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကမ္ဘာနှင့်အဝှမ်း အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ စသည်အားဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါသည်။ ထိုသို့ဆောင်ရွက်ကြရာတွင် လူတစ်ဦးချင်းစီက ကိုယ်စီအသိတရားဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်ရန်သာမက လူအများ ညီညီညွတ်ညွတ်ဖြင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်နိုင်ရန် နှိုးဆော်စည်းရုံးသွားနိုင်ရေးသည်လည်း အရေးကြီးလှပေသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်း

စာမျက်နှာ ၃ ကော်လံ ၁ သို့

**ရာနှုန်းပြည့်မိုး**
**(၃-၇-၂၀၁၈)**

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

---

**မန္တလေးကားဈေးကွက်တွင် စလစ်ကပ်ကားများနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေး**

စာမျက်နှာ » ၁၀

**မျိုးသုဉ်းရှားပါးစာရင်းဝင် ရေနေသတ္တဝါများနှင့် ၎င်းတို့နေထိုင်ကျက်စားရာ ဒေသများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်**

စာမျက်နှာ » ၂၀

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း(၂၀၁၉- ၂၀၂၂)နှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉- ၂၀၂၂)နှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲ ကျင်းပစဉ်။

**ရန်ကုန် ဇူလိုင် ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) နှင့်စပ်လျဉ်း၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သုံးသပ်ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ International Foundation for Electoral Systems(IFES) မှ တာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်း ၅၇ ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ကျင်းပသည့် ဆွေးနွေးပွဲကို လူမှုအဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂)အပေါ် အကြံပြု

စာမျက်နှာ ၅ ကော်လံ ၁ သို့

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး လုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၄ ရက်မှ ၆ ရက်အထိ နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ဇွန်လ ၂၉ ရက်တွင် ကျင်းပသည့် UPDJC အစည်းအဝေးမှ သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေလတွင် ကျင်းပခဲ့ပြီးနောက် တစ်နှစ်ခန့်အချိန်တွင် တတိယအစည်းအဝေးကျင်းပရန် လျာထားခဲ့သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ညီလာခံကျင်းပချိန် နှောင့်နှေးခဲ့သော်လည်း အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သဖြင့် မကြာမီအစည်းအဝေးကျင်းပနိုင်တော့မည်ဖြစ်၍ ပြည်သူအားလုံး ဝမ်းမြောက်ကြမည်ဖြစ်သည်။

တတိယအစည်းအဝေး ကျင်းပနိုင်ရန်အတွက် အစိုးရနှင့် NCA ၌ လက်မှတ်မရေးထိုးရသေးသည့် EAO များအကြားတွင် နိုင်ငံရေးဆိုင်ရာ အလွတ်သဘောအစည်းအဝေး သုံးကြိမ်၊ လုံခြုံရေးဆိုင်ရာ အလွတ်သဘောအစည်းအဝေး လေးကြိမ်ကျင်းပပြီး အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးခရီးအတွက် တွန်းအားတစ်ရပ်ပင်ဖြစ်သည်။ နှစ်ဖက်ဆွေးနွေးမှုများအရ ကျော်လွှားရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို မကြာမီ ကျင်းပတော့မည့် ညီလာခံတွင် ပွင့်ပွင့်လင်းလင်းဖြင့် လိုလားချက်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို တစ်ဆင့်တက်လှမ်းနိုင်မည်ဖြစ်သည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အလိုအပ်ဆုံးဆန္ဒမှာ ငြိမ်းချမ်းရေးဖြစ်ပြီး ငြိမ်းချမ်းရေးတွင် အရေးကြီးနေသည့် ဖက်ဒရယ်မူဝါဒချမှတ်နိုင်ရန် တစ်ဖက်နှင့်တစ်ဖက် အလျှော့အတင်းပြုလုပ်ပြီး သဘောတူညီချက်များ ရရှိစေမည့် နိုင်ငံရေးအခင်းအကျင်းများ ပေါ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းချင်ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးအနေဖြင့်လည်း ငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် လိုအင်ဆန္ဒများရှိနေကြမည် ဖြစ်သည်။

ယခုကျင်းပမည့် ညီလာခံသည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂) ချုပ်ဆိုရရှိရေးကို ဦးတည်သဖြင့် မူဝါဒနှင့်အဆိုပြုချက်များ ရရှိအောင် ဦးတည်ကြိုးပမ်းကြရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းနိုင်ပြီးမှ နောက်ထပ်ကျင်းပမည့် (၂၁)ရာစုပင်လုံညီလာခံ အစည်းအဝေးသုံးကြိမ်တွင် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ ချမှတ်နိုင်စေရန် ဖက်ဒရယ်အုတ်မြစ်ကို ခိုင်ခိုင်မာမာစိုက်ထူနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားသည်။ ထို့ကြောင့် နောင်လာမည့် ညီလာခံသုံးကြိမ်အပြီး အနာဂတ်အတွက် အခြေခံမူများပြီးပြတ်အောင် လာမည့်အစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေးပေးနိုင်လိမ့်မည်ဟု ထင်မြင်ပါသည်။ တတိယအကြိမ် ညီလာခံအကြို ညှိနှိုင်းအစည်းအဝေးများမှာ ငြိမ်းချမ်းရေးခရီးအတွက် အားရဖွယ်အခြေအနေကောင်းများ မြင်တွေ့နေရသည်။ ကျွမ်းကျင်မှုအင်အား၊ စုပေါင်းအင်အား၊ ညီညွတ်မှုအင်အားများဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် တစ်ဖက်နှင့်တစ်ဖက် နားလည်မှု၊ သည်းခံမှု၊ ယုံကြည်မှု၊ မေတ္တာထားမှုများဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြလိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# မကွေးတိုင်းဒေသကြီးအတွင်းရှိ သာကြီးတောင်/စပယ်ရေနံမြေ၊ ကျွန်းချောင်းဓာတ်အားပေးစက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံတို့အား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သာကြီးတောင်/စပယ်ရေနံမြေသို့ရောက်ရှိ စစ်ဆေးသည်။

ရှေးဦးစွာ ရေနံမြေရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးအတွက် ဆောင်ရွက်နေမှု၊ ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူမှုရေးတာဝန်သိမှု (CSR)လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်နှင့် ရေနံများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

သာကြီးတောင်/စပယ်ရေနံမြေသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း တည်ရှိပြီး ယခုအခါ ရေနံတွင်းပေါင်း ၂၀ မှ တစ်နေ့လျှင် ရေနံစိမ်းစည် ၁၁၉ စည်နှင့် သဘာဝဓာတ်ငွေ့ ၂ ဒသမ ၄၉၈ ကုဗပေသန်း ထုတ်လုပ်ပေးလျက်ရှိပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်တိုးတက်ထုတ်လုပ်နိုင်ရန် လုပ်ငန်းစီမံချက်များ စနစ်တကျရေးဆွဲ၍ ကြိုးစားရှာဖွေ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ (ကျွန်းချောင်း)သို့ ရောက်ရှိပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ နိုင်ငံတော် ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် Switchyard အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင်တည်ရှိပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အရာတော်၊ ကျောက်ခွက်၊ လက်ပံတို၊ သာကြီးတောင်ရေနံမြေများမှထွက်ရှိသော သဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ နိုင်ငံတော်ပိုင် စက်ရုံအလုပ်ရုံများ၊ မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့ကြီးများသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၉၇၂ ခုနှစ်တွင် စတင်တည်ဆောက်၍ ၁၉၇၄ ခုနှစ်တွင် ပြီးစီးခဲ့ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

ဓာတ်အားပေးစက်များမှာ အင်္ဂလန်နိုင်ငံ JOHN BROWN ကုမ္ပဏီထုတ် Frame-5 Gas Turbine အမျိုးအစားဖြစ်ပြီး စက်တစ်လုံးလျှင် ၁၈ ဒသမ ၁ မဂ္ဂါဝပ် ထွက်ရှိသော ဓာတ်အားပေးစက် သုံးလုံးဖြင့် စုစုပေါင်း စက်တပ်ဆင် အင်အား ၅၄ ဒသမ ၃ မဂ္ဂါဝပ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးရန် ပထမဆုံးတည်ဆောက်ခဲ့သော ဓာတ်အားပေးစက်ရုံဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဓာတ်မြေသြဇာစက်ရုံ(ကျွန်းချောင်း)သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ နိုင်ငံတော်ပိုင် စက်ရုံပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိအောင် စနစ်တကျထိန်းသိမ်းထားရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားပြီး စက်ရုံအတွင်းရှိ Control Room၊ Amonia Plant နှင့် Urea Plant တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျောင်းသား ကျောင်းသူများအား မူခင်းကျဆင်းရေး အသိပညာပေး

**ကျိုက်ထို ဇူလိုင် ၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး၏ ညွှန်ကြားချက်ဖြင့် ကျိုက်ထိုမြို့မစခန်းမှူး ဒု-ရဲမှူး မြင့်ဌေးနှင့် တပ်ဖွဲ့ဝင်များသည် ဇွန် ၂၉ ရက်က ကျိုက်ထိုမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းအိနှင့် ကျောင်းသား ကျောင်းသူ ၃၈၀ အား မူခင်းဖြစ်ပွားမှုများနှင့် သက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်သည်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၂**

ရန်ကုန်(ရွှေဈေး) ၉၃၄၅၀၀ - ၉၃၄၅၀၀ မန္တလေး(ရွှေဈေး) ၉၃၄၅၀၀ - ၉၃၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၀ ကျပ်၊ | ၉၃၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၇၅/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၂၅/၉၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၀/၉၂၅ ကျပ်၊ | ၉၄၅/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၈၉၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၂၀/၈၂၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၃၂.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁.၃၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၃၃၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၆.၅၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၄၃၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၆၂.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၃၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၂၅.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957 ၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



# ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြ

ကမ္ဘာ့ဇာတ်ခုံကြီးမှ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြပါစို့။

*(၁၉၄၉ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)*

❂ **ရှေ့ဖုံးမှ**

ပါဝင်ဆောင်ရွက်နိုင်မှုအနေဖြင့်လည်း အမှိုက်များစနစ်တကျစွန့်ပစ်သော အလေ့အထမှသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိ တတ်နိုင်သမျှ ကျရာကဏ္ဍအသီးသီးက ပါဝင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိနိုင်ပေသည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာတွင် ကျေးရွာသူ ကျေးရွာသား၊ လူငယ်လူရွယ်များ စုပေါင်း၍ ဖွဲ့စည်းထားသော Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် ကျေးရွာအတွင်း ပလတ်စတစ်အမှိုက်ကင်းစင်ရေးအတွက် စနစ်တကျစွန့်ပစ်စေခြင်း၊ စုဆောင်းသယ်ယူစွန့်ပစ်ခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် အသင်းကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ (Beat Plastic Pollution) ဟူသော ဆောင်ပုဒ်နှင့်အညီ ပလတ်စတစ်၏ဆိုးကျိုးကို ကိုယ်စီကိုယ်စီ သိရှိကြရုံသာမက လူအများ ပူးပေါင်းပါဝင်လုပ်ဆောင်လာစေရန်၊ ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော အကြောင်းအရာများကို သိရှိလာပြီး တန်ဖိုးထားထိန်းသိမ်းတတ်စေရန် အသင်းအဖွဲ့မှတစ်ဆင့် ရပ်ရွာ၊ မြို့၊ နိုင်ငံမှသည် စိမ်းလန်းစိုပြည်သော ကမ္ဘာကြီးဖြစ်လာစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သော မျိုးဆက်သစ်များ ပေါ်ပေါက်လာစေရန်ဟူသော မွန်မြတ်သော ရည်ရွယ်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၃။ လက်ရှိအချိန်တွင် Green Life (အစိမ်းရောင်ဘဝ)အသင်းတွင် အသင်းဝင်အဖြစ် ရွာခံလူငယ် ၂၈၀ အထိ တိုးချဲ့ထားရှိပြီး လစဉ်လတိုင်း လအလယ်တွင် တစ်ကြိမ်၊ လကုန်ရက်တွင် တစ်ကြိမ်၊ ရွာတောင်ပိုင်းနှင့် မြောက်ပိုင်းခွဲခြားသတ်မှတ်၍ အဓိကလူငယ် ၁၀၀ ဦးခန့်က အလှည့်ကျစနစ်ဖြင့် ထမ်းဆောင်နေကြကြောင်း၊ အိမ်တိုင်း အိမ်တိုင်းတွင် ဆာလာအိတ်များ ချိတ်ဆွဲထားရှိပေးခြင်း၊ ရွာလယ်လမ်းဆုံလမ်းခွများတွင် ပလတ်စတစ်အမှိုက်ပုံးကြီးများ ထားရှိပေးခြင်းဖြင့် ရွာသူရွာသားများအား စနစ်တကျ အမှိုက်စွန့်ပစ်လာစေရန် ကြိုးပမ်းစည်းရုံးမှုကြောင့် ယခုအခါ တစ်ရွာလုံးက ပါဝင်ဆောင်ရွက်လာကြပြီး ရန်ပုံငွေထည့်ဝင်ခြင်းများရှိလာပြီဖြစ်ကြောင်း၊ အမှိုက်သယ်၊ အမှိုက်စွန့်ရန် ထော်လာဂျီယာဉ်တစ်စီးလည်း ပိုင်ဆိုင်နေပြီဖြစ်ကြောင်း၊ ထို့အပြင် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာတွင်လည်း အသင်းဝင်လူငယ်များက ပလတ်စတစ်ကင်းစင်ရေးနှင့် အမှိုက်စနစ်တကျစွန့်ပစ်ရေးလုပ်ငန်းများကို ကူညီပေးလျက်ရှိကြောင်း သိရှိရပါသည်။

၄။ ဒီပဲယင်းကွဲကျေးရွာသူ ကျေးရွာသားလူငယ်မောင်မယ်များ ဦးဆောင်သည့် Green Life အသင်း၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် တစ်ရွာလုံးက လိုက်ပါဆောင်ရွက်လာကြသည့် ရလဒ်ကောင်းများသည် မိမိတို့နိုင်ငံ၊ မြို့ရွာ၊ ရပ်ကွက်များအားလုံးက အတုယူအားကျလေးစားဖွယ် ပြယုဂ်တစ်ခုဖြစ်ပါသည်။ သေးငယ်သော ကျေးရွာလေးပင်ဖြစ်စေကာမူ အသိပညာ၊ ဝါသနာနှင့် စေတနာကိုအရင်းခံမှုတို့ စွမ်းနိုင်သမျှ ပေါင်းစည်းအင်အားဖြင့် ကြိုးပမ်းဆောင်ရွက်ရင်း လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းကို တဖြည်းဖြည်းချင်း မြှင့်တင်တိုးချဲ့ဆောင်ရွက်နေခြင်းသည် လွယ်ကူလှသော လုပ်ဆောင်ချက်မဟုတ်ကြောင်း တွေ့မြင်ရပေသည်။

၅။ သို့ဖြစ်၍ ယခုနှစ် ဇွန်လအတွက် ချီးကျူးဂုဏ်ပြုထိုက်သူများအဖြစ် Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းအား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ရခြင်း ဖြစ်ပါသည်။

၆။ Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနည်းတူ နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် မိမိနိုင်ငံတည်ဆောက်ရေးတွင် ပေါင်းစည်းအင်အားကို အရင်းခံအခြေပြုလျက် မိမိတို့ရပ်ရွာ၊ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နေထိုင်ရာ ကမ္ဘာကြီးအတွက် တတ်စွမ်းသမျှ ဝိုင်းဝန်းကူညီပေးကြရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၁/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာမြလေးစိန်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂-၇-၂၀၁၈

| | |
|---|---|
| ရွှေကျင် | ၃ ဒသမ ၅၀ လက်မ |
| မဒေါက် | ၃ ဒသမ ၁၉ လက်မ |
| ရန်ကုန်(ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်) | ၃ ဒသမ ဝ၇ လက်မ |
| ချောင်းဆုံ | ၂ ဒသမ ၄၈ လက်မ |
| ရန်ကုန်(ကမ္ဘာအေး) | ၂ ဒသမ ၂၉ လက်မ |

# Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ဒီပဲယင်းကွဲကျေးရွာအုပ်စု ဒီပဲယင်းကွဲကျေးရွာတွင် ဆရာလေးဒေါ်အိန္ဒြသိင်္ဂီ၏ဆက်သွယ်မှုဖြင့် ၂၀၁၁ ခုနှစ်တွင် ရန်ကုန်မြို့နေ ဒေါက်တာခင်ဇော်ဝင်း (တမ္ပဒီပလူမှုအဖွဲ့အစည်း၊ ရန်ကုန်)က ဒီပဲယင်းကွဲကျေးရွာသို့ လာရောက်၍ လူငယ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသင်တန်းများ ငါးရက်ခန့်ပို့ချခဲ့ပြီး ထိုနှစ်တွင်ပင် ဒီပဲယင်းကွဲလူငယ်များမှ စုပေါင်း၍ Green Life (အစိမ်းရောင်ဘဝ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းကို ၎င်းကျေးရွာသူ ကျေးရွာသားများဖြစ်ကြသည့် ဦးကျော်မင်းဦး(ဥက္ကဋ္ဌ)၊ ဒေါ်အေးမြသန္တာလှိုင်(အတွင်းရေးမှူး)၊ ဒေါ်မို့မို့ဝင်း (ဘဏ္ဍာရေးမှူး)၊ ဦးကျော့ကျော့မောင်(စာရင်းကိုင်)၊ ဒေါ်ချမ်းမြငြိမ်း(စာရင်းစစ်)၊ ဦးမျိုးမြင့်မြတ်(အဖွဲ့ဝင်)နှင့် ဒေါ်မိုးယုခိုင်(အဖွဲ့ဝင်)တို့က အမှုဆောင်များအဖြစ် တာဝန်ယူလျက် အသင်းဝင်အင်အား ၄၈ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

Green Life (အစိမ်းရောင်ဘဝ)
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းအမှုဆောင်များ



ဦးမျိုးမြင့်မြတ်



ဦးကျော်မင်းဦး



ဦးကျော့ကျော့မောင်



ဒေါ်အေးမြသန္တာလှိုင်



ဒေါ်ချမ်းမြမြဝင်း



ဒေါ်မို့မို့ဝင်း



ဒေါ်မိုးယုခိုင်

၂။ Green Life အဖွဲ့သည် လူငယ်များဖြင့် ဖွဲ့စည်းထားရှိပြီး ဒီပဲယင်းကွဲကျေးရွာအတွင်း အိမ်တိုင်းတွင် အမှိုက်စွန့်ပစ်ရန် ဆာလာအိတ်များထားရှိပေးခြင်း၊ ကျေးရွာတွင်း လမ်းဆုံလမ်းခွတိုင်းတွင် အမှိုက်ပုံးများ ထားရှိပေးခြင်းတို့ဖြင့် အမှိုက်များ စနစ်တကျစွန့်ပစ်ရေးကို စည်းရုံးပညာပေးဆောင်ရွက်နိုင်ခဲ့ကြပါသည်။ ၎င်းအမှိုက်များအား လဝက်တွင် တစ်ကြိမ်၊ လကုန်တွင် တစ်ကြိမ်၊ ရွာတောင်ပိုင်းနှင့် မြောက်ပိုင်း နှစ်ကြိမ်ခွဲ၍ အမှိုက်များ စွန့်ပစ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ တစ်ရွာလုံးနီးပါး ပါဝင်ဆောင်ရွက်လာပြီး ပလတ်စတစ်အမှိုက်များကို ခွဲခြား၍ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိနေပြီဖြစ်သည့်အပြင် ကျေးရွာသူ ကျေးရွာသား စေတနာရှင်များကလည်း အဖွဲ့ရန်ပုံငွေသို့ ငွေကြေးများ ထည့်ဝင်လှူဒါန်းပေးလျက်ရှိပါသည်။ ထို့အပြင် အမှိုက်များထဲမှ ပြန်လည်ရောင်းချနိုင်သည့် ပစ္စည်းများကိုရွေးထုတ်၍ ပြန်လည်ရောင်းချခြင်းမှလည်း ရန်ပုံငွေ ရရှိပါသည်။ ယခုအခါ Green Life အဖွဲ့တွင် ကျေးရွာလူငယ် ၂၈၀ ကျော် ပါဝင်လျက်ရှိပြီး အဓိကအားဖြင့် အဖွဲ့ဝင်လူငယ် ၁၀၀ ဦးခန့်ဖြင့် ပလတ်စတစ်အမှိုက်သန့်ရှင်းရေးနှင့် စွန့်ပစ်ခြင်းများကို အလှည့်ကျဆောင်ရွက်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ရှိ ကျေးရွာခုနစ်ရွာတွင်ပါ စနစ်တကျ အမှိုက်စွန့်ပစ်ရေးအတွက် ကူညီပေးလျက်ရှိပါသည်။

၃။ ဒီပဲယင်းကွဲကျေးရွာသည် လူမှုရေး၊ သာရေးနာရေး၊ ပညာရေး၊ စီးပွားရေးတို့တွင်သာမက Green Life အဖွဲ့၏ ဦးဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက်ကိုလည်း စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အတုယူဖွယ်ကျေးရွာ၊ စံပြုထိုက်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။ Green Life (အစိမ်းရောင်ဘဝ)အသင်း၏ ပလတ်စတစ်ကင်းစင်ရေး လှုပ်ရှားဆောင်ရွက်အောင်မြင်နေမှုများသည် ၂၀၁၈ ခုနှစ် ဇွန်လ ၅ ရက်နေ့ ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော Beat Plastic Pollution (ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့)နှင့်လည်း ကိုက်ညီလျက်ရှိပြီး မိမိတို့၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမဖြစ်အောင် ၎င်းလူငယ်များ၏ အသိပညာဖြင့် ဆောလျင်စွာ ကြိုးပမ်းအားထုတ်မှုသည် နိုင်ငံတစ်ဝန်းရှိ ရပ်ကွက်၊ ကျေးရွာနေ လူငယ်များအတွက် စံပြုအတုယူဖွယ်ဖြစ်ပါသည်။

# အရှေ့တောင်အာရှ မူလတန်းအဆင့်ကလေးများ၏သင်ယူမှုကို လေ့လာအကဲဖြတ်ခြင်း သုတေသနလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

အရှေ့တောင်အာရှ မူလတန်းအဆင့်ကလေးများ၏ သင်ယူမှုကို လေ့လာအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်းဆိုင်ရာ မိတ်ဆက်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှ မူလတန်းအဆင့်ကလေးများ၏ သင်ယူမှုကို လေ့လာအကဲဖြတ်ခြင်း(South-East Asia Primary Learning Metrics-SEA-PLM)ကို အကောင်အထည်ဖော်ခြင်းသည် အရှေ့တောင်အာရှ ဝန်ကြီးများအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးခင်မင်စွာအတူတကွ ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းရလဒ်တစ်ခုဖြစ်ပါကြောင်း၊ SEA-PLM သည် ဒေသအလိုက် ပညာရေးစနစ်များအကြား သင်ယူမှုအကဲဖြတ်ခြင်းနှင့် စံနှုန်းများအပေါ်တွင်အခြေခံကာ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြည့်ရန်နှင့် သင်ယူတတ်မြောက်မှု စွမ်းဆောင်ရည်မြှင့်တင်ခြင်းများကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ SEA-PLM အကဲဖြတ်မှုသည် ပညာရေးဝန်ကြီးဌာနအတွက် ပညာရည်စစ်ဆေးအကဲဖြတ်မှု၊ ဆရာအတတ်ပညာနှင့် ကျောင်းစီမံခန့်ခွဲမှုအပါအဝင် ပညာရေးစနစ်တစ်ခုလုံး အရည်အသွေး ပိုမိုမြင့်မားလာအောင် ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေပြီး Sustainable Development Goal-4 ၏အရှိန်အဟုန်ကို မြှင့်တင်ရန် အညွှန်းကိန်းများ ပြည့်မီရန်လည်း ပံ့ပိုးပေးပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် နှစ်ပေါင်းများစွာ ကျင့်သုံးနေသည့် အလွတ်ကျက်မှတ်မှု လျှော့ချရေး ဆောင်ရွက်ရာတွင် တစ်နှစ်တစ်တန်းအောင်လျှင်ပြီးရော စနစ်မျိုး မဟုတ်ဘဲ တတိယတန်း ကျောင်းသား ကျောင်းသူအားလုံးကို အခြေခံ အရေး၊ အဖတ်၊ အတွက် တတ်ကျွမ်းအောင် စနစ်တကျသင်ကြားကာ အကဲဖြတ်ဆောင်ရွက်နေပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား လူသားကောင်းများဖြစ်စေရေး၊ အများနှင့်ပူးပေါင်းဆောင်ရွက်တတ်စေရေး၊ တာဝန်ယူ တာဝန်ခံဆောင်ရွက်တတ်စေရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးတို့ကို ပြုစုပျိုးထောင် သင်ကြားပေးရာတွင် ပညာရေးမိသားစုစိတ်ဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ UNICEF မှ Education Section Chief, Ms. Mitsue Uemura က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က SEA-PLM လုပ်ငန်းစဉ်နှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ဆောင်ရွက်ပြီးစီးခဲ့သော Field Trialနှင့် ပတ်သက်သည့်လုပ်ငန်းများကို အကျဉ်းချုပ်တင်ပြသည်။

ယင်းနောက် UNICEF မှ Education Specialist ဦးအေးမြင့်သန်းဌေးက ဆက်လက်ဆောင်ရွက်မည့် Main Survey Plan နှင့် ပတ်သက်သော ဒေသဆိုင်ရာ အခြေအနေများကိုလည်းကောင်း၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးသီတာစိုးက SEA-PLM- Main Survey ဇန်နဝါရီ ၂၀၁၉ နှင့်ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကိုဆွေးနွေးမေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တာဝန်ရှိသူများ၊ ပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပညာရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**






# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ၊ ကြီးကြပ်သူ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂**

မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာ ဆရာမများသည် ယနေ့တွင် လေ့လာရေးခရီးစဉ်အဖြစ် နေပြည်တော်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဌာနမှတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ခရီးစဉ်ဒေသများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပိုမိုပူးပေါင်းဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ ရှေ့ဆက်ပြီး အစိုးရကဏ္ဍအနေဖြင့်လည်း ပိုမိုပြည့်စုံသော အစီအစဉ်များဖြင့် ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်းနှင့် မန္တလေး ဟိုတယ်နှင့်သက်မွေးပညာသင်တန်းကျောင်း၏ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း ပိုမိုပြည့်စုံသော ဝန်ဆောင်မှုများပေးနိုင်ပြီး မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို ပံ့ပိုးကူညီရင်း အောင်မြင်သော အနာဂတ်များ ရရှိနိုင်ကြပါစေကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးဟိုတယ်နှင့်သက်မွေးပညာသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် Hilton Hotel School များသို့ သွားရောက်လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် ၂၀၁၈ အတွက် အဆိုပြုလွှာများ အချိန်မီတင်သွင်းကြရန် နှိုးဆော်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ် (၂၀၁၈) အတွက် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအနက်မှ အောက်ပါအတိုင်း အကျုံးဝင်သူများသည် အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်းရုံး(ရန်ကုန်)တွင် အခမဲ့ထုတ်ယူ၍ တင်သွင်းခွင့်ရှိကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်သည်-

(က) မြန်မာတစ်နိုင်ငံလုံးတွင် အမှတ်အများဆုံးရရှိသူများ(သိပ္ပံဘာသာတွဲ)အတွက် စုစုပေါင်းအမှတ် ၅၄၅(၅၄၅)မှတ်နှင့် အထက် ရရှိသူများ၊

(ခ) ဝိပ္ပံ/ဝိဇ္ဇာဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ (၁၀)ဦး (စုစုပေါင်း အမှတ် ၅၀၀ နှင့် အထက်)

(ဂ) ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် (နေပြည်တော်နယ်မြေအပါအဝင်) အမှတ်အများဆုံးရရှိသူ (၅)ဦးစီ

အဆိုပြုလွှာ တင်သွင်းခွင့်ရှိသူများထံသို့ တစ်ဦးချင်းဆက်သွယ်အသိပေးမှုမရှိကြောင်းနှင့် တင်သွင်းခွင့်ရရှိသူများသည် အဆိုပြုလွှာများကို အချိန်မီထုတ်ယူပြီး ၂၇-၇-၂၀၁၈ ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားကြရန် နှိုးဆော်ထားသည်။

အဆိုပြုလွှာတင်သွင်းလာသူများအနက်မှ လူတွေ့စစ်ဆေးမှုရရှိမည့်သူများထံသို့ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမှုများကို ဩဂုတ်လ(ပထမပတ်)တွင် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အသင်းအတွင်းရေးမှူး (၀၉-၂၆၂၇၇၂၇၀၅)နှင့် ရုံးအဖွဲ့မှူး (၀၉-၄၂၁၀၆၂၃၃၁) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် (၄၇) ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက်မှ ၂၉ ရက်အထိ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ကျင်းပသည့် (၄၇) ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေး၌ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ လက်ရှိစီးပွားရေးတိုးတက်မှုနှင့် အလားအလာများ၊ ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အေစီယူ၏ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အေစီယူစနစ်အတွင်း ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များ ပိုမိုတိုးတက်လာစေရေး၊ Cybersecurity အရေးကြီးမှုနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် အေစီယူပိုမိုကျယ်ပြန့်ပြီး အားကောင်းခိုင်မာလာစေရန် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇွန် ၃၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



❖ **ပြည်ထောင်စုရွေးကောက်ပွဲမှ**

ဆွေးနွေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် ၂၀၁၅ ခုနှစ်အထွေထွေ ရွေးကောက်ပွဲအတွက် (၂၀၁၃-၂၀၁၈)မဟာဗျူဟာစီမံကိန်းကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယခု (၂၀၁၉ - ၂၀၂၂) မဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားရှိကြောင်း၊ ၎င်းစီမံကိန်းတွင် အခန်း(၁၁) ခန်းပါဝင်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများနှင့် ယနေ့ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်အလိုက် အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် အခက်အခဲများအပေါ် သုံးသပ်၍ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်တရားမျှတမှုတို့အပေါ် အခြေခံ၍ ရေးဆွဲထားပါကြောင်း၊ အဆိုပါစီမံကိန်းတွင် ကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ပါဝင်သက်ဆိုင်သူအားလုံးတို့၏ ဆောင်ရွက်ရန်တို့ကို အခန်းကဏ္ဍအလိုက် ထည့်သွင်းရေးဆွဲထားကြောင်း၊ ထို့အပြင် လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မိမိကျရာအခန်းကဏ္ဍမှ ပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ လူမှုအဖွဲ့အစည်းများသည် မဲစာရင်းပြုစုခြင်း၊ ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့်ဆက်ဆံခြင်း၊ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း စသည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များအပေါ် လေ့လာသုံးသပ်ဆွေးနွေးအကြံပြုပေးစေလိုပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ အောင်မြင်ခဲ့ခြင်းမှာ လူမှုအဖွဲ့အစည်းများ၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရှင်သန်မှု၊ နိုင်ငံတော်၏ ရေရှည်အကျိုးကို ကြည့်ရှု၍ လူမှုအဖွဲ့အစည်းများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် IFES မှ Country Director Mr. Paul Guerin OBE က သုံးသပ်ဆွေးနွေးပွဲအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မဟာဗျူဟာစီမံကိန်းပါ အခန်းအလိုက် တက်ရောက်လာသော လူမှုအဖွဲ့အစည်းများက အဖွဲ့ခြောက်ဖွဲ့ခွဲ၍ ဆွေးနွေးအကြံပြုတင်ပြကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် သုံးသပ်ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ စီမံချက်ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ တတိယအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ စီမံချက်ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းရေးကော်မတီ (Inter- Agency Coordinating Committee-ICC) ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ ကာကွယ်ဆေးထိုးလုပ်ငန်းတွင် Gavi အဖွဲ့၏ နည်းပညာအကူအညီနှင့် ဘဏ္ဍာငွေအထောက်အပံ့များကြောင့် ကလေးသူငယ်များတွင် ဖြစ်တတ်သောရောဂါများနှင့် သေဆုံးမှုပေါင်းများစွာ လျော့နည်းကျဆင်းခဲ့ရသည့်အတွက် မြန်မာပြည်သူလူထုကိုယ်စား ကျေးဇူးတင်ရှိကြောင်း၊ ICC သည် ကာကွယ်ဆေးထိုးလုပ်ငန်းကို စီမံချက်ဆောင်ရွက်မှု၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာငွေသုံးစွဲမှုတို့တွင် ဦးဆောင် လမ်းညွှန်မှုပေးလျက်ရှိသည်ကို သိရပါကြောင်း။

Gavi က မြန်မာနိုင်ငံအတွက် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၃ သန်းတန်ဖိုးရှိ ကာကွယ်ဆေးများ၊ ပုံမှန်ကာကွယ်ဆေးထိုးနှင့် အပိုဆောင်း ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၃၉ သန်း ဘဏ္ဍာငွေ အထောက်အပံ့ပေးအပ်ခဲ့ပြီး စုစုပေါင်း ကာကွယ်ဆေးဝယ်ယူရန် နှစ်စဉ်ကုန်ကျစရိတ်၏ ၇၆ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွက် Gavi အထောက်အပံ့ အမေရိကန်ဒေါ်လာသန်း ၁၁၀ ခန့် ဆက်လက်ပေးအပ်မည်ဖြစ်ပါကြောင်း၊ ယခု ၂၀၁၈ ခုနှစ်သည် ဝန်ကြီးဌာနအတွက် ဘဏ္ဍာငွေများကို ကျိုးကြောင်းလျော်ညီစွာ ခွဲဝေချထားကာ အလေအလွင့်မရှိအောင် သုံးစွဲပြီးစနစ်တကျ စောင့်ကြပ်ကြည့်ရှုနှစ်အဖြစ် သတ်မှတ်ထားသည့်အတွက် Gavi မှ လှူဒါန်းသည့် ငွေကြေးများကို ကောင်းမွန်အကျိုးရှိအောင် စနစ်ကျစွာ စီမံခန့်ခွဲအသုံးပြုမည် ဖြစ်ပါကြောင်း။

ယခု Joint Approval သွားရောက် ကွင်းဆင်းခဲ့ကြသည့် ပညာရှင်များသည် နိုင်ငံတကာအတွေ့အကြုံများစွာရှိသူများဖြစ်ပြီး စနစ်တကျဆန်းစစ်အကဲဖြတ်ထားသည့်အတွက် တွေ့ရှိချက်နှင့် အကြံပြုချက်များသည် ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် များစွာအထောက်အကူပြုအကျိုးရှိစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Gavi အဖွဲ့မှ Senior Country Manager Mr. Dirk Gehl နှင့် ဒုတိယ ညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေး) ဒေါက်တာဒေါ်ထားထားလင်းတို့က Gavi အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသော ကာကွယ်ဆေးထိုးလုပ်ငန်း အခြေအနေ၊ ကာကွယ်ဆေးထိုးလွှမ်းခြုံနိုင်မှု မရှိသောဒေသများတွင် အထူးနည်းဗျူဟာများ သုံးစွဲဆောင်ရွက်မည့်အစီအစဉ်များ၊ ကာကွယ်ဆေးထိုးလုပ်ငန်းကိုအခြေပြု၍ ကျန်းမာရေးစနစ်မြှင့်တင်ခြင်းစီမံချက် (၂၀၁၈ ခုနှစ်-၂၀၂၀ ခုနှစ်) (Health System Strengthening-II) တွင် ဦးစားပေးဆောင်ရွက်မည့် အစီအစဉ်များ၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပူးတွဲဆန်းစစ်လေ့လာခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်နှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက်တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းကြသည်။

အဆိုပါအစည်းအဝေးသို့ Inter-Agency Coordination Committee -ICC ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ICC အဖွဲ့ဝင်များ၊ Gavi၊ UNICEF၊ WHO၊ PATH၊ 3MDG၊ World Bank တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကိုအားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနှင့် စီးပွားရေးလုပ်ငန်းရှင်များ လစဉ်တွေ့ဆုံဆွေးနွေးပွဲမှ တင်ပြဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ဖြေရှင်းပေးသည့်အချက်များအနက် အပြည့်အဝမပြီးပြတ်သေးသည့် တင်ပြချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တင်ပြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံ၍ (Public Private Dialogue) ပြုလုပ်၍ ဆက်လက်ဖြေရှင်းညှိနှိုင်းဆွေးနွေးသည့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ လစဉ်တွေ့ဆုံပွဲမှတင်ပြချက် အချက် ၂၅၀ တွင် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်သည့်တင်ပြချက် ၁၇၁ ချက်ဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများကို အဓိကထားလုပ်ဆောင်ရမှာ ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လာရာမှာ ပြဿနာကို အဖြေရှာသည့် Problem Solving Approach လုပ်ဆောင်ရာတွင် Strategic Plan ထားရှိ၍ ဆောင်ရွက်သွားရန် လိုပါကြောင်း၊ ဌာနဆိုင်ရာအလိုက် Standard Operating Procedures (SOP) များကို အများမြင်သာထင်သာရှိရန်၊ လွယ်ကူရှင်းလင်းအောင်လုပ်ရန် လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးပါက နိုင်ငံ၏ စီးပွားရေးတိုးတက်လာမှာ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များက ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများနှင့် ပတ်သက်၍ လုပ်ငန်းအလိုက် တင်ပြချက်များအပေါ် သက်ဆိုင်သည့် ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ပြန်လည်ရှင်းလင်းပြီး တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## နည်းပညာဝန်ဆောင်မှု အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းခြင်း

၁။ မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူဗဟိုပြုသော ငွေကြေးဝန်ဆောင်မှုများကို ခေတ်မီနည်းပညာများအသုံးပြုကာ အစဉ်အလေးထားဆောင်ရွက်ပေးလျက်ရှိရာ Myanmar Mobile Money (MMM) နှင့် အကျိုးတူပူးပေါင်း၍ Point of Sale ( POS ) စက်များဖြင့် ငွေလက်ခံပေးခြင်း၊ ငွေထုတ်ပေးခြင်း၊ တယ်လီဖုန်းဘေလ်ဖြည့်တင်းပေးခြင်း၊ Bank to Business Transfer (B2B)၊ အငြိမ်းစား လစာထုတ်ပေးခြင်းစသည့် လုပ်ငန်းစဉ်များကို ခရိုင်၊ မြို့နယ်ဘဏ်ခွဲပေါင်း ၂၈၁ ဘဏ်တွင် Cash Point အဖြစ် MPT, MecTel, Mytel အသုံးပြုသူ Customer များကို မိုဘိုင်းဝန်ဆောင်မှုပေးလျက်ရှိပါသည်။

၂။ ထို့အတူ မည်သည့် Sim Card ကိုင်ဆောင်သူကိုမဆို မိုဘိုင်းဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်ပြီး Wave Money, OK$ တို့နှင့်လည်း အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ နည်းပညာသည် တစ်နေ့ထက်တစ်နေ့ ပိုမိုသာလွန်ကောင်းမွန်နေသောကြောင့် မြန်မာ့စီးပွားရေးဘဏ်သည် စိတ်ချလုံခြုံပြီး စနစ်ကျသည့် မည်သည့်နည်းပညာကိုမဆို အကျိုးတူပူးပေါင်းဆောင်ရွက်လိုသောကြောင့် နည်းပညာကုမ္ပဏီများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်သို့ အဆိုပြုကမ်းလှမ်း ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

## လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကိစ္စနှင့်ပတ်သက်၍ ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်

၁။ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်၊ သဘောထားမှတ်ချက်များအပေါ် အခြေခံကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန်၊

၂။ စွန့်လွှတ်မြေများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်နှင့် မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းမြေများအပေါ် ကော်မတီအဆင့်ဆင့်က ထိထိရောက်ရောက် အမြန်ဆုံး စိစစ်ပေးကြရန်၊

၃။ ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်သည်ထက် အချိန်ဆွဲဖြေရှင်းခြင်းမပြုကြဘဲ အမြန်ဆုံး ပြီးစီးအောင် အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန်၊

၄။ သိမ်းဆည်းခံမြေများအား သက်ဆိုင်ရာကော်မတီအသီးသီးက ပြန်လည်စိစစ်ရာတွင် အဆင်ပြေချောမွေ့မှုမရှိစေရန် အဟန့်အတားဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပေးရန် အနှောင့်အယှက်ဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်းပေးရန် အခက်အခဲလုပ်နေသည့်၊ အသုံးချပိုင်ခွင့်အမည်ပေါက် ရရှိစေရန် အကျပ်အတည်းဖြစ်စေသည့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူကြရန်၊

၅။ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များ ဝင်ရောက်နေမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊

# အဂတိလိုက်စားမှုတားဆီးကာကွယ်ဖို့ အတူလက်တွဲကြိုးပမ်းစို့

■ မြတ်မြတ်စိုး

၂၀၀၃ ခုနှစ်မှာ ကမ္ဘာ့နိုင်ငံအများ သဘောတူအတည်ပြုခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention against Corruption) က ၂၀၁၈ ခုနှစ်မှာ ၁၅ နှစ်သက်တမ်းအတွင်း ရောက်လာပြီဖြစ်ပါတယ်။ ကွန်ဗင်းရှင်း ၁၅ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ၂၃-၅-၂၀၁၈ ရက်နေ့က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့မှာ ကျင်းပခဲ့ကြပါတယ်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း**

လွန်ခဲ့တဲ့ ၁၅ နှစ် မတိုင်ခင်က ယခုလိုမျိုး အဂတိလိုက်စားမှုအပေါ် တစ်ကမ္ဘာလုံးလွှမ်းခြုံနိုင်တဲ့ စာချုပ်စာတမ်းမျိုး မရှိခဲ့ပါဘူး။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများကို အဂတိလိုက်စားမှုတိုက်ဖျက်ဖို့နဲ့ တားဆီးကာကွယ်ဖို့ ကိစ္စများမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ ပြဋ္ဌာန်းချက်များ ချမှတ်ပေးထားခြင်း ဖြစ်ပါတယ်။ အဂတိလိုက်စားမှုက အခြားသောပုံစံမျိုးစုံနဲ့ ပြစ်မှုများကိုပါ ဖြစ်ပေါ်အားပေးစေနိုင်တဲ့အတွက် ယခုကွန်ဗင်းရှင်းသည် နိုင်ငံဖြတ်ကျော် အုပ်စုလိုက်ပြစ်မှုများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပြင် အခြားသော မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းနဲ့ အကြမ်းဖက်မှု ဆန့်ကျင်ရေးဆိုင်ရာ စာချုပ်စာတမ်းများကိုပါ ဖြည့်ဆည်းပေးတဲ့ စာချုပ်စာတမ်းတစ်ခုလို့ ဆိုနိုင်ပါတယ်။

**အသိပညာပေးနည်းလမ်းများ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် Law Enforcement လို့ခေါ်တဲ့ အရေးယူအပြစ်ပေးနိုင်တဲ့ ဥပဒေများ ရှိရမှာဖြစ်သလို အခြားတစ်ဖက်မှာ ဖြစ်မှ အရေးယူအပြစ်ပေးခြင်းထက် မဖြစ်အောင် ဘယ်လိုတားဆီးကာကွယ်မလဲ ဆိုတာကလည်း အရေးပါလှပါတယ်။ "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်" လို့ ဆေးပညာမှာရှိသလို အဂတိလိုက်စားမှုမှာလည်း ကြိုတင်တားဆီးကာကွယ်ခြင်းက အဂတိလိုက်စားမှု ကျူးလွန်လို့ အပြစ်ပေးရခြင်းထက် ကောင်းတယ်ဆိုတာ မလွဲမသွေဖြစ်ပါတယ်။ အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရာမှာ နိုင်ငံအများအပြား ကျင့်သုံးနေကြတဲ့ ကိရိယာတန်ဆာပလာများအနက် အရိုးရှင်းဆုံး သမားရိုးကျ နည်းလမ်းကတော့ အသိပညာပေးခြင်း နည်းလမ်းဖြစ်ပါတယ်။

အသိပညာပေးခြင်းမှာလည်း နည်းလမ်းအသွယ်သွယ်ရှိပါတယ်။ ကိုယ်ကျင့်သိက္ခာရှိဖို့၊ မြင့်မားဖို့၊ အကျင့်စာရိတ္တနဲ့ဆိုင်တဲ့ ပညာပေးသင်ခန်းစာများကို ကျောင်းနေအရွယ် ကလေးများကစပြီး သင်ကြားပေးဖို့၊ မူလတန်းအရွယ်မှ တစ်ဆင့်ပြီးတစ်ဆင့် အထက်တန်းနှင့် တက္ကသိုလ်အဆင့်အထိ သင်ရိုးမြှင့်ပြီး သင်ကြားပေးဖို့နည်းလမ်း၊ နိုင်ငံ့ဝန်ထမ်းများကိုလည်း ကိုယ်ကျင့်သိက္ခာစောင့်ထိန်းဖို့၊ လာဘ်ပေးလာဘ်ယူနဲ့ အဂတိလိုက်စားမှုများ ကင်းရှင်းဖို့ အသိပညာပေးဟောပြောပွဲများ လုပ်ပေးတဲ့နည်းလမ်း၊ ပုဂ္ဂလိက စီးပွားရေး အဖွဲ့အစည်းများကိုလည်း ကျင့်ဝတ်စောင့်ထိန်းဖို့ အသိပညာပေးတဲ့ နည်းလမ်းများရှိပါတယ်။

အများပြည်သူက အဂတိလိုက်စားမှုကို လက်ခံခြင်း၊ သည်းခံခြင်းလုံးဝမလုပ်ဖို့လည်း သတင်းမီဒီယာများကတစ်ဆင့် အသိပညာပေးဖို့ လိုအပ်ပါတယ်။ ပညာရပ်ဆိုင်ရာမှာ ပိုပြီးနက်နဲတဲ့ တားဆီးကာကွယ်ရေးနည်းလမ်းက နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ ပုဂ္ဂိုလ်များ အနေနဲ့ မိမိရဲ့ပိုင်ဆိုင်မှုကို တရားဝင်ကြေညာခြင်း ဖြစ်ပါတယ်။ ပိုင်ဆိုင်မှုကြေညာခြင်းက ပွင့်လင်းမြင်သာခြင်းဖြစ်ပြီး အဂတိလိုက်စားမှုကို ဖော်ထုတ်နိုင်တဲ့ နည်းလမ်းပဲဖြစ်ပါတယ်။ ပိုင်ဆိုင်မှုက ကြေညာရုံနဲ့ မပြီးဘဲ အမြဲမပြတ် ကြီးကြပ်စစ်ဆေးနိုင်ဖို့လည်း လိုအပ်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းမှုက အရေးပါပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေမှာ ပြဋ္ဌာန်းထားပြီးဖြစ်လို့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ အဆင့်ရောက်ပြီဖြစ်ကြောင်း အလျဉ်းသင့်၍ ဖော်ပြလိုက်ပါတယ်။

သမားရိုးကျ တားဆီးကာကွယ်တဲ့ နည်းလမ်းများမဟုတ်ဘဲ အဂတိလိုက်စားမှုကို တားဆီးကာကွယ်ဖို့ ကိုရီးယားသမ္မတနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပြည်သူ့အခွင့်အရေးကော်မရှင်က ကျင့်သုံးလျက်ရှိတဲ့ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်သုံးသပ်ခြင်း (စီအာရ်အေ) နည်းလမ်းကို မျှဝေလိုပါတယ်။

စီအာရ်အေကို တင်ပြခြင်းမပြုမီမှာ အေစီအာရ်စီနဲ့ အကျဉ်းမျှမိတ်ဆက်ပေးလိုပါတယ်။ ကိုရီးယားသမ္မတနိုင်ငံမှာ အေစီအာရ်စီကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ဖွဲ့စည်းခဲ့ပြီး ၎င်းရဲ့ လုပ်ငန်းတာဝန်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ တိုင်ကြားမှုများကိုင်တွယ်ဖြေရှင်းရေး၊ အုပ်ချုပ်မှု အယူခံမှုများ လက်ခံဆောင်ရွက်ရေးနဲ့ ဖွဲ့စည်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်လျက်ရှိပါတယ်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ကြိုတင်တားဆီးကာကွယ်မှုနည်းလမ်းများအနေနဲ့ သင်တန်းပေးခြင်း၊ ဖြောင့်မတ်တည်ကြည်မှု ဆန်းစစ်ခြင်း၊ ပြည်သူ့ဝန်ထမ်း ကျင့်ဝတ်ချမှတ်ခြင်းနဲ့ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်သုံးသပ်ခြင်းတို့ကို ဆောင်ရွက်ပြီး တုံ့ပြန်ဆောင်ရွက်မှု နည်းလမ်းများမှာ အဂတိလိုက်စားမှု သတင်းပေးပို့မှုများကို ကိုင်တွယ်ခြင်း၊ ကျင့်ဝတ်ချိုးဖောက်မှုများကို ထောက်လှမ်းခြင်းနဲ့ သတင်းပေးပို့သူများကို အကာအကွယ်ပေးခြင်း၊ ဆုငွေပေးခြင်းတို့ ပါဝင်ပါတယ်။

**စံနှုန်းများသတ်မှတ်ထား**

အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး နည်းလမ်းများထဲက အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်သုံးသပ်ခြင်း (စီအာရ်အေ) နည်းလမ်းနဲ့ ကိုရီးယားသမ္မတနိုင်ငံ အေစီအာရ်စီက အဂတိလိုက်စားမှု ကြိုတင်တားဆီးကာကွယ်ဖို့ လုပ်ကိုင်ဆောင်ရွက်မှုများကို အသိပေးပြောပြလိုပါတယ်။ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်သုံးသပ်ခြင်းကို နယ်ပယ်လေးရပ်ဖြစ်တဲ့ လိုက်နာမှု၊ အကောင်အထည်ဖော်မှု၊ အုပ်ချုပ်မှုလုပ်ထုံးလုပ်နည်းနဲ့ အဂတိလိုက်စားမှုထိန်းချုပ်ခြင်းတို့မှာ ဆန်းစစ်သုံးသပ်မှု စံနှုန်းများ သတ်မှတ်ထားပါတယ်။ ၎င်းတို့ ကျင့်သုံးတဲ့ ဆန်းစစ်သုံးသပ်မှု စံနှုန်း ၁၁ ခုအနက် လိုက်နာမှုအောက်တွင်စံနှုန်း သုံးခု၊ အကောင်အထည်ဖော်မှု အောက်တွင်စံနှုန်းသုံးခု၊ အုပ်ချုပ်မှု လုပ်ထုံးလုပ်နည်း အောက်တွင် စံနှုန်းသုံးခုနဲ့ အဂတိလိုက်စားမှုထိန်းချုပ်ခြင်းအောက်တွင် စံနှုန်းနှစ်ခုတို့ သတ်မှတ်ထားပါတယ်။ လိုက်နာမှုနယ်ပယ်မှာ ပထမစံနှုန်းဖြစ်တဲ့ လိုက်နာဆောင်ရွက်ခြင်းအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်းက ကျိုးကြောင်းလျော်ကန်မှု ရှိ၊ မရှိ စံနှုန်းနဲ့ ဆန်းစစ်ရာမှာ ဥပဒေအရ လိုအပ်သည့်တာဝန်များကို လိုက်နာရတဲ့အတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ စီးပွားရေးလုပ်ငန်းများတွင် ကုန်ကျစရိတ်ကျခံမှုက အခြားစပ်ဆိုင်သည့် ဥပဒေများနှင့်နှိုင်းယှဉ်ပြီး ကျိုးကြောင်းလျော်ကန်မှု ရှိ၊ မရှိ သုံးသပ်ခြင်းဖြစ်ပါတယ်။

ကုန်ကျစရိတ်က လိုအပ်တာထက်များနေရင် အဲဒီဝန်ထုပ်ဝန်ပိုးကို သက်သာအောင် ဖြစ်စေ၊ ရှောင်နိုင်အောင်ဖြစ်စေ လာဘ်ပေးပြီး ကြိုးပမ်းနိုင်တဲ့အတွက် ဆန်းစစ်ရမှာက မိမိတို့ စီမံခန့်ခွဲရေး ရည်မှန်းချက်ပြည့်မီဖို့ ဝန်ထုပ်ဝန်ပိုး တကယ်တမ်းလိုအပ်မှု ရှိ၊ မရှိ၊ ဝန်ထုပ်ဝန်ပိုးရဲ့ အတိုင်းအတာက စီမံခန့်ခွဲရေး ရည်မှန်းချက်ပြည့်မီဖို့ အနိမ့်ဆုံးလိုအပ်မှု ဖြစ်၊ မဖြစ်၊ဝန်ထုပ်ဝန်ပိုးကို လျှော့ချဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်တို့ဖြစ်ပါတယ်။

**လာဘ်ပေးပြီးရှောင်နိုင်**

ဒုတိယဖြစ်တဲ့ စည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းများက လုံလောက်မှုရှိခြင်း စံနှုန်းနဲ့ဆန်းစစ်ရာမှာ ဥပဒေချိုးဖောက်မှုအတွက် အရေးယူတဲ့ စည်းမျဉ်းစည်းကမ်းများရဲ့ အတိုင်းအတာက လိုအပ်သည်ထက် ပိုနေခြင်း သို့မဟုတ် လျော့နေခြင်းကို ဆန်းစစ်ဖို့ဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်းများက တင်းကျပ်လွန်းလျှင် လာဘ်ပေးပြီး ရှောင်နိုင်ကြမှာဖြစ်သလို အားပျော့လွန်းလျှင်လည်း ဥပဒေလိုက်နာမှု လျော့နည်းသွားနိုင်ပါတယ်။

လိုက်နာမှု နယ်ပယ်အောက်မှာ တတိယစံနှုန်းက သီးခြားလူတစ်စုအတွက် အကျိုးခံစားခွင့်များ၊ မျက်နှာသာပေး ဆက်ဆံမှုများ ဖြစ်ထွန်းနိုင်ခြေရှိမှု ဖြစ်ပါတယ်။ ဥပဒေများက မျက်နှာသာပေးဆက်ဆံမှု ဖြစ်စေနိုင်ပါက လာဘ်ပေးခြင်း၊ တရားမဝင်ဆွဲဆောင် စည်းရုံးခြင်းများ ဖြစ်နိုင်ခြေရှိပါတယ်။ အထူးအခွင့်အရေးပေးခြင်းမျိုးလည်း အကျုံးဝင်နိုင်ပါတယ်။

နောက်နယ်ပယ်တစ်ခုက အကောင်အထည်ဖော်မှု ဖြစ်ပါတယ်။ ကိုယ်ပိုင်ဆုံးဖြတ်ချက် ကျင့်သုံးနိုင်သည့် စည်းမျဉ်းစည်းကမ်းများ၏ ခိုင်မာမှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုစံနှုန်းနဲ့ ဆန်းစစ်ရာမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက် ကျင့်သုံးနိုင်တဲ့ ပုဂ္ဂိုလ်များအား အခွင့်အာဏာကို ဥပဒေနှင့်အညီ သတ်မှတ်ပြီး ခိုင်မာမှုနဲ့ ဓမ္မဓိဋ္ဌာန်ကျမှုရှိတဲ့ ပြဋ္ဌာန်းချက်များ ဖြစ်၊ မဖြစ်အပြင် ကိုယ်ပိုင်ဆုံးဖြတ်ချက် ကျင့်သုံးခွင့် အာဏာကို အလွန်အကျူး သုံးစွဲခြင်းအပေါ် တားဆီးကာကွယ်တဲ့ ထိန်းချုပ်ရေးယန္တရား ရှိ၊ မရှိ ဆန်းစစ်ဖို့ဖြစ်ပါတယ်။ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အာဏာပေးရခြင်းက ရှောင်လွှဲမရနိုင်ပေမယ့် အဆိုပါ လုပ်ပိုင်ခွင့်အာဏာက တိကျခိုင်မာမှုနဲ့ ဓမ္မဓိဋ္ဌာန်မကျရင်တော့ အာဏာပိုင်အနေနဲ့ အလွဲသုံးမှု ဖြစ်ပေါ်စေနိုင်ပါတယ်။

**ယုံကြည်မှုနဲ့ တာဝန်ပေးအပ်မှု**

ယခုနယ်ပယ်ရဲ့ ဒုတိယစံနှုန်းက ယုံကြည်မှုနှင့် တာဝန်ပေးအပ်မှု၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဖြစ်ပါတယ်။ ဥပဒေပြဋ္ဌာန်းချက်များက ယုံကြည်မှု၊ တာဝန်ပေးအပ်မှုတို့နဲ့ ပတ်သက်ပြီး ရှင်းလင်းမှုမရှိလျှင် တရားမဝင် ဆွဲဆောင်စည်းရုံးမှု၊ အငြင်းပွားဖွယ် ကိုင်တွယ်မှုများကို ဖြစ်စေနိုင်တဲ့အတွက် ယုံကြည်မှုနဲ့ တာဝန်ပေးအပ်မှုတို့ကို ခိုင်ခိုင်မာမာနဲ့ ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားဖို့ လိုအပ်ပြီး သင့်လျော်တဲ့ စီမံခန့်ခွဲမှုနဲ့ စောင့်ကြည့်ကြပ်မတ်မှုရှိဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

တတိယစံနှုန်းက ဘတ်ဂျက်လေလွင့်မှု ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်းဖြစ်ပါတယ်။ ငွေကြေးပံ့ပိုးမှုများက မတူညီတဲ့ ဥပဒေများကပေးတဲ့ အခြားအကူအညီများနဲ့ ထပ်သွားနိုင်တဲ့အတွက် မရှင်းလင်းတဲ့ ထောက်ပံ့မှုစံများကြောင့် ဘတ်ဂျက်လေလွင့်မှု၊ ယိုဖိတ်မှုရှိနိုင်တော့ ယင်းကို တားဆီးကာကွယ်ဖို့ စောင့်ကြည့်ကြပ်မတ်မှု ယန္တရားရှိ၊ မရှိ ဆန်းစစ်ဖို့ ဖြစ်ပါတယ်။ ငွေကြေးအထောက်အပံ့ အစီအစဉ်များ၏ အရွယ်အစားနဲ့ အတိုင်းအတာက နှစ်စဉ်တိုးတက်နေတဲ့အပြင် အခွန်လျှော့ခြင်းကဲ့သို့ ကူညီမှုများကလည်း အမျိုးအစား ကွဲပြားခြားနားကြတဲ့အတွက် ငွေကြေးအထောက်အပံ့က နှစ်ခါထပ်နေတာမျိုးဖြစ်စေ၊ သေချာမှုမရှိတဲ့ စံများကြောင့်ဖြစ်စေ ဘတ်ဂျက်လေလွင့်ဆုံးရှုံးနိုင်ပါတယ်။ ဒါကိုလည်း ဆန်းစစ်မှုစံနှုန်းအဖြစ် သတ်မှတ်ထားတာတွေ့ရပါတယ်။

**လူထုပါဝင်ဆောင်ရွက်မှု**

တတိယခေါင်းစဉ်က စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများဖြစ်ပြီး စံနှုန်းသုံးခုပါဝင်ပါတယ်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများကို အလွယ်တကူ လက်လှမ်းမီနိုင်မှု ရှိ၊ မရှိ အပေါ် သက်ဆိုင်သူများအားပေါ်လစီချမှတ်မှုမှာ မိမိတို့ရဲ့ ထင်မြင်ယူဆချက်ကို ထုတ်ဖော်တင်ပြခွင့်လုံလောက်တဲ့ အခွင့်အလမ်းများ ပေးထားခြင်းရှိ၊ မရှိ၊ သက်ဆိုင်သူအားလုံးပါဝင်တဲ့ လုပ်ငန်းစဉ်မျိုး ဟုတ်၊ မဟုတ် ဆန်းစစ်ရန် ဖြစ်ပါတယ်။ လူထုပါဝင်ဆောင်ရွက်မှုရှိခြင်းက စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်မှာ ပွင့်လင်းမြင်သာခြင်းကို ဖော်ဆောင်ပါတယ်။ ထိုသို့ လူထုပါဝင်ဆောင်ရွက်မှု အခွင့်အလမ်းများပေးမထားရင် အုပ်ချုပ်ရေးအဖွဲ့အစည်းအနေနဲ့ မိမိမှန်ကန်ကြောင်း အကြောင်းပြချက်ရှိဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒုတိယစံနှုန်းကတော့ ဖုံးကွယ်ထားမှုမရှိဘဲ ထုတ်ဖော်ချပြခြင်းဖြစ်ပါတယ်။ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး အရည်အသွေးရှိတဲ့ သတင်းအချက်အလက်များကို အများပြည်သူနဲ့ ပါဝင်သက်ဆိုင်သူများအား ဖုံးကွယ်မထားဘဲ ထုတ်ဖော်ချပြခြင်း ရှိ၊ မရှိ ဆန်းစစ်ခြင်းဖြစ်ပြီး အထက်က စံနှုန်းနဲ့ အနည်းငယ်သာ ကွာခြားတာတွေ့ရမှာပါ။ အုပ်ချုပ်ရေးအဖွဲ့အစည်းများရဲ့ စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းများကို ပါဝင်သက်ဆိုင်သူများက အလွယ်တကူ လက်လှမ်းမီနိုင်မှုက သတင်းအချက်အလက်များကို ဖုံးကွယ်မထားဘဲ ထုတ်ဖော်ချပြမှုရှိဖို့ ဆိုလိုတာပါ။

**ကြိုတင်ခန့်မှန်းနိုင်မှု**

တတိယစံနှုန်းဖြစ်တဲ့ ကြိုတင်ခန့်မှန်းနိုင်မှုမှာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနဲ့ ရလဒ်များကို ကြိုတင်ခန့်မှန်းနိုင်ပြီး သင့်လျော်သည့် တုံ့ပြန်မှုစနစ်တစ်ခု ကြိုတင်ပြင်ဆင်ထားခြင်း ရှိ၊ မရှိ ဆန်းစစ်ခြင်းဖြစ်ပါတယ်။ ဥပဒေများမှာ ကြိုတင်ခန့်မှန်းနိုင်မှု နည်းပါးခြင်းက ဓမ္မဓိဋ္ဌာန်ကျမှုနဲ့ ပွင့်လင်းမြင်သာမှုတို့ကို လျော့နည်းစေနိုင်တဲ့အတွက် အဂတိလိုက်စားမှု ပေါ်ပေါက်စေနိုင်တော့ ဥပဒေတစ်ရပ်မှာ စာရွက်စာတမ်း လိုအပ်ချက်၊ စိစစ်ဆောင်ရွက်ရန် ကြာမြင့်ချိန်၊ တိုင်ကြားနိုင်သည့် လုပ်ထုံးလုပ်နည်းတို့ကို ဖော်ပြထားဖို့ လိုအပ်သလို နားလည်လွယ်တဲ့ ဘာသာစကား အရေးအသားဖြစ်ဖို့လည်း လိုအပ်ပါတယ်။

အထူးသဖြင့် ပြည်သူ့ဝန်ဆောင်မှုပေးတဲ့ အစိုးရဌာနများနဲ့ သက်ဆိုင်တဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများမှာ ကြိုတင်တွက်ဆနိုင်တဲ့ နည်းလမ်းများရှိဖို့ ဆိုလိုခြင်းပါ။ စတုတ္ထနဲ့ နောက်ဆုံးနယ်ပယ်ဖြစ်တဲ့ အဂတိလိုက်စားမှု ထိန်းချုပ်ခြင်းမှာတော့ အကျိုးစီးပွား ပဋိပက္ခဖြစ်နိုင်မှု စံနှုန်းနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးယန္တရား၏ ခွန်အားရှိမှု စံနှုန်းများ ပါဝင်ပါတယ်။ အကျိုးစီးပွား ပဋိပက္ခမဖြစ်အောင် တားဆီးကာကွယ်မှု လုပ်ထုံးလုပ်နည်း၊ ပြစ်ဒဏ်များရှိ၊ မရှိ ဆန်းစစ်ရာမှာ အများပြည်သူ အကျိုးစီးပွားထက် ပုဂ္ဂိုလ်ရေး အကျိုးစီးပွားကို ရှေ့တန်းတင် ထားခြင်းမျိုးက အဂတိလိုက်စားမှု ဖြစ်စေနိုင်တဲ့ အချက်ဖြစ်ပါတယ်။ အကျိုးစီးပွား ပဋိပက္ခဖြစ်မှု မရှိအောင် ဥပမာအားဖြင့် ပြဿနာတစ်ရပ်က ဆုံးဖြတ်ချက်ချမှတ်နိုင်တဲ့ အဖွဲ့မှာပါဝင်တဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ပုဂ္ဂလိက အကျိုးစီးပွားနဲ့ ဆက်နွှယ်နေရင် ယင်းပုဂ္ဂိုလ်ကို အဖွဲ့မှာ မပါဝင်စေဘဲ ဖယ်ထားရပါမယ်။

စာမျက်နှာ ၇ သို့ ❖

> "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်" လို့ ဆေးပညာမှာရှိသလို အဂတိလိုက်စားမှုမှာလည်း ကြိုတင်တားဆီးကာကွယ်ခြင်းက အဂတိလိုက်စားမှု ကျူးလွန်လို့ အပြစ်ပေးရခြင်းထက် ကောင်းတယ်ဆိုတာ မလွဲမသွေဖြစ်ပါတယ်။ အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရာမှာ နိုင်ငံ အများအပြား ကျင့်သုံးနေကြတဲ့ ကိရိယာတန်ဆာပလာများ အနက် အရိုးရှင်းဆုံး သမားရိုးကျနည်းလမ်းကတော့ အသိပညာပေးခြင်း နည်းလမ်းဖြစ်ပါတယ်

# ဟောင်ကောင်က ပြန်ခဲ့တယ်

မောင်ငိုကာ




### မြန်မာကိုယ်စားလှယ်အဖွဲ့

ဟောင်ကောင်မြို့မှာ ၂၀၁၈ ခုနှစ် ဇွန်လ ၂၇ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့တဲ့ ရပ်ဝန်းနဲ့ လမ်းကြောင်း ညီလာခံ ၂၀၁၈ ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း ဦးဆောင်တဲ့ မြန်မာအစိုးရ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း ဦးဆောင်တဲ့ မြန်မာလုပ်ငန်းရှင် ၅၀ ကျော်လည်း ပါဝင်တက်ရောက်ကြတဲ့အတွက် မြန်မာနိုင်ငံသားတွေရဲ့ တက်ရောက်မှုကတော့ အားရဖွယ်ဖြစ်ပါတယ်။ ညီလာခံကတော့ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရနဲ့ ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီတို့ ပူးပေါင်းကျင်းပတဲ့ တတိယအကြိမ်မြောက် ညီလာခံဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် ဒီနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ တံခါးဖွင့်စီးပွားရေး ကျင့်သုံးတဲ့ နှစ်(၄၀)မြောက်ဖြစ်တဲ့အတွက် ဟောင်ကောင် အစိုးရအနေနဲ့ ညီလာခံနဲ့ပတ်သက်လို့ အတော်ကြိုးစား ဆောင်ရွက်ထားတာတွေ့ရပါတယ်။

ဟောင်ကောင်ဟာ တရုတ်ပြည်မကြီးရဲ့ စီးပွားရေး ဝင်ပေါက်သဖွယ်ဖြစ်နေတဲ့အပြင် ဒေသတွင်းဘဏ္ဍာရေး ဆိုင်ရာ အချက်အချာဒေသလည်းဖြစ်တဲ့အတွက် ရပ်ဝန်းနဲ့ လမ်းကြောင်းအစီအစဉ်မှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နိုင်ဖို့လည်း အဆင်သင့်ပြင်ဆင်ထားတာ တွေ့ခဲ့ရပါတယ်။ ညီလာခံကို နိုင်ငံပေါင်း ၅၅ နိုင်ငံက အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများက ကိုယ်စားလှယ် ၅၅၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ ဒီနှစ်ရဲ့ ဂုဏ်ထူးဆောင် တက်ရောက်သူကတော့ ထိုင်းနိုင်ငံက ဒုတိယဝန်ကြီးချုပ် Mr. Somkid Jatusripitak ဖြစ်ပါ တယ်။ အဓိက ညီလာခံကျင်းပတဲ့ ဇွန်လ ၂၇ ရက်နဲ့ ၂၈ ရက် နှစ်ရက်လုံးမှာ Hong Kong Convention and Exhibition Centre မှာ တက်ရောက်သူများစွာနဲ့ ပြည့်ကျပ်နေတာ တွေ့ရပါတယ်။ တက်ရောက်သူများ အားလုံးအတွက် အစစမလစ်ဟင်းစေဖို့ တာဝန်ယူစီစဉ်ဆောင်ရွက်သူများက စနစ်တကျ ပြင်ဆင်ထားတာကိုလည်း နမူနာယူဖွယ် တွေ့ခဲ့ရပါတယ်။

### ရပ်ဝန်းနဲ့လမ်းကြောင်း ဖိုရမ်၊ ညီလာခံနဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့

ညီလာခံ စတင်ကျင်းပတဲ့ ၂၇ ရက်နေ့ စားပွဲဝိုင်း ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ပါဝင်တက်ရောက်ပြီး ရပ်ဝန်းနဲ့ လမ်းကြောင်း အစီအစဉ်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ အခြေအနေ အရပ်ရပ်ကို အဓိကဆွေးနွေးချက်အနေနဲ့ ပါဝင်ဆွေးနွေး ခဲ့ပါတယ်။ ဇွန်လ ၂၈ ရက်နေ့မှာတော့ ရပ်ဝန်းနဲ့ လမ်းကြောင်း ထိပ်သီးဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပခဲ့ပြီး နေ့လယ်စာစားပွဲ မျက်နှာစုံညီ ဆွေးနွေးမှုအစီအစဉ် မှာတော့ ဥက္ကဋ္ဌ ဦးသောင်းထွန်းက Georgia နိုင်ငံက ကုန်သွယ်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး Mr. Genadi Arveladze၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံက ကုန်သွယ်မှုနှင့် ပို့ကုန်မြှင့်တင်ရေး၊ နိုင်ငံတကာကုန်သွယ်မှုဌာန ဝန်ကြီးဖြစ်တဲ့ Baroness Fairhead၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီး Mr. Lim Sidenine တို့နဲ့အတူ ရပ်ဝန်းနဲ့လမ်းကြောင်းဆိုင်ရာအစီအစဉ်ရဲ့ အရေးပါမှု၊ ဒေသတွင်းဆက်သွယ်မှု၊ မြန်မာနိုင်ငံရဲ့ ပါဝင်မှုတို့ကို ရတဲ့အချိန်အတွင်း ထိထိရောက်ရောက် ဆွေးနွေးခဲ့ပါတယ်။ ဥက္ကဋ္ဌရဲ့ ဆွေးနွေးမှုတွေကို တက်ရောက်လာသူတွေက သောင်းသောင်းဖြဖြ ထောက်ခံကြတာကိုလည်း တွေ့ရပါတယ်။ ဟောင်ကောင်လုပ်ငန်းရှင်ကြီးတစ်ဦးကတော့ ဥက္ကဋ္ဌရဲ့ဆွေးနွေးချက်ဟာ မြန်မာနိုင်ငံအပေါ် တက်ရောက်သူအများစုရဲ့ အာရုံစူးစိုက်မှုရစေခဲ့တယ်လို့ ဆိုပါတယ်။ ယင်းနေ့မှာပဲ ကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ရပ်ဝန်းနဲ့လမ်းကြောင်း အစီအစဉ် အပေါ်မှာ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးပြင်ဆင်နေတဲ့ အခြေအနေတွေနဲ့ မြန်မာနိုင်ငံ အတွင်းမှာ စတင်ဆောင်ရွက်နေတဲ့ ပုဂ္ဂလိကစီမံကိန်း အချို့နဲ့ ၎င်းစင်္ကြံဆက်စပ်မှုကို မျက်နှာစုံညီဆွေးနွေးတဲ့ အစီအစဉ်မှာ ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။

### မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ သီးခြားအစီအစဉ်များ

ညနေဘက်မှာတော့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမှုဆောင်ချုပ် Mrs. Carrie Lam ကို သွားရောက်တွေ့ဆုံခဲ့ပြီး ရပ်ဝန်းနဲ့ လမ်းကြောင်းအစီအစဉ်မှာ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ နယ်ပယ်များနဲ့ မြန်မာနိုင်ငံရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ ဟောင်ကောင်က အကူအညီပေးရေးတွေကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွင်းဝန် Mr. Edward Yau နဲ့လည်း တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ညှိနှိုင်းခဲ့ကြပါတယ်။ ဒါ့အပြင် ဇွန်လ ၂၉ ရက်နေ့မှာ Bank of China, Hong Kong ရုံးချုပ်ကို သွားရောက်ကြပြီး ပူးပေါင်းဆောင်ရွက်နိုင်မယ့် နယ်ပယ်တွေကို ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

### မဟာကမ်းခြေဒေသ အစီအစဉ်နဲ့ မြန်မာနိုင်ငံ

တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ အစီအစဉ်တစ်ခုဖြစ်တဲ့ မဟာကမ်းခြေဒေသအစီအစဉ်ဟာ အနာဂတ်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှာ အရေးပါလာမယ့် အစီအစဉ်တစ်ခုလည်း ဖြစ်ပါတယ်။ ကွမ်တုံပြည်နယ်က အဓိကမြို့ကြီး ကိုးခုနဲ့ ဟောင်ကောင်၊ မကာအို ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသနှစ်ခုတို့ စုပေါင်းပြီး အဓိက စီးပွားရေးရပ်ဝန်းကြီးတစ်ခု ထူထောင်သွားမယ့် အစီအစဉ်တစ်ခုလည်းဖြစ်လို့ နိုင်ငံတကာငွေကြေးအချက်အချာဒေသဖြစ်တဲ့ ဟောင်ကောင်ဟာ အနာဂတ်မှာ ယခုထက်ပိုမိုပြီး အရေးပါတဲ့ဒေသတစ်ခု ဖြစ်လာမှာပါ။ လက်ရှိအနေအထားမှာလည်း ဟောင်ကောင်ဟာ ဒေသတွင်းမှာ အရေးပါရုံသာမက ပြည်ပကို သွားရောက်ရင်းနှီးမြှုပ်နှံမှု အများဆုံးလုပ်တဲ့ ထိပ်သီး ၁၀ နိုင်ငံထဲမှာ ပါဝင်တဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဟောင်ကောင်ဟာ ရင်းနှီးမြှုပ်နှံမှု စတုတ္ထအများဆုံးနိုင်ငံ ဖြစ်နေတဲ့အပြင် ရပ်ဝန်းနဲ့လမ်းကြောင်းအစီအစဉ်ရဲ့ စီမံကိန်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ရင်းနှီးမြှုပ်နှံမယ့် အစီအစဉ်တွေ ရှိနေတဲ့အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ပိုမိုအရေးပါလာမယ့် နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။

ဇွန်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှာ ဟောင်ကောင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီရဲ့ စီစဉ်ပေးမှုအရ အစိုးရ၊ ပုဂ္ဂလိကကိုယ်စားလှယ်များပါဝင်တဲ့ မြန်မာအဖွဲ့ဟာ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအိုက လုပ်ငန်းရှင်များနဲ့ စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ခဲ့ပါတယ်။ ညနေပိုင်းမှာ ရှန်ဂရီလာဟိုတယ်မှာ Greater Bay Area Myanmar General Chamber of Commerce က ဦးဆောင်ကျင်းပတဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး Seminar မှာ မြန်မာအစိုးရ၊ ပုဂ္ဂလိက ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ တရုတ်ပြည်မကြီး၊ ဟောင်ကောင်နဲ့ မကာအိုက စိတ်ဝင်စားစွာ ပါဝင်တက်ရောက်သူတွေ များပြားတာကြောင့် ခန်းမပြည့်လျှံသွားပြီး ထိုင်ခုံမရလို့ မတ်တတ်ရပ်နားထောင်ကြတဲ့သူတွေ အများအပြားရှိခဲ့တာကိုလည်း တွေ့ရပါတယ်။ Seminar မှာ ဥက္ကဋ္ဌက မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အကျယ်တဝင့် ရှင်းပြပြီး မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ အတွင်းရေးမှူးကလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းတွေ ဆွေးနွေးပေးခဲ့ပါတယ်။ ပါဝင်တက်ရောက်တဲ့ လုပ်ငန်းရှင်ကြီးတစ်ဦးကတော့ ဟောင်ကောင်မှာ ယခုနှစ်အပါအဝင် သုံးနှစ်ဆက်တိုက်ကျင်းပခဲ့တဲ့ ရပ်ဝန်းနဲ့ လမ်းကြောင်း ညီလာခံမှာ ဒီနှစ်မြန်မာနိုင်ငံအပေါ် တက်ရောက်သူများက စိတ်ဝင်စားမှုကို ယခင် ဘယ်နိုင်ငံကမှ မရခဲ့ဘူးလို့ ပြောပါတယ်။

### အရေးကြီးတဲ့ သုံးရက်တာ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေနဲ့ ညီလာခံကာလ ပြခန်းတစ်ခုရယူပြီး မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်တဲ့ အခြေအနေအရပ်ရပ်ကို လာရောက်ဆက်သွယ်မေးမြန်းသူတွေကို အသေးစိတ် ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး လိုအပ်တဲ့ ဥပဒေတွေ၊ လမ်းညွှန်တွေ၊ အခြားအချက်အလက်တွေကို စာအုပ်၊ စာစောင်၊ CD တွေ ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။ ညီလာခံ သုံးရက်တာကာလအတွင်း ကိုယ်စားလှယ်အဖွဲ့ဟာ အစီအစဉ်တွေမှာ ဖြန့်ကြက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ နိုင်ငံအတွင်း ဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ကြောင့် အနောက်ဘက်က ရင်းနှီးမြှုပ်နှံမှုတွေကို မျှော်မှန်းအားပြုလို့ မရနိုင်သေးတဲ့ အနေအထားမှာ အရှေ့ဘက်နဲ့ အာဆီယံက ရင်းနှီးမြှုပ်နှံမှုတွေကို တိုးမြှင့်ဖိတ်ခေါ်သွားဖို့ လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။ ညီလာခံကာလအတွင်း ဥက္ကဋ္ဌ ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီအစဉ်တွေဟာ အနာဂတ်ကာလ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းတစ်ခု ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။ ။

---

❖ စာမျက်နှာ ၆ မှ

နောက်ဆုံး ၁၁ ခုမြောက် စံနှုန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ယန္တရား၏ ခွန်အားရှိမှု ဆန်းစစ်ခြင်း ဖြစ်ပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးယန္တရားများ ကျင့်သုံးရန် သို့မဟုတ် အဂတိလိုက်စားမှု ဥပဒေ စည်းမျဉ်းများ ကျင့်သုံးရန် လိုအပ်၊ မလိုအပ် ဆန်းစစ်ခြင်းမှာ မိမိတို့အဖွဲ့အစည်းများအတွင်း ဝန်ထမ်းများက ကိုယ်ပိုင်အကဲဖြတ်သုံးသပ်မှု ပြုလုပ်ပြီး ကိုယ်ကျင့်သိက္ခာရှိမှု မြှင့်တင်ရန် နည်းလမ်းများကို မိမိသဘောအလျောက် လိုလားစွာ ဆောင်ရွက်ရန် တိုက်တွန်းအားပေးဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးယန္တရား ခွန်အားရှိခြင်းက သက်ဆိုင်ရာ ဝန်ထမ်းများ မိမိကိုယ်ကို မိမိဆန်းစစ်ပြီး မိမိသဘောအလျောက် လိုလိုလားလားနဲ့ ကိုယ်ကျင့်သိက္ခာ မြင့်မားအောင် လုပ်ဆောင်သွားကြခြင်း မလွဲဧကန်ပါ။ ယခု ၁၁ ခုမြောက်စံနှုန်းကိုတော့ အထက်က စံနှုန်း ၁၀ ခုနဲ့ မဝင်မှ အသုံးပြုတယ်လို့ သိရပါတယ်။

### စီအာရ်အေ

အထက်တင်ပြခဲ့သည်များက ကိုရီးယားသမ္မတနိုင်ငံ အေစီအာရ်စီ အဖွဲ့အစည်းရဲ့ စီအာရ်အေလို့ခေါ်တဲ့ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုကို လေ့လာဆန်းစစ်ရာမှာ အသုံးပြုတဲ့ စံနှုန်းများ ဖြစ်ကြပါတယ်။ ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ပြဋ္ဌာန်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအပေါ် နယ်ပယ် လေးရပ်အောက်ရှိ စံနှုန်းများနဲ့ လေ့လာဆန်းစစ်ပြီး ဥပဒေစည်းမျဉ်းစည်းကမ်းမှာ အဂတိလိုက်စားနိုင်ခြေရှိတဲ့ ဟာကွက်၊ ပျော့ကွက်များကို ပြင်ဆင်ပေးပြီး အဂတိလိုက်စားမှုမဖြစ်အောင် ကြိုတင်တားဆီးကာကွယ်တာ ဖြစ်ကြောင်း တွေ့ရပါတယ်။ စံနှုန်းများ ချမှတ်ပေးထားတဲ့အတွက် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဥပဒေပညာရှင်များ မဟုတ်သော်လည်း ဆန်းစစ်မှုကို လုပ်ကိုင်နိုင်တယ်လို့ သိရပါတယ်။ အေစီအာရ်စီမှာ ယင်းကိစ္စကို တာဝန်ယူဆောင်ရွက်တဲ့ ဌာနတစ်ခုရှိပြီး အရာထမ်း ၃၀ ခန့်နဲ့ လုပ်ငန်းလည်ပတ်နိုင်ကြောင်းလည်း သိရပါတယ်။

### ကြိုတင်ကာကွယ်ရာရောက်

မိမိတို့နိုင်ငံအနေနဲ့ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ယင်းကဲ့သို့ ဆန်းစစ်မှုမျိုးဖြင့် ချဉ်းကပ်နည်းလမ်းကို စတင်အသုံးပြုနိုင်ပါက တစ်ချိန်တည်းမှာ အဂတိလိုက်စားမှုမဖြစ်မီ ကြိုတင်ကာကွယ်ရာလည်းရောက်ပြီး ရှိပြီးဥပဒေစည်းမျဉ်းစည်းကမ်းကို ပိုကောင်းအောင် ပြင်ဆင်ပေးရာလည်း ရောက်မယ်လို့ ယူဆပါတယ်။ အေစီအာရ်စီက အသုံးပြုနေတဲ့ စံနှုန်း ၁၁ ခုလုံး မဟုတ်ဘဲ ယင်းတို့အပေါ် မိမိနိုင်ငံ ဥပဒေစနစ်၊ ယဉ်ကျေးမှုစနစ်နဲ့ အဂတိလိုက်စားမှု နောက်ခံအချက်အလက်များနဲ့ကိုက်ညီပြီး ပိုပြီးကျစ်လျစ်မယ့် စံနှုန်းများ စဉ်းစားရွေးချယ်ပြီး ကျင့်သုံးနိုင်ပါတယ်။ နယ်ပယ် လေးရပ် အထိ ထားရှိဖို့ လို၊ မလိုလည်း စဉ်းစားသင့်ပါတယ်။ သို့ပေမယ့် အသုံးပြုသူအတွက် လွယ်ကူစေဖို့တော့ လိုပါမယ်။

RISK လို့ပြောရင် high- risk ၊ low- risk ရှိကြတာဖြစ်လို့ အုပ်ချုပ်ရေး ဌာန အဖွဲ့အစည်းများအနေနဲ့ မိမိဌာနရဲ့ risk area ကို မိမိတို့က ပိုပြီး သိရှိထားပြီးဖြစ်မှာပါ။ မိမိတို့ဌာနအဖွဲ့အစည်းက စီမံခန့်ခွဲတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကိုယ်ကိုယ်တိုင်သာ အသိဆုံးဖြစ်တော့ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းများမှာရှိနေတဲ့ အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိတဲ့ ပြဋ္ဌာန်းချက် ဟာကွက်၊ ပျော့ကွက်များကို စံနှုန်းများ အသုံးပြုပြီး ဖော်ထုတ်ဖို့ လိုပါတယ်။

### တားဆီးကာကွယ်ရာရောက်

နိဂုံးချုပ်အနေနဲ့ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်ခြင်း နည်းလမ်းနဲ့ အဂတိလိုက်စားမှုကို ကြိုတင်တားဆီးကာကွယ်နိုင်ဖို့ကိစ္စက သက်ဆိုင်ရာအုပ်ချုပ်ရေးဌာန အဖွဲ့အစည်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နဲ့ နိုင်ငံရဲ့ ဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ လွှတ်တော်နှစ်ရပ်တို့အပြင် အများပြည်သူပါ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အုပ်ချုပ်ရေးဌာန အဖွဲ့အစည်းများအနေနဲ့ စံနှုန်းများအသုံးပြုပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများရဲ့ ဟာကွက်များကို ဆန်းစစ်ရာမှာလည်း ပြည်သူလူထုသို့ ပွင့်လင်းစွာ ချပြခြင်း၊ ပြည်သူလူထုရဲ့ ထင်မြင်ယူဆချက် ရယူဆောင်ရွက်ခြင်းတို့ လုပ်ဖို့ လိုအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆(ဈ) နဲ့အညီ အစိုးရဌာနအဖွဲ့အစည်းများက လုပ်ငန်းအစီအစဉ်များ၊ စီမံချက်များ ရေးဆွဲရာမှာ အကြံဉာဏ်များ ပေးနိုင်မှာဖြစ်ပါတယ်။ သို့မှသာ အဂတိလိုက်စားမှုကို အတူလက်တွဲပြီး တားဆီးကာကွယ်ရာရောက်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများ၏သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်




**နေပြည်တော် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းသားသမီးများ၏ ၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရုံးအမှတ်(၁၅)တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုဆုများ ပေးအပ်ကြရာ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၇ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၃၉ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၆၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၅၃ ဦးတို့က အသီးသီး ဆုလက်ခံရယူကြသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ ထူးချွန်ကျောင်းသား ကျောင်းသူ ၁၇၂ ဦး ပေါ်ထွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**✻ ကျောဖုံးမှ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က "ကျွန်တော်တို့ဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နေတဲ့ အချိန်ကာလမှာ အားလုံးတက်ညီလက်ညီ ပါဝင်လာခြင်းဟာ အလွန်ကြီးမားတဲ့ အောင်မြင်မှုလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ လက်ရှိ ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေးကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒါဟာ တစ်နှစ်၊ နှစ်နှစ် အကျိုးသက်ရောက်မှု မရှိသေးပေမယ့် ဆယ်စုနှစ်တစ်ခုလောက်ကြာတဲ့အခါ အကျိုးသက်ရောက်မှုအများကြီးကို ခံစားရမှာ ဖြစ်ပါတယ်။ ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလမ်းစဉ်ကို ချမှတ်တဲ့နေရာမှာ နိုင်ငံတော်အစိုးရ၊ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုမှာ အဂတိလိုက်စားမှုကို ပိုမိုပြီး ထိရောက်အောင် ဆောင်ရွက်သွားဖို့ဆိုတဲ့ လမ်းညွှန်ချက်ရှိပါတယ်။ အဲဒီလမ်းညွှန်ချက်အရ ကျွန်တော်တို့ကော်မရှင်အနေနဲ့ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**နိုင်ငံရေးစိတ်စေတနာ ပြည့်ဝစွာဆောင်ရွက်**

"ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုနဲ့ ချိတ်ဆက်နေတယ်ဆိုတာ လုပ်ငန်းရှင်များအသိပဲ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုကြောင့် စီးပွားရေးပိုင်းရော၊ အုပ်ချုပ်ရေးပိုင်းမှာပါ ဆိုးရွားတဲ့အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်ပါတယ်။ စီးပွားရေးပိုင်းကိုကြည့်ရင် အဂတိလိုက်စားမှု မြင့်မားလာလေလေ စီးပွားရေးကျဆင်းလာလေလေ၊ ဝင်ငွေကွာဟချက် ကြီးမားလေလေ ဆင်းရဲနွမ်းပါးမှုကြီးထွားလေလေ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးပိုင်းကလည်း အဂတိလိုက်စားမှု မြင့်မားလေလေ အုပ်ချုပ်မှုစွမ်းရည် ကျဆင်းလေလေ ဖြစ်ပါတယ်။ အုပ်ချုပ်မှုစွမ်းရည် ကျဆင်းရင် မျှဝေမှု၊ ပြည်သူ့ဘဏ္ဍာခွဲဝေမှု မမျှမတဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု ကြီးထွားလေလေ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှု ထိခိုက်စေတာကြောင့် ကျွန်တော်တို့ကော်မရှင်အနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို နိုင်ငံရေးစိတ်စေတနာ ပြည့်ဝစွာဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ကုန်သည်စက်မှုအသင်းချုပ်ကြီးက ကျွန်တော်တို့နဲ့ အတူတကွ ပူးပေါင်းပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ခြင်း ပူးတွဲကြေညာချက်ကို စောစီးစွာ လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းဟာ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းမှာ ထူးခြားလေးနက် ဂုဏ်သိက္ခာရှိမှာဖြစ်ကြောင်း တင်ပြလိုပါတယ်" ဟု ပြောကြားခဲ့သည်။

**ဦးစားပေးလုပ်ငန်းတစ်ခု**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့် ကိုယ်ကျင့်သိက္ခာ မြှင့်တင်ရေး၊ ပညာပေးရေးကို ဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်၊ အဂတိလိုက်စားမှုဆန့်ကျင်ရေး ကျင့်ဝတ်ရေးဆွဲရေး(Code of Conduct- CoC)၊ မဖြစ်ပွားအောင် တားဆီးကာကွယ်သည့် နည်းလမ်းများနှင့် အဂတိလိုက်စားမှုဖြစ်နိုင်ခြေကို ဆန်းစစ်သည့်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌထံမှ သိရသည်။

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဒေါက်တာအောင်ထွန်းသက်က "ကုန်သည်ကြီးများအသင်းချုပ်မှာ United Nations Global Compact(UNGC) အဖွဲ့မဝင်ရသေးသူတွေ ဝင်ရောက်ဖို့ တိုက်တွန်းပါတယ်။ အဲဒီလို ဝင်ရောက်ရင် ကတိကဝတ် လေးခုပြုရမှာ ဖြစ်ပါတယ်။ (၁)က လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ထိန်းသိမ်းမယ်၊ (၂)က မိမိဝန်ထမ်းတွေကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမယ်၊ (၃)က ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းတဲ့ ကတိကဝတ်ထိန်းသိမ်းဖို့နဲ့ (၄)က အဂတိလိုက်စားမှုအပေါ် ထိန်းသိမ်းမယ်ဆိုတာပါ။ ဒါကြောင့် ဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ အဂတိလိုက်စားမှုက နှစ်ပိုင်း ပါပါတယ်။ ယူတဲ့သူကို ယူတာမျိုးမဖြစ်အောင် ကြိုတင်ကာကွယ်သလို၊ လုပ်ငန်းရှင်တွေဘက်ကလည်း အဂတိလိုက်စားမှု ဆန့်ကျင်ရေးဆိုတဲ့ ကျင့်ဝတ်ရေးဆွဲရေး(CoC)ကို လုပ်ရပါမယ်။ ကုမ္ပဏီတစ်ခုခြင်းက ကျင့်ဝတ်(CoC)ရေးဆွဲပြီး လိုက်နာရပါမယ်။ ဒီနေ့ အခမ်းအနားက ကတိကဝတ်ထိုးရုံတင်မကဘဲ ကုမ္ပဏီလုပ်ငန်းရှင်တွေအားလုံး မပြုစုတတ်ရင် တတ်နိုင်သမျှလုပ်ပေးပါမယ်။ ကျွန်တော့်မှာ ကျင့်ဝတ်ရေးဆွဲပုံရေးဆွဲနည်း အဆင့်သင့်ရှိပါတယ်။ ကော်မရှင်ဥက္ကဋ္ဌနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ပေးပါမယ်" ဟု ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းခဲ့ကြပြီး ဒေါက်တာအောင်ထွန်းသက်၊ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်၊ ကော်မရှင်အတွင်းရေးမှူး ဦးစန်းဝင်းနှင့် အဖွဲ့ဝင်ဒေါ်မြတ်မြတ်စိုးတို့က ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်၍ အဂတိလိုက်စားမှု ဆန့်ကျင်ခြင်း ပူးတွဲကြေညာချက်ကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး ကျင့်ဝတ်ပြည့်ဝသည့် စီးပွားရေးလုပ်ငန်းအလေ့အကျင့်များ ဖွံ့ဖြိုးလာစေရန်နှင့် အဂတိလိုက်စားမှုကို ဆန့်ကျင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**ပူးပေါင်းဆောင်ရွက်မည်**

နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏အသင်းဝင် ကုမ္ပဏီများအား စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်း(Code of Conduct)ကို ရေးဆွဲပြီး လိုက်နာလုပ်ဆောင်ကြစေရေး ပူးပေါင်းကူညီရန်၊ အဂတိလိုက်စားမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များနှင့် စွမ်းရည်မြှင့်အစီအစဉ်များ စီစဉ်သွားရန်၊ လုပ်ငန်းကုမ္ပဏီများနှင့် ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များကြားတွင် အဂတိလိုက်စားမှုဆန့်ကျင်ခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် အလေ့အကျင့်ကောင်းများ ဝေမျှနိုင်ရေး ကွန်ရက်များ တည်ဆောက်ရေး၊ United Nations Global Compact Network Myanmar နှင့် ချိတ်ဆက်ဆောင်ရွက်၍ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်မည်ဟု ကြေညာချက်ထုတ်နိုင်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယနေ့ကျင်းပသည့် အဂတိလိုက်စားမှုဆန့်ကျင်ခြင်း ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ UMFCCI ဒုတိယဥက္ကဋ္ဌများနှင့်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့် ကုမ္ပဏီလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

**◯ ပထမအကြိမ်မှ**

မြို့နယ်များမှ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ အနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျဆောင်ရွက်နိုင်စေရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုစီးပွားရေးကော်မတီဝင် ဦးဝင်းတင်က **"ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းများ"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တရားလွှတ်တော်ရှေ့နေ ဒေါ်လှမျိုးစုက ဥပဒေဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး အမျိုးသမီးများအား ဥပဒေဖြင့် အကာအကွယ်ပေးနိုင်ရန် အတွက် **"အမျိုးသမီးနှင့်ဥပဒေ"** ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းပို့ချကြပြီး ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်ဇင်မာအောင်က စုံညီတွေ့ဆုံပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ခဲ့မှုများ၊ တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာမေဝင်းမြင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်သွင်းလာသည့် စာတမ်းဆိုင်ရာများနှင့် မေးခွန်းများ၊ ဆောင်ရွက်ရမည့်တာဝန်များ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးလုပ်ငန်းကော်မတီရုံးများတွင် အသုံးပြုရန် ကွန်ပျူတာများ ထောက်ပံ့ပေးအပ်ပြီး မွန်းလွဲပိုင်းတွင် စုံညီတွေ့ဆုံပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

နေပြည်တော်၌ ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပခဲ့သည့် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ စွမ်းရည်တိုးတက်စေရန် ရုံးလုပ်ငန်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ အမျိုးသမီးများနှင့် ဥပဒေဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဟောပြောပို့ချ ဆွေးနွေးခဲ့သည့်အပြင် အမျိုးသမီးများ ကြုံတွေ့ရင်ဆိုင်နေရသည့် အခက်အခဲများကို လုပ်ငန်းကော်မတီအနေဖြင့် ကူညီဆောင်ရွက်ပေးရန်အတွက် နည်းလမ်းများကို ဆွေးနွေးအဖြေရှာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ လူငယ်ဘောလုံးသမားမှ**


ထိုင်းနိုင်ငံမှလာသည့်သတင်းများအရ သိရသည်။

ယနေ့ညပိုင်းတွင် လူငယ်ဘောလုံးအသင်းဝင်များမှာ လိုဏ်ဂူအတွင်း၌ ရှိနေဆဲဖြစ်ပြီး လိုဏ်ဂူပြင်ပသို့ ခေါ်ထုတ်နိုင်ရန်အတွက် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများကို ကယ်ဆယ်ရေးအဖွဲ့များက အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကာနောက်တစ်နေ့ နံနက်အစောပိုင်းတွင် လိုဏ်ဂူပြင်ပသို့ခေါ်ထုတ်နိုင်ဖွယ်ရာရှိကြောင်း ထိုင်းနိုင်ငံမှ ကနဦးလာသည့် သတင်းများအရ သိရသည်။

မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ့်လုံခွန်နမ့် လိုဏ်ဂူထဲ၌ နည်းပြဖြစ်သော အေ့ကဖွန်း ကျန်းဝုန်း(၂၅)နှစ် အပါအဝင် လူငယ်ဘောလုံးအသင်းဝင် အဒွန်း(အသက်နှင့် မိသားစုအမည်အား ဖော်ပြထားခြင်းမရှိ)၊ ပရကျုတ် စုထမ်း(၁၄)နှစ်၊ နတ်ထဝွတ် ထာခမ်းစုမ်း(၁၄)နှစ်၊ ဖိဖတ် ဖုတ်(၁၅)နှစ်၊ ဖာနုမတ် ဆဲန်ဒီ(၁၃) နှစ်၊ ဒွန်ဖက်ချ် ဖလုန်ထေ့ပ်(၁၃)နှစ်၊ ချနင်း ဝိဘွန်းရုန့်လွန်း(၁၁)နှစ်၊ အေ့ကရတ် စုကျင်း(၁၄)နှစ်၊ ဖိရဖတ် စုမ်းဖိယန်းကျိုင်း(၁၆)နှစ်၊ ဖွန်းချိုင်း ခမ်းလွမ်း(၁၆)နှစ်၊ စုမ်းဖုန်း ကျိုင်းဝုန်း(၁၃)နှစ်၊ မုန်ခွန် ဘွန်ပီယန်း(၁၃)နှစ်တို့အား ပျောက်ဆုံးရက်ဖြစ်သော ပြီးခဲ့သည့် ဇွန် ၂၃ ရက် ညပိုင်းက စတင်၍ ယနေ့ ညပိုင်းအချိန်အထိ တာဝန်ရှိသူများက ဆက်လက်ရှာဖွေခဲ့ကြခြင်းဖြစ်ပြီး နိုင်ငံတကာမှ လာရောက်ကူညီကြသည့် နိုင်ငံများဖြစ်သည့် လာအို၊ ဖိလစ်ပိုင်၊ ဂျာမနီ၊ အင်္ဂလန်၊ အမေရိကန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ကလည်း ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

---



# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ မန္တလေးဟိုတယ်နှင့် သက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူများ စုစုပေါင်း ၁၂၉ ဦးတို့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပြည်ထောင်စု လွှတ်တော်သို့ လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး လွှတ်တော်အစည်းအဝေးခန်းမကြီးအတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြား၍ လွှတ်တော်အဆောက်အအုံများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အဆင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ ဇူလိုင် ၂**

ရခိုင်ပြည်နယ်အဆင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် (Case Management Program-CMP) အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုဆွေးနွေးပွဲသည် ရည်ရွယ်ချက်ကောင်းကောင်းနှင့် အနှစ်သာရပြည့်ပြည့်ဝဝ ဆောင်ရွက်သွားနိုင်မည်ဆိုလျှင် နိုင်ငံအတွက်၊ ပြည်သူများအတွက် အကောင်းဆုံးအကျိုးရလဒ်ရရှိမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့်လည်း "တရားမျှတရေး အတူတကွမြှင့်တင်ပေး" ဆောင်ပုဒ်ကို ဖော်ဆောင်ပြီး တရားစီရင်ရေးသုံးနှစ်တာမဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၇ ရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ သုံးနှစ်တာစီမံကိန်းကာလအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရှေ့ပြေးတရားရုံးများအဖြစ် ဆောင်ရွက်ခဲ့သည်ကို သိရှိရပါကြောင်း၊ ယင်းစီမံကိန်းပြီးဆုံးသည့်အခါ စီမံကိန်းအပေါ် အခြေခံပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် "အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့" ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းသစ် ၂၀၁၈-၂၀၂၂ ငါးနှစ်တာမဟာဗျူဟာစီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအစီအစဉ်ကို နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်တွင် စစ်တွေခရိုင်တရားရုံးနှင့် စစ်တွေမြို့နယ်တရားရုံးတို့တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် အမှုစစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်ကြရမည့် ဆက်စပ်ဌာနအဖွဲ့အစည်းများအနေဖြင့် ပြည်သူများအကျိုးကိုရှေးရှုပြီး မှုခင်းစီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်က တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းအကြောင်းနှင့် ပြောင်းလဲကျင့်သုံးမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်(CMP) လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်တရားရေးဦးစီးမှူး ဦးစိုးစိုးက မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် ဆောင်ရွက်ကျင့်သုံးမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေးဦးစီးမှူးတို့က ပြန်လည်ဖြေကြားကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုပြုလုပ်မည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ကျင့်သုံးမည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ပြည်သူများသိရှိနိုင်ရန်အတွက် သက်ဆိုင်သည့်ဌာနများနှင့် ပူးပေါင်းညှိနှိုင်းပြီး ဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရေးဆွဲသည့် တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ အရ နိုင်ငံတစ်ဝန်း တရားရုံးများတွင် ကျင့်သုံးမည့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ရခိုင်ပြည်နယ်၌ စစ်တွေခရိုင် တရားရုံးနှင့် စစ်တွေမြို့နယ်တရားရုံးတို့တွင် ဩဂုတ် ၁ ရက်တွင် စတင်ကျင့်သုံးမည်ဖြစ်ရာ လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်တရားလွှတ်တော်မှ တရားစွဲအဖွဲ့အစည်းများ၊ တရားစီရင်ရေးနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများ၊ ရှေ့နေများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခြင်းနှင့် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဇွန် ၂၄ ရက်တွင် နယ်ခြားမှတ်တိုင် ၃၉ မှ ၄၀ အထိ နှင့် နယ်ခြားမှတ်တိုင် ၄၈ မှ ၄၉ အထိလည်းကောင်း၊ ဇွန် ၂၅ ရက်တွင် နယ်ခြားမှတ်တိုင် ၄၉ မှ ၅၀ အထိ လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် နယ်ခြားမှတ်တိုင် ၄၀ မှ ၄၁ အထိနှင့် နယ်ခြားမှတ်တိုင် ၅၀ မှ ၅၁ အထိ လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် နယ်ခြားမှတ်တိုင် ၅၁ မှ ၅၁-၅ အထိလည်းကောင်း၊ ဇွန် ၃၀ ရက်တွင် နယ်ခြားမှတ်တိုင် ၄၂-၁-၂ မှ ၄၂ အထိနှင့် နယ်ခြားမှတ်တိုင် ၅၃ မှ ၅၄ အထိ လည်းကောင်း မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ရေကြောင်းကင်းလှည့်ခြင်းကို ဇွန် ၂၂ ရက်တွင် တစ်ကြိမ်၊ ဇွန် ၂၇ ရက်တွင် တစ်ကြိမ်နှင့် ဇွန် ၃၀ ရက်တွင် တစ်ကြိမ် ဆောင်ရွက်ခဲ့သည်။

ကုန်းမြေနယ်နိမိတ်တွင် နှစ်ဖက်ညှိနှိုင်းချက်အရ Coordinated Patrol ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၄ ကြိမ်၊ မတ်လတွင် ခုနစ်ကြိမ်၊ မေလတွင် ၁၆ ကြိမ်၊ ဇွန်လတွင် ၁၈ ကြိမ် စုစုပေါင်း ၅၅ ကြိမ်နှင့် ရေကြောင်းကင်းလှည့်ခြင်းကိုလည်း နတ်မြစ်ကြောင်းအတိုင်း စုစုပေါင်း ရှစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား UNDP မှ Country Director နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**စစ်တွေ ဇူလိုင် ၂**

ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှနှင့် ဒုတိယဥက္ကဋ္ဌ ဦးမြသန်းတို့အား UNDP မှ Country Director Mr. Peter Batchelor နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်ရုံးသို့ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် UNDP အနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး လေ့လာဆန်းစစ်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပြန်လည်လက်ခံရေးဆိုင်ရာနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များတွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ကာ လိုအပ်ချက်များဖြည့်ဆည်းကူညီပေးမည့် အခြေအနေများနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းနှင့် စစ်တွေမြို့နယ်အတွင်း ဂျပန်နိုင်ငံမှ ထောက်ပံ့သောငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ချက်များကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရ၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ-ရခိုင်ပြည်နယ်လွှတ်တော်**

# မောင်တောမြို့နယ် ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးပွဲ ကျင်းပ

**မောင်တော ဇူလိုင် ၂**

မောင်တောမြို့နယ်၌ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆွေးနွေးပွဲစကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီတွင် အထက(၁) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲကို Development Media Group (DMG) နှင့် မောင်တောမြို့နယ် ပညာရေးမှူးတို့က ကြီးမှူးကျင်းပခဲ့ရာ ခရိုင်ပညာရေးမှူး ဦးခင်အောင်က ပညာရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆွေးနွေးခဲ့သည်။ ထို့နောက် DMG မှ အယ်ဒီတာချုပ်နှင့် အမှုဆောင်ဒါရိုက်တာ ဦးအောင်မင်းဦးက မီဒီယာလုပ်ဆောင်မှုများ၊ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များကို မီဒီယာမှတစ်ဆင့် ထောက်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နုက တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ရာခိုင်နှုန်း မြင့်မားလာစေရန် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများမှာ အဓိကကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း ပြောကြားသည်။ ရပ်မိရပ်ဖ ဆရာမောင်အုန်းကြည်က နယ်မြေဒေသလုံခြုံရေးကလည်း အရေးကြီးကြောင်းပြောကြားခဲ့ပြီး အထက(၁) အထက်တန်းကျောင်းသူ မဆောင်းနှင်းပိုင်က ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် အဆိုပါဆွေးနွေးပွဲစကားဝိုင်းတွင် ရပ်မိရပ်ဖ ဦးအောင်ကျော်ညွန့်က တာဝန်ကျ ဆရာ ဆရာမများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်နှင့် လုံခြုံမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူ အသီးသီးက လိုအပ်သည်များ ဆက်လက်ဆွေးနွေးကြကာ ညနေ ၄ နာရီတွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းသို့ လေ့လာရေးအဖွဲ့များ လာရောက်လေ့လာ

**မန္တလေး ဇူလိုင် ၂**

ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မန္တလေး-မြို့သာ စက်မှုဥယျာဉ်မြို့တော် တည်ဆောက်ရေးစီမံကိန်းသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် Myanmar Entrepreneur SME Institute (Mandalay) မှ ဒေါ်နန်းဖြူဖွေး ဦးဆောင်သော နည်းပြများနှင့် လူငယ် ၃၈ ဦး လာရောက်လေ့လာကြသည်။

လေ့လာရေးအဖွဲ့အား စီမံကိန်းရုံး၌ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စီမံကိန်းအတွင်း စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ပြီးစီးမှု၊ ဆက်လက်တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် လေ့လာရေးအဖွဲ့များက စီမံကိန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဧရာဝတီ ဆီမီးခုံဆိပ်ကမ်း တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

"ဒီစီမံကိန်းကြီးကို ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ဆောင်ရွက်နေတာဖြစ်လို့ မန္တလေးတိုင်းဒေသကြီးမှာ အကြီးဆုံးစီမံကိန်းကြီးတစ်ခုလို့ ထင်ပါတယ်။ ဒီလို စီမံကိန်းကြီးကို လေ့လာခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ ပီတိဖြစ်သလို ဒေသအကျိုးပြုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေတဲ့အတွက် ဒေသခံပြည်သူတွေလည်း ဝမ်းသာနေကြမှာပါ"ဟု လေ့လာရေးအဖွဲ့မှ လူငယ်တစ်ဦးက ပြောသည်။

**တင်မောင်(မန်းကိုယ်ပွား)**





# မန္တလေးကားဈေးကွက်တွင် စလစ်ကပ်ကားများနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေး

**မန္တလေး ဇူလိုင် ၂**

မန္တလေးကားမျိုးစုံဈေးကွက်တွင် စလစ်ကပ်ကားများနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ် အေးနေသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိသော ကားအမျိုးအစားများမှာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေး မဟာအောင်မြေမြို့နယ်ရှိ လမ်း ၆၀ ကားပွဲစားတန်းမှ သိရသည်။

"ကားသစ်တင်သွင်းမှုက မရှိသလောက်နည်းသွားတဲ့အတွက် စလစ်ဈေးကလည်း ကျလာတယ်။ အမြင့်ကားတွေကလည်း ဝယ်နိုင်တဲ့သူ နည်းလို့ အရောင်းအဝယ်သိပ်မရှိဘူး။ အဓိက အရောင်းအဝယ်ဖြစ်နေတာကတော့ ဈေးနှုန်းသင့်တင့်တဲ့ ၁၃၀၀ စီစီ ကားလေးတွေပါ" ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ကိုနေမင်းက ပြောသည်။

လက်ရှိတွင် ကျပ်သိန်း ၁၅၀ အောက် MDY လိုင်စင်ကားဟောင်းများမှာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး မန္တလေးတွင် လူကြိုက်များသော ကားမျိုးများဖြစ်သည့် ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာစတာဒီမီယို စသည့်ကားများမှာ အဓိက အရောင်းသွက်လျက်ရှိသည်။

"အခွန်ဥပဒေမှာ ဝင်ငွေခွန်ကို သုံးရာခိုင်နှုန်းကနေ ငါးရာခိုင်နှုန်းအထိ လျှော့ပေးမယ်လို့ ခန့်မှန်းထားခဲ့ကြပေမယ့် အထူးကုန်စည်ခွန်အတွက်ပဲ ဆယ်ရာခိုင်နှုန်း လျှော့ချပေးခဲ့တယ်၊ ဝင်ငွေခွန်ကိုတော့ အရင်အတိုင်း ကောက်ခံမယ်လို့ ထုတ်ပြန်လိုက်တော့ ကားဈေးကွက်အတွက် သက်ရောက်မှုနည်းသွားတာပါ"ဟု ကားဝယ်ရောင်းလုပ်ကိုင်သူ ဦးမောင်မောင် မျိုးမြင့်က ပြောသည်။

အဆိုပါထုတ်ပြန်ချက်ကြောင့် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် သက်တမ်းနှစ် ၂၀ အမည်ပေါက် စလစ်ဈေးနှုန်းမှာ ကျပ်သိန်း ၁၄၀ အထိ မြင့်တက်ခဲ့ရာမှ ယခုအခါ ကျပ်သိန်း ၁၁၀ ဝန်းကျင်ခန့်အထိ ကျဆင်းလာသည့်အပြင် စလစ်ရောင်းဝယ်မှုအနေဖြင့်လည်း မရှိသလောက်နည်းပါးနေသည့်အတွက် ယခုဈေးနှုန်းထက် ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိ စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ်တစ်စောင်လျှင် ကျပ်သိန်း ၁၁၀၊ တိုက်ကြေစလစ် ၁၀၃ သိန်း၊ စက်မှုဇုန် လူစီးစလစ် ၁၀၅ သိန်းနှင့် တက္ကစီစလစ် ကျပ် ၁၀၅ သိန်း ဝန်းကျင် ဈေးနှုန်းရှိကာ ဈေးနှုန်း အတက်၊ အကျပြောင်းလဲနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၂**

ဇွန် ၂၅ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် 15th South East Asian Body building and Physique Sports Championship-2018 ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လက်ရွေးစင်အားကစားသမားရှစ်ဦးက ပွဲစဉ် ရှစ်မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် စတုတ္ထ၊ ပဉ္စမဆုတို့ကို ထိုက်တန်စွာ ရရှိခဲ့သည့် မြန်မာ့လက်ရွေးစင်ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားသမားများအား မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်နှင့် အလှူရှင်များက ဂုဏ်ပြုသည့် အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Royal Garden ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား ကီလို ၆၀ တန်းကာယဗလပြိုင်ပွဲတွင် ကျော်မင်းသန်းနှင့် အမျိုးသား ၇၅ ကီလိုတန်းပြိုင်ပွဲတွင် သောင်းတန်တို့က ရွှေတံဆိပ် တစ်ခုစီတို့အား မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်က အမေရိကန်ဒေါ်လာ ၂၀၀ နှင့် ငွေကျပ် နှစ်သိန်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီက အမေရိကန်ဒေါ်လာ ၁၀၀၊ အလှူရှင် ဦးမျိုးက အမေရိကန်ဒေါ်လာ ၂၀၀၊ ဦးမြင့်သိန်းနှင့် ဦးနေဝင်းတို့က အမေရိကန်ဒေါ်လာ ၁၀၀ စီအား လည်းကောင်း၊ MKT ဆောက်လုပ်ရေး ဦးမျိုးမြင့်က ငွေကျပ် ငါးသိန်းတို့အား လည်းကောင်း၊ Fit Way GYM မှ ငွေကျပ် သုံးသိန်း၊ ရွှေတံဆိပ် နှစ်ခုအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၇၀၀ နှင့် ငွေကျပ် ၁၀ သိန်းစီတို့အားလည်းကောင်း၊ အမျိုးသား ၆၅ ကီလိုတန်းတွင် ထွန်းဝင်းနိုင်နှင့် Women Athletic Physique ပြိုင်ပွဲတွင် နှင်းနှင်းအေးတို့က ငွေတံဆိပ်တစ်ခုစီတို့ကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်မှ အမေရိကန်ဒေါ်လာ ၂၀၀နှင့် ငွေကျပ် နှစ်သိန်း၊ အလှူရှင်နှစ်ဦးက အမေရိကန်ဒေါ်လာ ၁၀၀ စီ၊ MKT ဆောက်လုပ်ရေးမှ ဦးမျိုးမြင့်က ငွေကျပ် သုံးသိန်းနှင့် Fit Way GYM က ငွေကျပ် သုံးသိန်း၊ ငွေတံဆိပ် နှစ်ဆုအတွက် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၄၀၀ နှင့် ငွေကျပ် ရှစ်သိန်းစီအားလည်းကောင်း၊ Model Physique ပြိုင်ပွဲတွင် (ပဉ္စမ)အဆင့်ရရှိသူ မသန္တာဦး၊ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်များအား ဂုဏ်ပြုဆုငွေများကို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညီညီနှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းနှင့် အလှူရှင်များက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားသုံးငွေ လဲလှယ်နှုန်း ဈေးကျ

**ရန်ကုန် ဇူလိုင် ၂**

ဇူလိုင် ၂ ရက် တနင်္လာနေ့ ဘဏ်များ ပြန်ဖွင့်ရက်တွင် နိုင်ငံခြားသုံးငွေ လဲလှယ်နှုန်းမှာ ပြင်ပဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၁၃၉၀ ကျပ်အောက်တွင်သာရှိသည်ဟု သိရသည်။ ယင်းနေ့ ဗဟိုဘဏ် ငွေလဲနှုန်းမှာ ၁၃၉၉ ကျပ်ရှိသည်။

ပြင်ပပုဂ္ဂလိကဘဏ်တစ်ဘဏ်၏ ငွေလဲလှယ်နှုန်းမှာ ဇူလိုင် ၂ ရက်တွင် ဝယ်ဈေး ၁၃၇၈ ကျပ်၊ ရောင်းဈေး ၁၃၈၈ ကျပ်သာရှိသည်ဟု သိရသည်။ အခြားဘဏ်များတွင် ယင်းနှုန်းထားများနှင့် ကွာခြားမှုနည်းသည်ဟု သိရသည်။

ဇွန်လ နောက်ဆုံးပတ်တွင် နိုင်ငံခြားသုံးငွေနှုန်းထားများ မြင့်တက်လာရာ ဇွန် ၂၈ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင်ဝယ်ဈေး ၁၃၉၇ ကျပ်၊ ရောင်းဈေး ၁၄၀၇ ကျပ်ရှိခဲ့ရာမှ ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီ ခန့်တွင် ဝယ်ဈေး ၁၃၇၅ ကျပ်၊ ရောင်းဈေး ကျပ် ၁၃၉၀ သာရှိသည်ဟု ပုဂ္ဂလိကဘဏ်တစ်ခုမှ ထုတ်ပြန်အသိပေးသော နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းများမှ သိရသည်။

ဇွန် ၂၉ ရက်အတွင်း နံနက် ၁၀ နာရီ ၅၁ မိနစ်မှ မွန်းလွဲ ၂ နာရီ ၇ မိနစ်အတွင်း ငွေလဲနှုန်းအပြောင်းအလဲ ငါးကြိမ် ယင်းဘဏ်မှ အသိပေးရာ အကြိမ်တိုင်း ဈေးကျလာသည်ကို မြင်တွေ့ရသည်။ ဝယ်ဈေးနှင့် ရောင်းဈေး ကွာခြားမှုမှာအမေရိကန် တစ်ဒေါ်လာလျှင် ၁၀ ကျပ်သာရှိ သော်လည်း ဈေးနှုန်းကျဆင်းလာချိန်တွင် ၁၅ ကျပ်ကွာခြားလာသည်ကို တွေ့ရသည်။

ဇွန် ၂၈ ရက်တွင် ငွေလဲနှုန်း ကျပ် ၁၄၀၀ အထက် ရောက်ရှိလာရာ ငွေလဲနှုန်းထိန်းညှိရန် ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များ၏ တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံခဲ့ပြီးနောက် ငွေလဲနှုန်းများ သိသာစွာ ဈေးပြန်လည်ကျဆင်းလာသည်ဟု သိရသည်။

ဇွန် ၂၈ ရက် ဗဟိုဘဏ်ငွေလဲနှုန်းမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၉၅ ကျပ်နှုန်းရှိရာမှ ဇွန် ၂၉ ရက်တွင်မူ ၁၄၀၅ ကျပ်နှုန်းရှိသည်ဟု သိရသည်။

ဘဏ်များ ပြန်လည်ဖွင့်မည့် တနင်္လာနေ့ ဇူလိုင် ၂ ရက်တွင် ကြုံတွေ့လာရမည့် နိုင်ငံခြားသုံး ငွေလဲလှယ်နှုန်းကို အများပြည်သူ အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များက စောင့်ကြည့်နေသည်ဟု သိရသည်။

မတ်ပဲ RC တစ်တန်ဈေးနှုန်းသည် ဇွန် ၂၈ ရက်တွင် ကျပ် ၄၄၀၀၀၀ ရှိသော်လည်း ဇူလိုင် ၂ ရက်တွင် ငွေကျပ် ၄၃၄၀၀၀ သာရှိသည်။

ပြည်ပပို့ကုန်ဖြစ်သော ပဲစင်းငုံနီ RC တစ်တန်ဈေးသည်လည်း ဇွန် ၂၈ ရက်တွင် ငွေကျပ် ၄၇၈၀၀၀ နှုန်းရှိရာမှ ဇူလိုင် ၂ ရက်တွင် ဈေးမဖွင့်ဘဲ ဇွန် ၃၀ ရက် စနေနေ့တွင် ငွေကျပ် ၄၆၈၀၀၀ သာရှိသည်။ ပြည်ပမှ သွင်းလာသော ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ဇွန် ၂၉ ရက်တွင် ငွေကျပ် ၁၀၅၀ နှုန်းရှိရာမှ ဇူလိုင် ၂ ရက်တွင် ငွေကျပ် ၉၅၀၊ ၁၀၀၀ နှုန်းသို့ ဈေးကျလာသည်။ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီဈေးနှုန်းမှာ ဇွန် ၂၉ ရက်တွင် ဆီထုတ်ယူခွင့်စာရွက် DO လက်ကားတစ်ပိဿာဈေးနှုန်း ၁၆၀၅ ကျပ်နှုန်းရှိရာမှ ဇူလိုင် ၂ ရက်တွင် ၁၅၇၅ ကျပ်နှုန်းသို့ ဈေးပြန်ကျဆင်းလာသည်။

ဇွန် ၂၈ ရက်တွင် မြင့်တက်ခဲ့သော ပြည်ပနိုင်ငံစုံ သကြားများမှာလည်း ဈေးပြန်ကျလာရာ ဇူလိုင် ၂ ရက်တွင် တစ်ပိဿာလက်ကားဈေး ငွေကျပ် ၁၁၅၀၊ ငွေကျပ် ၁၁၇၀ နှုန်းသာရှိသည်။ ပြည်ပမှ တင်သွင်းလာသော အိန္ဒိယ ငရုတ်ရှည်မှာလည်း လက်ကားတစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀ နှုန်းဖြင့် ရက်အတန်ကြာ ဈေးနှုန်းမပြောင်းလဲဘဲရှိသည်။

ဇွန်လကုန်ပိုင်းရက်အနည်းငယ်အတွင်း နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းမှာ ငွေကျပ် ၁၄၀၀ အထက် ရောက်ရှိခြင်းနှင့်ပတ်သက်၍ အများပြည်သူ ဝယ်ယူစားသုံးနေသော ပြည်ပသွင်းကုန်များဖြစ်သည့် စားအုန်းဆီ၊ သကြား၊ အိန္ဒိယ ငရုတ်ရှည်၊ ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်းများ ဈေးနှုန်းအနိမ့်များတွင်ရှိနေရာ ယခုအကြိမ် ငွေလဲနှုန်းမြင့်တက်မှုများသော်လည်း အများပြည်သူ နေ့စဉ်မရှိမဖြစ် ဝယ်ယူစားသုံးနေရသော ပြည်ပမှ သွင်းကုန် စားဖိုဆောင်ကုန်စည်များ ဈေးနှုန်းမြင့်တက်မှုမရှိ၍ ထူးခြားပြီး စားသုံးသူများအတွက် ငွေကြေးသုံးစွဲမှု ဝန်ထုပ်ဝန်ပိုးလျော့ကျစေသည်ကို မြင်တွေ့ရသည်။

သို့သော် အိမ်သုံးဆေးဝါးဈေးကွက်တွင်မူ ဈေးနှုန်းပြောင်းလဲရန် အစပြုလာသည်ကို တွေ့လာရသော်လည်း ငွေလဲနှုန်းအကျဘက်သို့ ပြန်ရောက်လာ၍ အများပြည်သူများ၏ စိုးရိမ်စိတ်များ ဖြစ်ပေါ်နေမှုကို လျော့ကျစေကြောင်း သိရသည်။

**မောင်စေအောင်**

# ၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် သင်္ချာဘာသာရပ် နမူနာမေးခွန်းပုံစံ-၁

၂၀၁၉ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံသစ်နှင့်စပ်လျဉ်း၍ အသိပေးဖော်ပြချက်များကို သတင်းစာများတွင် ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ မေ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခု ထပ်မံ၍ ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြောင်းလဲအသုံးပြုမည့် ဘာသာရပ်အလိုက် နမူနာမေးခွန်းပုံစံများကို သတင်းစာများတွင် ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

(နမူနာမေးခွန်းပုံစံများကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

## 2019 SAMPLE QUESTION
## MATRICULATION EXAMINATION
## DEPARTMENT OF MYANMAR EXAMINATION

**MATHEMATICS** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**

### SECTION (A)
(Answer **ALL** questions)

1.(a) If $f: R \to R$ is defined by $f(x) = x^2 + 3$, find the function g such that $(g \circ f)(x) = 2x^2 + 3$. (3 marks)

(b) The expression $6x^2 - 2x + 3$ leaves a remainder of 3 when divided by $x - p$. Determine the values of p. (3 marks)


2.(a) Find the coefficient of $x^{-10}$ in the expansion of $(2 - \frac{1}{x^2})^8$. (3 marks)

(b) Which term of the A.P. 6, 13, 20, 27, … is 111? (3 marks)

3.(a) If $A = \begin{pmatrix} 2 & 0 \\ 1 & 5 \end{pmatrix}, B = \begin{pmatrix} 1 & 0 \\ 2 & k \end{pmatrix}$, find the value of k such that AB = BA. (3 marks)

(b) If a die is rolled 60 times, what is the expected frequency of a number divisible by 3 turns up? (3 marks)

4.(a) In the given figure, AB = BC. Find x and y. (3 marks)




(b) It is given that $\vec{a}$ and $\vec{b}$ are non-zero and non-parallel vectors.
If $3\vec{a} + x(\vec{b} - \vec{a}) = y(\vec{a} + 2\vec{b})$, find the values of x and y. (3 marks)

5.(a) Prove that $\operatorname{cosec}\theta = \frac{\cos 2\theta}{\sin\theta} + \frac{\sin 2\theta}{\cos\theta}$. (3 marks)

(b) Evaluate $\lim_{x \to 2} \frac{x^3 - 8}{x^2 + 3x - 10}$ and $\lim_{x \to \infty} \frac{\sqrt{2x} - \sqrt{a}}{\sqrt{2x} + \sqrt{a}}$. (3 marks)

### SECTION (B)
(Answer any **FOUR** questions)

6.(a) A function f is defined by $f(x) = 3x - 1$. Determine whether $(f \circ f)^{-1}(x)$ is the same as $(f^{-1} \circ f^{-1})(x)$. (5 marks)

(b) Given that $f(x) = x^3 + px^2 - 2x + 4\sqrt{3}$ has a factor $x + \sqrt{2}$, find the value of p. Show that $x - 2\sqrt{3}$ is also a factor and solve the equation $f(x) = 0$. (5 marks)

7.(a) Let $J^+$ be the set of all positive integers. Is the function $\odot$ defined by $x \odot y = x + 3y$ a binary operation on $J^+$? Why? If it is a binary operation, find $(2 \odot 3) \odot 4$. Solve the equation $(k \odot 5) - (3 \odot k) = 2k + 8$. (5 marks)

(b) The first three terms in the expansion of $(a + b)^n$, in ascending powers of b, are denoted by p, q and r respectively. Show that $\frac{q^2}{pr} = \frac{2n}{n-1}$. (5 marks)

8.(a) Find the solution set of the inequation $2 + 3x > 5x^2$ and illustrate it on the number line. (5 marks)

(b) The sum of four consecutive numbers in an A.P. is 28. The product of the second and third numbers exceeds that of the first and last by 18. Find the numbers. (5 marks)

9.(a) The product of the first 3 terms of a G.P. is 1 and the product of the third, fourth and fifth terms is $11\frac{25}{64}$. Find the fifth term of the G.P. (5 marks)

(b) Show that the matrix $A = \begin{pmatrix} 2 & 3 \\ 3 & 2 \end{pmatrix}$ satisfies the equation $A^2 - 4A - 5I = O$, where I is the unit matrix of order 2. (5 marks)

10.(a) Find the inverse of the matrix $\begin{pmatrix} 7 & 8 \\ 5 & 6 \end{pmatrix}$ and use it to solve the system of equations
$7x + 8y = 10$, $5x + 6y = 7$. (5 marks)

(b) A coin is tossed three times. Head or tail is recorded each time. Drawing a tree diagram, find the probabilities of getting exactly one head, and getting no heads. (5 marks)

### SECTION (C)
(Answer any **THREE** questions)

11.(a) Two circles intersect at A, B. At A a tangent is drawn to each circle meeting the circles again at P and Q respectively. Prove that $\angle ABP = \angle ABQ$. (5 marks)

(b) In $\Delta ABC$, AD and BE are altitudes. If $\angle ACB = 45°$, prove that $\alpha(\Delta DEC) = \alpha(ABDE)$. (5 marks)

12.(a) In $\Delta ABC$, AB = AC. P is a point on BC and Y is a point on AP. The circles BPY and CPY cut AB and AC respectively at X and Z. Prove XZ // BC. (5 marks)

(b) Given that $\sin\alpha = \frac{15}{17}$ and that $\cos\beta = -\frac{3}{5}$ and that α and β are in the same quadrant, find without using tables, the values of $\sin 2\alpha$, $\cos\frac{\alpha}{2}$ and $\cos 2\beta$. (5 marks)

13.(a) A town A is 50 miles away from a town B in the direction N 35° E and a town C is 68 miles from B in the direction N 42° 12′ W. Calculate the distance and bearing of A from C. (5 marks)

(b) If $y = x^2 + 2x + 3$, show that $(\frac{d^2y}{dx^2})^3 + (\frac{dy}{dx})^2 = 4y$. (5 marks)

14.(a) The vector $\vec{OP}$ has a magnitude of 26 units and has the same direction as $\begin{pmatrix} -5 \\ 12 \end{pmatrix}$.
The vector $\vec{OQ}$ has a magnitude of 20 units and has the same direction as $\begin{pmatrix} 3 \\ 4 \end{pmatrix}$.
Find the magnitude of $\vec{PQ}$. (5 marks)

(b) Find the stationary points of the curve $y = x^2(3 - x)$ and determine their natures. (5 marks)






# ကုလ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းအတွက် ဘတ်ဂျက်သစ် အဖွဲ့ဝင်နိုင်ငံများ သဘောတူညီ

**ကုလသမဂ္ဂ ဇူလိုင် ၂**
ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်း ဘတ်ဂျက်အဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံကိုသာ သတ်မှတ်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်း ဘတ်ဂျက်အဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၈၉ ဘီလီယံသတ်မှတ်ရန် အဖွဲ့ဝင်နိုင်ငံများက ဇူလိုင် ၁ ရက်တွင် သဘောတူညီလိုက်ကြကြောင်း သံတမန်များက ပြောကြားကြသည်။ ယင်းငွေကြေးပမာဏမှာ ကျွမ်းကျင်သူ ပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့က အကြံပြုခဲ့သော ငွေကြေးပမာဏအောက် အမေရိကန်ဒေါ်လာ ၁၂၂ သန်း ပိုမိုလျော့နည်းသည်ဆို၏။

ငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းဘတ်ဂျက်အတွက် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံ ခွင့်ပြုပေးခဲ့ရာ ဘတ်ဂျက်အသစ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ပိုမိုလျော့နည်းလျက်ရှိသည်။

လွန်ခဲ့သည့်နှစ်အတွက် ကနဦးခွင့်ပြုပေးခဲ့သော ဘတ်ဂျက်မှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံရှိခဲ့ကြောင်း၊ သို့ရာတွင် ဟေတီနှင့်ဆူဒန်နိုင်ငံ ဒါဖာဒေသတို့တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထပ်ဆောင်းခွင့်ပြုပေးရေး ဒီဇင်ဘာလအတွင်း သဘောတူညီခဲ့ကြောင်း သံတမန်များက ပြောကြားကြသည်။

ကမ္ဘာတစ်ဝန်း၌ လုပ်ငန်းဆောင်ရွက်နေသော ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်ဦးရေမှာ လတ်တလောတွင် တစ်သိန်းခန့်ရှိနေပြီး ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင် လုပ်ငန်းပေါင်း ၁၄ ခု ရှိသည်။ ဘတ်ဂျက်သစ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက တရားဝင် အတည်ပြုပေးရမည်ဖြစ်သည်။

တောင်ဆူဒန်၊ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မာလီနိုင်ငံတို့၌ ဆောင်ရွက်နေဆဲ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးလုပ်ငန်းများမှာ အရေးအကြီးဆုံး မစ်ရှင် လုပ်ငန်းများဖြစ်ကြပြီး မစ်ရှင်လုပ်ငန်းတစ်ခုစီအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ် ဘီလီယံထက်မနည်း ကျခံသုံးစွဲရမည်ဖြစ်သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှု လုပ်ငန်းဘတ်ဂျက်မှာ ကုလသမဂ္ဂ လုပ်ငန်း လည်ပတ်စရိတ်ဘတ်ဂျက်မှ သီးခြားဖြစ်ပြီး ကုလသမဂ္ဂ လုပ်ငန်းဆိုင်ရာ ဘတ်ဂျက်ကို ဒီဇင်ဘာလတွင် ထုတ်ပြန် ကြေညာပေးခဲ့သည်။

**အေအက်ဖ်ပီ**





## ပါရီတောင်ပိုင်းရှိ အကျဉ်းထောင်မှ လူဆိုးဂိုဏ်းဝင်တစ်ဦး ရဟတ်ယာဉ်အသုံးပြုပြီး ထွက်ပြေးလွတ်မြောက်

ပါရီ ဇူလိုင် ၂
ပြင်သစ် လူဆိုးဂိုဏ်း တစ်ဂိုဏ်းမှ အကျဉ်းကျနေသည့် ဂိုဏ်းဝင်တစ်ဦးသည် ဇူလိုင် ၁ ရက်က မြို့တော်ပါရီ တောင်ဘက်ရှိ အကျဉ်းထောင် တစ်ခုအတွင်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ ယင်းလူဆိုးဂိုဏ်းဝင် ထွက်ပြေးလွတ်မြောက်နိုင်ရန် ကြိုးပမ်းရာတွင် ၎င်း၏ ကြံရာပါနှစ်ဦးက ရဟတ်ယာဉ်တစ်စင်းကို အသုံးပြုခဲ့ကြောင်း တရားရေးဝန်ကြီးဌာနက ပြောကြားသည်။

လွတ်မြောက်သွားသည့် အကျဉ်းသားမှာ ရီဒိုနင်းဖာအစ် အမည်ရှိသူဖြစ်သည်။ အကျဉ်းထောင်၏ ထောင်ဝင်စာ တွေ့ဆုံသည့်အခန်းတွင်း၌ ၎င်း၏ အစ်ကိုတော်စပ်သူနှင့် တွေ့ဆုံစဉ် သိုးမွေးခေါင်းစွပ် စွပ်ထားသည့် သေနတ်ကိုင် လူနှစ်ဦးက အခန်းတွင်းသို့ ချိုးဖောက်ဝင်ရောက်လာခဲ့ကြကြောင်း၊ မီးခိုးဗုံးများနှင့် သံဖြတ်စက်တို့ကို ကိုင်ဆောင်ထားသည့် လက်နက်ကိုင်နှစ်ဦးသည် ဖာအစ်ကို အကျဉ်းထောင်ခြံဝင်းအတွင်း ရပ်ထားသည့် ရဟတ်ယာဉ် တစ်စင်းဆီသို့ ခေါ်ဆောင်သွားကာ ထွက်ပြေးသွားခဲ့ကြကြောင်း၊ အဆိုပါ ရဟတ်ယာဉ်သည် အကျဉ်းထောင်နှင့် အနီးဝန်းကျင်ရှိ ဂွိန်နီဆီးဒေသမှ ပျံသန်းလာကာ အကျဉ်းထောင်ဝင်းအတွင်းသို့ ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပျက်စီးနေသည့် ရဟတ်ယာဉ်တစ်စင်းကို ဒေသခံရဲတပ်ဖွဲ့ဝင်များက နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သည်။

### လွှတ်ပေးခဲ့

အဆိုပါ ရဟတ်ယာဉ်၏ ရဟတ်ယာဉ်မှူးကို လေယာဉ်မောင်း ကလပ်တစ်ခုတွင် ပြန်ပေးဆွဲ ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ပျံသန်းမှုနည်းပြဆရာလည်းဖြစ်သူ ရဟတ်ယာဉ်မှူးကို သေနတ်သမားများက နောက်ပိုင်းတွင် ဘေးမသီရန်မခ လွှတ်ပေးခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ပြန်လည်ဖမ်းမိရေးအတွက် လိုက်လံရှာဖွေနေပြီ ဖြစ်ကြောင်း တရားရေးဝန်ကြီးဌာနက ပြောကြားသည်။

အသက် ၄၆ နှစ်အရွယ်ရှိသည့် အကျဉ်းသား ဖာအစ်သည် အကျဉ်းထောင်ဖောက်ထွက်ပြေးခြင်းကို ဒုတိယအကြိမ် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၃ ခုနှစ်အတွင်းက ၎င်းသည် ဖောက်ခွဲရေးပစ္စည်းများကို အသုံးပြုကာ ထွက်ပြေးလွတ်မြောက်ခဲ့ဖူးသည်။ ထိုသို့ လွတ်မြောက်ရေးအတွက် ဖာအစ်က ထောင်ဝန်ထမ်းလေးဦးကို ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်။ ယင်းထောင်ဖောက် လွတ်မြောက်ပြီး ရက်သတ္တခြောက်ပတ်အကြာတွင် ၎င်းကို ရဲတပ်ဖွဲ့က ပြန်လည်ဖမ်းဆီးရမိခဲ့သည်။

၂၀၁၀ ပြည့်နှစ်အတွင်းက ရဲမေတစ်ဦးသေဆုံးခဲ့ရသော လက်နက်ကိုင် လုယက်မှုကို ကျူးလွန်ခဲ့မှုဖြင့် ဖာအစ်သည် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်ချမှတ်ခံထားရသည်။

ဆင်ဟွာ

## အမေရိကန်က မော်တော်ယာဉ်သွင်းကုန်ခွန် တိုးမြှင့်ပါက ဆလိုဗက်ကီးယားနိုင်ငံ အထိအနာဆုံး ဖြစ်လာဖွယ်ရှိ

**ဘရာတစ်လာဗာ ဇူလိုင် ၂**
ဥရောပသမဂ္ဂ (အီးယူ)မှ တင်သွင်းသော မော်တော်ယာဉ်များအပေါ် ၂၀ ရာခိုင်နှုန်း သွင်းကုန်ခွန်ကောက်ယူရန် သမ္မတဒေါ်နယ်ထရန့်က ခြိမ်းခြောက်ထားပြီး ယင်းသို့ ခြိမ်းခြောက်ထားသည့်အတိုင်း အကောက်ခွန်စည်းကြပ်ပါက ကမ္ဘာ့မော်တော်ယာဉ် ထုတ်လုပ်သော ထိပ်တန်းနိုင်ငံဖြစ်သည့် ဆလိုဗက်ကီးယားနိုင်ငံသည် မော်တော်ယာဉ်ထုတ်လုပ်သောနိုင်ငံများအနက် အထိအနာဆုံး နိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များ၏ ပြောကြားချက်ကို ကိုးကား၍ အေအက်ဖ်ပီ သတင်းဌာနက ဇူလိုင် ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတထရန့်၏ ခြိမ်းခြောက်မှုနှင့်အတူ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့ ကုန်သွယ်ရေးစစ်ပွဲ စတင်လျက်ရှိသည်။ ဥရောပ၏သံမဏိနှင့် အလူမီနီယမ် ပို့ကုန်များအပေါ် အမေရိကန်က သွင်းကုန်ခွန် ကြီးလေးစွာ ကောက်ယူလာမှုကို လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်လုပ် ဂျင်းဘောင်းဘီများနှင့် မော်တော်ဆိုင်ကယ်များအပေါ် သွင်းကုန်ခွန်များ တိုးမြှင့်ကောက်ယူမည်ဖြစ်ကြောင်း အီးယူက ထုတ်ပြန်ကြေညာခဲ့သည်။





ဥရောပမှ တင်ပို့သော ကုန်ပစ္စည်းများအပေါ် အမေရိကန်က ကြီးလေးစွာ အခွန်ကောက်ယူရန် စီစဉ်ခြင်းကြောင့် ဥရောပစတော့ရှယ်ယာ ရောင်းဝယ်ရေးဈေးကွက်တွင် ဖိုးယက်၊ ခရိုက်စလာ၊ ဒိုင်မလာနှင့် ဘီအမ်ဒဗလျူမော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးများ၏အစုရှယ်ယာများ ကျဆင်းခဲ့ရပြီး ဆလိုဗက်ကီးယားနိုင်ငံ၏ မော်တော်ယာဉ်ထုတ်လုပ်ရေးကဏ္ဍအပေါ် ထိခိုက်လာဖွယ်ရှိနေသည်။

ဆလိုဗက်ကီးယားနိုင်ငံ၌ ဂျာမနီမှ ဗော်စဝေဂွန်၊ ပြင်သစ်မှ ပီအက်စ်အေနှင့် တောင်ကိုရီးယားမှ ကီယာမော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီများအပါအဝင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်း ထောက်ပံ့ရေးကုမ္ပဏီ ၃၀၀ ကျော်တို့က စက်ရုံခွဲများ ဖွင့်လှစ်၍ အခြေစိုက် လုပ်ကိုင်လျက်ရှိကြသည်။

### စီစဉ်ထား

ယူရိုဇုန်တွင် ပါဝင်သော ဆလိုဗက်ကီးယားနိုင်ငံ၌ လူဦးရေ ၅ ဒသမ ၄ သန်းရှိပြီး နိုင်ငံတကာ မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံခြင်းဖြင့် အလုပ်အကိုင်နေရာ ၃၀၀ ၀၀၀ ကျော် ဖန်တီးပေးနိုင်သည်။ ဂျက်ဂွာလန်းရိုဗာ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံကို စက်တင်ဘာလတွင် ဆလိုဗက်ကီးယားနိုင်ငံ၌ ဖွင့်လှစ်ရန်လည်း စီစဉ်ထားသည်။

**အေအက်ဖ်ပီ**

## ဝါဇီရစ္စတန် မြောက်ပိုင်းခရိုင်၌ လက်နက်နှင့် ခဲယမ်းများ ရှာဖွေတွေ့ရှိ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂**
ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံအနောက်မြောက်ပိုင်းရှိ မြောက်ဝါဇီရစ္စတန်ခရိုင်တွင် ဇူလိုင် ၁ ရက်က ရှာဖွေရေးလုပ်ငန်း စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း လက်နက်နှင့် ခဲယမ်းမီးကျောက်များကို ရှာဖွေတွေ့ရှိကြောင်း စစ်ထောက်လှမ်းရေးအဖွဲ့ သတင်းပြန်ကြားရေးဌာနက ထုတ်ပြန်ကြေညာသည်။

### ထုတ်ပြန်ကြေညာ

အဆိုပါဒေသတွင်း၌ စစ်လက်နက်များ လျှို့ဝှက်သိမ်းဆည်းထားသည်ဟု ထောက်လှမ်းရေးသတင်းများအရ ပါကစ္စတန်တပ်ဖွဲ့များက စစ်ဆင်ရေးလုပ်ဆောင်ခဲ့ကြောင်း ပါကစ္စတန်စစ်ထောက်လှမ်းရေး သတင်းပြန်ကြားရေးဌာနက ထုတ်ပြန်ကြေညာသည်။

ဒုံးကျည်များ၊ စနက်တံများ၊ စက်သေနတ်ငယ်များ၊ စက်သေနတ်ကြီးများနှင့် ခဲယမ်းမီးကျောက်များကို ရှာဖွေတွေ့ရှိရကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

ထောက်လှမ်းရေး သတင်းအချက်အလက်များကို အခြေခံ၍ ပါကစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဆို၏။

ယမန်နှစ် ဖေဖော်ဝါရီလမှစ၍ ပါကစ္စတန်ကြည်းတပ်နှင့် တရားဥပဒေစိုးမိုးရေး အေဂျင်စီများ ပူးပေါင်းကာ နိုင်ငံအတွင်း၌ စိမ့်ဝင်ပုန်းခိုနေသည့် စစ်သွေးကြွများ၏ လျှို့ဝှက်စခန်းများကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။

**ဆင်ဟွာ**

## ကမ္ဘာ့ဖလားအားကစားသတင်းများ



# မက္ကဆီကိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဘရာဇီးအသင်း ကွာတားဖိုင်နယ်အဆင့် တက်လှမ်း

ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်တွင် မက္ကဆီကိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဘရာဇီးအသင်းနှင့် မက္ကဆီကိုအသင်းတို့၏ ပွဲစဉ်တွင် အပြန်အလှန် တိုက်စစ်ဆင်မှုများရှိခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သည်။

သို့ရာတွင် ကစားသမားစုဖွဲ့မှုနှင့် တစ်ဦးချင်းခြေစွမ်းပိုင်းကွာဟမှုကြောင့် ဘရာဇီးအသင်းက ပွဲကစားချိန် ၅၁ မိနစ်တွင် တိုက်စစ်မှူး နေမာ၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ဘရာဇီးအသင်းသည် ဦးဆောင်ဂိုးရရှိခဲ့ပြီးနောက် ပေါလင်ဟိုနေရာတွင် ဖာနန်ဒင်ဟို၊ ကော်တင်ဟိုနေရာတွင် ဖာမီနိုနှင့် ဝီလီယံနေရာတွင် မာကွင်ဟိုတို့ကို လူစားလဲခဲ့သည်။

ထို့နောက် ပွဲကစားချိန် ၈၈ မိနစ်တွင် လူစားဝင်ကစားသမား ဖာမီနိုက ဘရာဇီးအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့ခြင်းကြောင့် ဘရာဇီးအသင်းက မက္ကဆီကိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။


တိုက်စစ်မှူး ဖာမီနိုသည် ယခုပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ်အောက်တိုဘာလနောက်ပိုင်း ဘရာဇီးအသင်းအတွက် ပထမဆုံးသွင်းဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ယခုမက္ကဆီကိုအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗဟိုအမေရိကန် သို့မဟုတ် မြောက်အမေရိကမှ အသင်းများနှင့် ယှဉ်ပြိုင်ကစားတိုင်း ကမ္ဘာ့ဖလားတွင် တစ်ကြိမ်မှ ရှုံးနိမ့်ခဲ့ခြင်းမရှိသည့် စံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီဖြစ်သည်။ ဘရာဇီးအသင်းမှာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့ပြီဖြစ်သောကြောင့် ဘယ်လ်ဂျီယံအသင်းသို့ မဟုတ် ဂျပန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

# စပိန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် နိုင်ငံလက်ရွေးစင်အဖြစ်မှ အင်နီယေစတာ အနားယူ

စပိန်အသင်းက ရုရှားအသင်းကို ရှုံးနိမ့်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရပြီးတဲ့အချိန်မှာတော့ စပိန်ကွင်းလယ်ကစားသမား အင်နီယေစတာဟာ နိုင်ငံလက်ရွေးစင်ကစားသမားအဖြစ်ကနေ အနား ယူလိုက်ပြီဖြစ်တယ်လို့ တရားဝင်ကြေညာခဲ့ပါပြီ။

အင်နီယေစတာဟာ လက်ရှိမှာ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တာကြောင့် အနားယူခဲ့တာဖြစ်ပြီး စပိန်အသင်းက လေးဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့တဲ့ ရုရှားအသင်းနဲ့ ပွဲစဉ်မှာ လူစားဝင်ကစားသမားအဖြစ်နဲ့ ပါဝင်ကစားခဲ့ကာ ပင်နယ်တီသွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။



အင်နီယေစတာရဲ့ စပိန်အသင်းနဲ့ ကစားသမားဘဝဟာ ၂၀၀၆ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပြီး ယူရို ၂၀၀၈ ပြိုင်ပွဲနဲ့ ယူရို ၂၀၁၂ ပြိုင်ပွဲတွေမှာ စပိန်အသင်းကို ချန်ပီယံဖြစ်အောင် စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်းဖြစ်ပါတယ်။

၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတုန်းက စပိန်အသင်းက နယ်သာလန်အသင်းကို အနိုင်ရရှိပြီး ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့စဉ်ကလည်း ကွင်းလယ်ကစားသမား အင်နီယေစတာဟာ စပိန်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အင်နီယေစတာအနေနဲ့ စပိန်နိုင်ငံလက်ရွေးစင်ကစားသမားဘဝနဲ့ ၁၂ နှစ်ကြာဖြတ်သန်းခဲ့တာဖြစ်ပြီး ကလပ်အသင်းဖြစ်တဲ့ ဘာစီလိုနာအသင်းမှာတော့ ၂၂ နှစ်ကြာဖြတ်သန်းခဲ့တာပါ။ လက်ရှိမှာ ဘာစီလိုနာအသင်းကစားသမားဘဝကို အဆုံးသတ်လိုက်ပြီဖြစ်တယ်လို့ မေလအတွင်းက ကြေညာခဲ့သလို နိုင်ငံလက်ရွေးစင်ကစားသမားဘဝကလည်း အနားယူလိုက်ပြီဖြစ်တယ်လို့ အတိအလင်းကြေညာလိုက်ပြီလည်းဖြစ်ပါတယ်။ အင်နီယေစတာဟာ ဘာစီလိုနာအသင်းနဲ့အတူ ပွဲပေါင်း ၆၇၄ ပွဲပါဝင်ကစားပေးခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် ဆုဖလား ၃၂ လုံးအထိရရှိအောင်စွမ်းဆောင်ပေးခဲ့တာပါ။ ဒါပေမယ့် ဘာစီလိုနာအသင်းနဲ့ လမ်းခွဲခဲ့ပြီး အသက် ၁၂ နှစ်အရွယ်က ကစားခဲ့တဲ့ ဂျပန်ကလပ် ဗစ်ဆယ်ကိုဘီအသင်းကို ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။

အင်နီယေစတာအနားယူလိုက်ပြီလို့ ကြေညာခဲ့တဲ့အချိန်မှာ စပိန်အသင်းနည်းပြ ဖာနန်ဒိုဟီယာရိုက အင်နီယေစတာဟာ စပိန်အသင်းရဲ့သမိုင်းမှာ အဓိကအားထားရတဲ့ကစားသမားတွေထဲက တစ်ဦးဖြစ်တယ်လို့ ဆိုခဲ့ပါတယ်။

# နောက်တစ်ဆင့်တက်ဖို့အတွက် အပြိုင်နွှဲကြမယ့် ကိုလံဘီယာနဲ့ အင်္ဂလန်

**ဒီညကစားမယ့် ၁၆ သင်းအဆင့်ပွဲစဉ်နှစ်ပွဲမှာတော့ ကိုလံဘီယာအသင်းနဲ့ အင်္ဂလန်အသင်း၊ ဆွီဒင်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်တွေပါဝင်နေပြီး အဲဒီပွဲစဉ်နှစ်ပွဲမှာ ကိုလံဘီယာအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ အားပြိုင်မှုက ပရိသတ်အကြိုက်တွေ့စေမှာပါ။ ဒီပွဲစဉ်နှစ်ခုမှာ ဆွစ်ဇာလန်အသင်းနဲ့ အင်္ဂလန်အသင်းတို့ဟာ ကွာတားဖိုင်နယ်တက်လှမ်းဖို့ ရေပန်းစားနေတာဖြစ်ပြီး ဘယ်အသင်းက နောက်တစ်ဆင့်ကိုတက်ဖို့ အခွင့်သာသွားမလဲ ဆိုတာကတော့ စောင့်ကြည့်ရဦးမှာပါ။**

### ဆွီဒင်-ဆွစ်ဇာလန် ည ၈း၃၀ နာရီ၊ ၃-၇-၂၀၁၈

ဆွီဒင်အသင်းဟာ အုပ်စုအဆင့်မှာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ရခဲ့ကာ အုပ်စုပထမနေရာနဲ့ တက်လာတဲ့အသင်းဖြစ်ပြီး ဆွစ်ဇာလန်အသင်းကတော့ အုပ်စုအဆင့်မှာ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ်လေးမှတ်နဲ့ ၁၆ သင်းအဆင့်ကို အုပ်စုဒုတိယနေရာနဲ့ တက်လာတာဖြစ်ပါတယ်။ ဆွီဒင်အသင်းဟာ အားထားရတဲ့တိုက်စစ်မှူး အီဘရာဟီမိုဗစ်အနားယူသွားလို့ မပါခဲ့ပေမယ့် ကစားသမားတွေရဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုနဲ့ နိုင်လိုစိတ်ပြင်းထန်မှုတို့ကြောင့် ဒီအဆင့်ကို တက်လာတာပါ။ ဆွစ်ဇာလန်အသင်းကတော့ ရှာကီရီ၊ ဇာကာ၊ လစ်စတိန်းနားတို့လို ကစားသမားကောင်းတွေကို အဓိကထားပြီး ပြိုင်ဘက်အသင်းတွေကို ကျော်ဖြတ်လာခဲ့တဲ့အသင်းလည်းဖြစ်ပါတယ်။ ဆွီဒင်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားတာဖြစ်ပြီး ဆွစ်ဇာလန်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ ရလဒ်ထွက်ပေါ်ထားပါတယ်။ ဆွီဒင်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်မယ်ဆိုရင်တော့ နောက်ဆုံးငါးပွဲမှာ ဆွီဒင်အသင်းက တစ်ပွဲနိုင်ပြီး ဆွစ်ဇာလန်အသင်းက နှစ်ပွဲနိုင်ထားပါတယ်။ ကျန်တဲ့နှစ်ပွဲကတော့ သရေရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံခဲ့တဲ့ သမိုင်းကြောင်းမှာလည်း ဆွစ်ဇာလန်အသင်းက အသာစီးရထားသလို လက်ရှိအချိန်မှာလည်း ဆွစ်ဇာလန်အသင်းက ကစားသမားအင်အားတောင့်တင်းမှုရှိနေတာကြောင့် ဆွစ်ဇာလန်အသင်းကပဲ အနိုင်ရလဒ်ကို ဖော်ဆောင်သွားဖို့ရှိနေပါတယ်။

### ကိုလံဘီယာ-အင်္ဂလန် နံနက် ၀၀း၃၀ နာရီ၊ ၄-၇-၂၀၁၈

ကိုလံဘီယာအသင်းဟာ အုပ်စုအဆင့်မှာ မထင်မှတ်ဘဲ ရမှတ်ခြောက်မှတ်နဲ့ အုပ်စုပထမနေရာရပြီး ၁၆ သင်းအဆင့်ကို တက်ခဲ့တာပါ။ အင်္ဂလန်အသင်းကတော့ အုပ်စုအဆင့်ပွဲစဉ်တွေမပြီးခင်မှာ ၁၆ သင်းအဆင့်ကို အုပ်စုပထမနေရာနဲ့ တက်လာလိမ့်မယ်လို့ ထင်ကြေးပေးခဲ့ကြပေမယ့် ဘယ်လ်ဂျီယံအသင်းကို ရှုံးနိမ့်ခဲ့ပြီး အုပ်စုဒုတိယနေရာနဲ့ တက်လှမ်းခွင့်ရရှိခဲ့ကာ ၁၆ သင်းအဆင့်မှာ ကိုလံဘီယာနဲ့ ထိပ်တိုက်တွေ့ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုကတော့ အပြန်အလှန်ရှိလာမှာပါ။ ကိုလံဘီယာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံးထားပါတယ်။ အင်္ဂလန်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ တစ်ပွဲရှုံးထားပါတယ်။ ကိုလံဘီယာအသင်းနဲ့ အင်္ဂလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့နောက်ဆုံးသုံးပွဲမှာတော့ အင်္ဂလန်အသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားတာကြောင့် ကိုလံဘီယာအသင်းဟာ အင်္ဂလန်အသင်းကို နိုင်ထားတာမရှိသေးပါဘူး။ ကိုလံဘီယာအသင်းဟာ ဖယ်ကာအို၊ ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ကွာဒရာဒိုတို့လို ကစားသမားတွေရှိနေပြီး ဂိုးသမားကလည်း ကမ္ဘာ့ဖလားအတွေ့အကြုံရှိထားတဲ့ အိုစပီနာလည်း ရှိနေပါတယ်။ ဒါပေမယ့် အင်္ဂလန်အသင်းဟာ ဟယ်ရီကိန်း၊ စတာလင်း၊ လင်ဂတ်၊ ဟန်ဒါဆန်၊ ထရစ်ပီယာ၊ ဝေါ်ကာ၊ ဂျွန်စတုန်း စတဲ့ လူငယ်ကစားသမားတွေရှိနေတာမို့ အသင်းလိုက်စုဖွဲ့မှုမှာတော့ အင်္ဂလန်အသင်းက အားသာချက်ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အခုကိုလံဘီယာအသင်းနဲ့ အင်္ဂလန်အသင်းတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုက စိတ်ဝင်စားစရာကောင်းနေပြီး နှစ်သင်းစလုံးဟာ အနိုင်ရလဒ်အတွက် လူစုံထုတ်ကစားလာမှာဖြစ်လို့ လူငယ်ကစားသမားအများစုနဲ့ တည်ဆောက်ထားတဲ့ အင်္ဂလန်အသင်းက အသာစီးရယူသွားဖို့ ရှိနေပါတယ်။

## FIFA WORLD CUP RUSSIA 2018 — ကမ္ဘာ့ဖလားပွဲစဉ်များ

| | | | | |
|---|---|---|---|---|
| ဆွီဒင် | Vs | ဆွစ်ဇာလန် | ဇူလိုင် ၃ ရက် ည ၈း၃၀ |
| ကိုလံဘီယာ | Vs | အင်္ဂလန် | ဇူလိုင် ၄ ရက် နံနက် ၀၀း၃၀ |

## FIFA WORLD CUP RUSSIA 2018 — ကမ္ဘာ့ဖလားပွဲပြီးရလဒ်များ

| | | | |
|---|---|---|---|
| ခရိုအေးရှား | ၄ - ၃ | ဒိန်းမတ် |
| ဘရာဇီး | ၂ - ၀ | မက္ကဆီကို |

ဌေးကြယ် - ရေးသားသည်

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း သုံးမျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း(မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Collagen GOLD Moistein-skin Day & Night Cream | ဖော်ပြမထားပါ။ | Mercury (+) |
| ၂။ | Kim Whitening Pearl With Callagen Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၃။ | S' ZITANG Purely Natural Plant Anti-speckle | ဖော်ပြမထားပါ။ | Mercury (+) |

၃။ တားမြစ်ဓာတုပစ္စည်း(မာကျူရီ)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။



Kim Whitening Pearl With Callagen Cream



Collagen GOLD Moistein-skin Day & Night Cream



S' ZITANG Purely Natural Plant Anti-speckle

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီ လက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၊ အပိုဒ်(ဃ)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဖမ်းဆီးခံ ရိုက်တာသတင်းထောက်နှစ်ဦးအား စွဲချက်တင်ရန် သင့်၊ မသင့် ဇူလိုင် ၉ ရက် အမိန့်ချမှတ်မည်

**ရန်ကုန် ဇူလိုင် ၂**

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့ကို ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ရောက်ရှိခဲ့ပြီး ခရိုင်တရားရုံး၏ တရားခွင်အမှတ်(၆) ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က စွဲချက်တင်ရန် သင့်၊ မသင့် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်များအား ကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးသတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင် တရားရုံး ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီး အမှုအမှတ်-၄ တရားလို ရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံးပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှ အမှုလိုက်ဥပဒေ အရာရှိက သုံးဦးကို ပယ်လိုက်တဲ့အတွက် တရားလိုပြသက်သေ ၂၂ ဦးထိ စစ်ဆေးခဲ့ပြီးဖြစ်ပါတယ်၊ ဒါကြောင့် အမှုအား ဆွဲချက်မတင်မီ စွဲချက်တင်ရန်သင့်၊ မသင့်ကို ယနေ့ရုံးချိန်းမှာ စွပ်စွဲခံရသူနှစ်ဦးရဲ့ နှစ်ဖက်ရှေ့နေတွေ လျှောက်လဲချက်ကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြည့်ပြည့်စုံစုံ ကြားနာရတာဖြစ်ပါတယ်၊ နောက်ရက်သတ္တပတ် ရုံးချိန်းကိုတော့ ဇူလိုင် ၉ ရက် တနင်္လာနေ့မှာ စွဲချက်တင်သင့်၊ မသင့် အမိန့်ကို ချမှတ်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# ရေပူစစ်ဆေးရေးအဖွဲ့က ကျပ်လေးသန်းခန့်တန်ဖိုးရှိ ပိတောက်ခွဲသားသစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂**

ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ဇူလိုင် ၁ ရက်က TOYOTA CROWN ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော ပိတောက်ခွဲသားသစ် သုည ဒသမ ၃၄၀၆ တန်နှင့် ပစ္စည်းတင်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၀၂၁ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင် ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၄၈ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၃၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈၂၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၆၅၆ သန်းခန့်)၊ စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၄၇၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘီးလင်းတွင် ယာဉ်နှစ်စီးတိုက်၊ နှစ်ဦးသေပြီး ခြောက်ဦးဒဏ်ရာရ

**ဘီးလင်း ဇူလိုင် ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အဝေးပြေးလမ်း စည်ပင်မြို့ဝင်ကြေးဂိတ်၌ ဇူလိုင် ၁ ရက် ညပိုင်းက ယာဉ်နှစ်စီးတိုက်မိ၍ လူနှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းအတိုင်း သထုံမှ ရန်ကုန်သို့ အသက်(၄၆)နှစ်အရွယ် အမျိုးသားမောင်းနှင်လာပြီး လူခုနစ်ဦး လိုက်ပါစီးနင်းလာသည့် ဟိုက်ဂျက်အဖြူရောင်ယာဉ်သည် ဘီးလင်းမြို့အထွက် စည်ပင်မြို့ဝင်ကြေးဂိတ်သို့အရောက် ဂိတ်ကြေးပေးရန်ရပ်စောင့်နေစဉ် နောက်မှ တွဲကားအဖြူရောင်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိခဲ့သည်။ နောက်မှဝင်တိုက်မှုကြောင့် ဟိုက်ဂျက်ယာဉ်မှာ လွင့်စဉ်တိမ်းမှောက်သွားကာ ယာဉ်ပေါ်ပါ အသက်(၇၂)နှစ် အရွယ် အမျိုးသားနှင့် အသက်(၆၂)နှစ်အရွယ် အမျိုးသမီးတို့မှာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့ပြီး ယာဉ်မောင်းအပါအဝင် အမျိုးသားငါးဦးနှင့် အမျိုးသမီး တစ်ဦးတို့ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုတွင် ထွက်ပြေးသွားသည့် တွဲကားယာဉ်မောင်းအား ဖမ်းဆီးရမိရေးဘီးလင်းမြို့မရဲစခန်းက ရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြင်းခြံတွင် မီးရထားနှင့် ထော်လာဂျီ တိုက်မှုဖြစ်၊ တစ်ဦးဒဏ်ရာရ

**မြင်းခြံ ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၂၀)ရပ်ကွက် မီးရထားသံလမ်းကူးတွင် ဇူလိုင် ၂ ရက်က မီးရထားနှင့် ထော်လာဂျီ တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘူတာကြီးမှ ထွက်ခွာလာသော အမှတ်(၁၁၈) အစုန်ရထားသည် ရွာကြီးဘူတာနှင့် မြင်းခြံဘူတာအကြားရှိ မြင်းခြံမြို့ အမှတ်(၂၀)ရပ်ကွက် မီးရထားသံလမ်းကူးတွင် ဦးနိုင်ဦး မောင်းနှင်လာသော ပြောင်းဖူးရိုးတင် ထော်လာဂျီဖြင့် ဝင်ရောက်တိုက်မိခြင်းဖြစ်သည်။

မီးရထားနှင့် ထော်လာဂျီတိုက်မှုကြောင့် မီးရထားစက်ခေါင်းရှေ့ခြမ်း ဝဲဘက်ရှိ မီးသီးနှင့် ယာဘက်ရှိ မီးသီးနှစ်လုံးကွဲကြေခြင်း၊ ကာတာပလင် ယာဘက်ခြမ်း ကျိုးကြေပျက်စီးသွားသည်။ ထော်လာဂျီမှာ ခေါင်းပိုင်းကျိုးကြေပြီး ယာဉ်မောင်း ဦးနိုင်ဦးတွင် ဝဲဘက်နားထင် ပွန်းပဲ့ဒဏ်ရာ၊ ဝဲဘက်ခါး နာကျင်ဒဏ်ရာ၊ ယာဘက်ဒူးခေါင်း ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မီးရထားနှင့် ထော်လာဂျီတိုက်မှုတွင် ပေါ့ဆစွာ ထော်လာဂျီ မောင်းနှင်သော မြင်းခြံမြို့နယ် လှိုင်းတက်ကျေးရွာနေ ယာဉ်မောင်း ဦးနိုင်ဦးအား မြင်းခြံမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# လှိုင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂**

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၉ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က ကလောမြို့အထွက် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း၌ စိုင်းပန်းနှင့် ဆန်ကောတို့နှစ်ဦးအား ဘိန်းဖြူဘလောက်တုံး ၁၀၀(အလေးချိန် ၃၅ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံး၊ မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်၍ ဇွန် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် စိုင်းပန်း(ခ)အိုက်ပန်နေထိုင်သည့် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၁၂) သပြေလမ်းရှိ နေအိမ်ကို ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများတွေ့ရှိရခြင်း မရှိသော်လည်း ၎င်းပိုင်ဆိုင်သည့် နေအိမ်ကို မနန်းမြလင်းဟုန်ထံသို့ ရောင်းချထားကြောင်း စိစစ်တွေ့ရှိရ၍ မွန်းလွဲ ၂ နာရီခွဲတွင် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ (၁၂) ရေသပြေလမ်း နေအိမ်ကို ရှာဖွေရာ မနန်းမြလင်းဟုန်အား နေအိမ်၌ အိုက်စ်တစ်ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၊ လက်ကိုင်ဖုန်း တစ်လုံး၊ မော်တော်ယာဉ်တစ်စီး နှင့်အတူ ထပ်မံဖမ်းဆီးရမိ၍ အရေးယူထားရှိပြီးဖြစ်သည်။

ကွင်းဆက်အရ ဇူလိုင် ၁ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မနန်းမြလင်းဟုန် ဝယ်ယူထားသည့် ရန်ကုန်မြို့ လှိုင်မြို့နယ် ကျောင်းကုန်း (၃)လမ်း တိုက်အမှတ်(၈၂၉) မြေညီထပ်နေအိမ်ခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇွန် ၃၀ ရက် ညနေ ၆ နာရီက ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့ အမှတ်(၃)ရပ်ကွက် ကသာ-ပုလွေရွှေသွား ကူးတို့ဆိပ်ကမ်း၌ နေဝင်းနှင့် ရန်အောင်စိုး(ခ)လေးဘက် တို့အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဘိန်းဖြူ ၁၇ ဂရမ်တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းတည့် ၁၂ နာရီက မိချောင်းအင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူးမြို့နယ် လိပ္ပတ်ကျေးရွာနေ သန်းဝင်း၏နေအိမ်ကို ရှာဖွေရာ သန်းဝင်းနှင့် သံချောင်း(ခ)လှမျိုးတို့အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၃၄၀၊ ငွေကျပ် ၂၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၇-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၈း၃၅ ဥပဒေရေးရာအဖြာဖြာ "အလည်လွန် အလွယ်လုပ် အလွဲဖြစ်" (ဝေဖြိုးဟိန်း၊ နေသစ်ခန့်၊ ဦးစံပေါ၊ ဒေါ်အမာကြည်၊ ခင်ဖြူဖြူသန့်၊ ဒေါ်မို့မို့သိန်း) (ဒါရိုက်တာ- ဝေဠု (ဝသန်))
၉း၁၀ ရာဇဝင်ထဲကသမိုင်းအနုပညာ "ဆယ်ပွင့်ပန်း" (ပန်းတော့လုပ်ငန်း)
၉း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
၁၀း၃၀ "အမျိုးသမီးကဏ္ဍမြင့်မားရေး အားလုံးပူးပေါင်း ဆောင်ရွက်ပေး"
၁၁း၃၀ "ကျေးလက်တေးသံနားဆင်ဖို့ ရိုးရာတူရိယာဖန်တီးစို့"
၁၂း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း- ၂၁)
၁၃း၁၀ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (သုံးရာသီအလှသဘာဝ၊ ခေတ်အဆင်နှင့်ယနေ့အသွင်၊ သံစဉ်ဖလှယ်ကြဂီတညီအစ်မ၊ အကယ်ဒမီရွှေပန်းချီအငြိမ့်ဖျော်ဖြေပွဲ) (အပိုင်း-၂)
၁၄း၂၀ Yes or No Talk Show
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၅၃)

**ညပိုင်း**

၁၆း၂၅ YTL (Science) "ချည်မျှင်နည်းပညာသစ်ရရှိစေခြင်း"
၁၇း၂၀ "ရေနံချောင်းမြို့မှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစေ့တစောင်း"
၁၇း၃၀ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈း၂၀ Football Magazine
၁၈း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (မော်ဒယ်သရုပ်ဆောင် တိုင်ရွှန်)
၁၈း၅၅ "CHOICE" (အပိုင်း -၇၃)
၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း -၂၂)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်ဖွံ့ဖြိုးရေး အခွန်မှန်မှန်ပေးဆောင်ပေး "ဝင်ငွေခွန်ဥပဒေနှင့်ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုလျှောက်ထားခြင်း အကြောင်းသိကောင်းစရာ"
- အနုပညာခန်းရိပ်သာ "အဆိုတော်အကော်ဒီယံ အုန်းကျော်အကြောင်းတွေ့ဆုံမေးမြန်းခြင်း"
- နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း -၃၁)
- အစီအစဉ်ပြီး၏။

# အမျိုးသမီးကောင်းတို့ဂုဏ်ရည်

နုခန့်ယဉ်(ရစ်ကန်ကြီး)

လူသားတို့တွင် အမျိုးသားနှင့် အမျိုးသမီးဟူ၍ နှစ်မျိုးရှိသည်။ အမျိုးသားပင်ဖြစ်စေ၊ အမျိုးသမီးပင်ဖြစ်စေ လူသားဟူသောပညတ်ချက်သည် တစ်ခုတည်းပင်ဖြစ်၏။ မြင့်မြတ်သောနေရာအချို့ကို အမျိုးသမီးများ တက်ရောက်ခွင့်မရှိခြင်းမှလွဲ၍ နေရာတိုင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများရင်ပေါင်တန်း၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြသည်ဆိုလျှင် မှားမည်မဟုတ်ချေ။ ယခုခေတ်တွင်သာမဟုတ် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့သည် အမျိုးသားများနှင့်ရင်ပေါင်တန်း၍ ဆောင်ရွက်ခဲ့ကြသည့်အဖြစ်အပျက်များရှိခဲ့ကြပါသည်။ မိမိတို့စွမ်းဆောင်နိုင်သလောက် ကာကွယ်ရေးလုပ်ငန်းများတွင်လည်း ပါဝင်ခဲ့ကြ၏။ ရဲရဲတောက်သတ္တိနှင့်ပင် မြန်မာဟေ့ဟု ဝင့်ကြွားစွာတိုက်ပွဲဝင်ရာတွင်လည်း အမျိုးသမီးများ ပါဝင်ခဲ့သည်။ မြန်မာ့သွေး၊ မြန်မာ့မာန်ကို ကမ္ဘာကသိအောင်ပင် ပြသနိုင်ခဲ့ကြ၏။

ကိုလိုနီခေတ်တွင် မြန်မာအမျိုးသမီးများသည် နယ်ချဲ့ကိုဆန့်ကျင်ရာ၌ အမျိုးသားများနှင့်အတူ ရင်ပေါင်တန်း၍ ပါဝင်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးဝင် သခင်မများအဖြစ်ဖြင့် ရဲရဲဝံ့ဝံ့ပါဝင်ဆင်နွှဲခဲ့ကြ၏။ လွတ်လပ်ရေးရပြီးနောက်တွင် မြန်မာအမျိုးသမီးတစ်ဦးဖြစ်သည့် (ထားဝယ်သူ) သူရမချစ်ပိုသည် အဖျက်သမားတို့အား ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်၍ အသက်ကိုစတေးခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။ အားနွဲ့သည့် မိန်းမသားဖြစ်သော်လည်း ဒူးမထောက်၊ လက်မမြှောက်ဘဲ မိမိကိုယ်အား၊ ဉာဏ်အားရှိသရွေ့ ရရာလက်နက်စွဲကိုင်ကာ တိုက်ပွဲဝင်ခဲ့ခြင်းပင်ဖြစ်သည်။

**မြန်မာအမျိုးသမီးတို့၏ သစ္စာမေတ္တာ**

မြန်မာအမျိုးသမီးတို့၏ သစ္စာတရားကြီးမားပုံမှာ ရာဇဝင်တွင်စာတင်ခဲ့ရပေသည်။ ပုဂံခေတ်တွင် ပေါ်ပေါက်ခဲ့သော ပုပ္ပားနတ်တောင်ကဗျာ၌ 'ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်၊ နှလုံးမခြား၊ စောင့်တရား'ဟုပင် ဖော်ကျူးခဲ့ကြသည်မဟုတ်ပါလား။ မိန်းမသားဟူသည် အသက်နှင့် လူလုပ်ရသည်မဟုတ်၊ အရှက်နှင့် လူလုပ်ကြရသည်ဟူသော ဆုံးမစကားကို တစ်သဝေမတိမ်းနားထောင်ကြသည်။ ထို့ကြောင့်သာ အရှက်ကိုအသက်နှင့်စတေးသွားသော ဖြစ်စဉ်ပေါင်းများစွာ ကြားသိနေကြရခြင်းဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်များအတွက်လည်း မိခင်ဟူသောဂုဏ်ပုဒ်နှင့်အညီ သစ္စာတရားကို ရင်ဝယ်ပိုက်ပြီး ပြုမူနေထိုင်ကြရပေသည်။

မြန်မာအမျိုးသမီးတို့သည် မေတ္တာတရားကြီးမားကြသည်။ ဇနီးမယားဖြစ်သူသည် လင်ယောကျ်ားကို သာမက မိဘ၊ ယောက္ခမတို့ကိုလည်း ရိုသေစွာလုပ်ကျွေးပြုစုရပြန်သည်။ သားကိုသခင်၊ လင်ကိုဘုရား ဟူသော စကားက မြန်မာအမျိုးသမီးတို့၏ ဇနီးမယားနှင့် မိခင်မေတ္တာတရားကို ဖော်ပြနေပေသည်။ ပုဂံခေတ်သိယ်သူ့သမီးကျောက်စာတွင် အလှူဒါနကို အမျှဝေရာ၌ ရေမြေ့သခင်ဖြစ်သော မင်းကြီးလည်းရပါစေဟု ဦးစွာဖော်ပြထားခြင်းမှာ ခင်ပွန်းအပေါ် သစ္စာမေတ္တာကြီးမားပုံမှာ ပေါ်လွင်နေသည်။ ထို့အပြင် မိဖုရားဖွားစောကျောက်စာ၌ ငါ့လင်သခင်မင်းကြီး၊ ငါ့သားမင်းကြီးဟူ၍ ဖော်ပြပါရှိသည်။ မာနသံလွှမ်းမိုးနေသည်မှန်သော်လည်း သားကိုသခင်၊ လင်ကိုဘုရားဟု ဦးစားပေး၍ မေတ္တာထားခဲ့သည်မှာ အထင်အရှားပင်ဖြစ်သည်။

**မြန်မာအမျိုးသမီးတို့၏ ထိန်းသိမ်းမှုနှင့် ကိုယ်ကျင့်တရား**

ရှေးမြန်မာမင်းများလက်ထက်တွင် မိဖုရားခေါင်ကြီးကို ဘုရင်မင်းမြတ်နှင့်အတူ ပြည်ထောင်ဖက်ဟု သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်။ သာမန်အရပ်သားလောက၌လည်းခင်ပွန်းဖြစ်သူကဇနီးသည်အား 'ရှင်မ'ဟု တလေးတစားခေါ်ဝေါ်ကြ၏။ ခင်ပွန်းဖြစ်သူကို အိမ်ဦးနတ်ကဲ့သို့ ရိုသေလေးစားသဖြင့် ဇနီးသည်အား 'ရှင်မ'ဟု ရိုသေလေးစားကြခြင်းဖြစ်သည်။ အိမ်ထောင်ရှင်အမျိုးသမီးတို့သည် မယားဝတ္တရားငါးပါးနှင့်အညီ ကျင့်ကြံနေထိုင်ကြရသည်။ ခင်ပွန်းရှာဖွေသော ဥစ္စာပစ္စည်းများကို စီးတဲ့ရေ၊ ဆည်တဲ့ကန်သင်း ဟူသော စကားနှင့်အညီ ဇနီးသည်တို့က စီမံခန့်ခွဲ၍သုံးစွဲကြရသည်။ စုဆောင်းတတ်ကြရသည်။ 'အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ' ဟူသောစကားအတိုင်း အိမ်မှုကိစ္စအဝဝကို ကျွမ်းကျင်ပိုင်နိုင်ကြသူများလည်းဖြစ်သည်။ ထို့ကြောင့်ပင် မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဟူ၍လည်းကောင်း မိန်းမတို့ကျွန်ခြေ ရွှေပေး၍မရဟူ၍လည်းကောင်း မြန်မာအမျိုးသမီးတို့၏ ထိန်းသိမ်းမှု ကိုယ်ကျင့်တရားကို ဖော်ကျူးကြခြင်းဖြစ်သည်။

**အမျိုးသမီးများနှင့် စာပေ**

ရှေးခေတ်မြန်မာအမျိုးသမီးတို့သည် မိဘများနှင့်ရင်အုပ်မကွာနေထိုင်ကြရသည်။ စာပေပညာတွင် ရေးတတ်၊ ဖတ်တတ်ရုံမျှသာ ပညာသင်ကြားလေ့ ရှိကြသည်။ သို့သော်လည်း ၁၉၃၀ ပြည့်နှစ်မှစ၍ အမျိုးသမီးများအနေဖြင့် အထက်တန်းပညာကို သင်ယူသင့်ကြောင်း သတင်းစာ၊ ဂျာနယ်များမှ လှုံ့ဆော်တိုက်တွန်းလာကြသည်။ ကောလိပ်ကျောင်းသူများအဖြစ် ရောက်ရှိလာကြ၏။ ဘီအေဘွဲ့များရရှိပြီး ဘီအေ ဘွဲ့ရများထုံးနှောင်သည့် ဘီအေမဆံထုံးဟုပင် တစ်ခေတ်တစ်ခါခေတ်စားလာခဲ့သည်။ ခေတ်ပညာတတ် မြန်မာအမျိုးသမီးတို့၏အပြင်အဆင်ကို အခြားအမျိုးသမီးများပါ အတုယူလာကြတော့သည်။

ပုဂံခေတ်တွင် သံဗျင်မင်းသမီးသည် ရဟန်းတော်များကိုပင် စာချပေးနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးများထဲမှ ပထမဆုံးဆေးပညာကို လေ့လာလိုက်စားခဲ့သူမှာ ဒေါ်စောဆ၊ ပထမဆုံးမဟာဝိဇ္ဇာဘွဲ့ရရှိပြီး အင်္ဂလန်သို့ ပညာတော်သင်သွားရောက်ကာ ဘီလစ်ဘွဲ့ရခဲ့သည့် ဒေါ်မြစိန်နှင့် ဒေါ်ခင်ခင်ကြီး၊ မြန်မာအမျိုးသမီးများထဲမှ ပထမဆုံးဝတ်လုံဘွဲ့ရရှိသူမှာ ဒေါ်ဖွားမှီ၊ ၁၉၂၆ ခုနှစ်တွင် ဘီအယ်လ်အောင်ကာ လွှတ်တော်ဝန်ထောက်ဖြစ်လာသူ ဒေါ်မေမေခင်တို့သည် မြန်မာအမျိုးသမီးလောက၏ ပညာရေးကို ဦးဆောင်ခဲ့ကြသူများဖြစ်သည်။ အမျိုးသမီးတို့၏ ကြိုးပမ်းမှု အစွမ်းကအံ့မခန်းပင်။

**ဘာသာ၊ သာသနာနှင့် မြန်မာအမျိုးသမီး**

မြန်မာအမျိုးသမီးတို့၏ ဘာသာတရားရိုသေကိုင်းရှိုင်းမှုမှာ ပုဂံခေတ်ကတည်းကပင် အထင်အရှားရှိခဲ့ပါသည်။ ပုဂံခေတ် ကျောက်စာတစ်ချပ်ဖြစ်သော သိယ်သူ့သမီးကျောက်စာတွင် အမျိုးသမီးတစ်ဦး၏ ဒေါသကင်းသောစိတ်၊ လိုချင်တပ်မက်ခြင်းကင်းသောစိတ်၊ သနားတတ်သောစိတ်၊ ပညာဖြင့် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သောစိတ်၊ ရတနာသုံးပါးကို မမေ့မလျော့သောစိတ်တို့ကို တွေ့မြင်နိုင်သည်။ ထို့အပြင် မိဖုရားဖွားစောကျောက်စာ၌မူ ရဟန်းသံဃာတော်များအတွက် လိုအပ်ချက်မရှိရလေအောင် အာဟာရအတွက် နွားများကို လှူဒါန်းခြင်းမှာ ဘာသာ၊ သာသနာအတွက် မည်မျှအထောက်အပံ့ဖြစ်စေခဲ့သည်ကို ဖော်ပြနေပေသည်။ အင်းဝခေတ်တွင် ရှင်စောပုဘုရင်မကြီးသည် ဟံသာဝတီနန်းကို စိုးပိုင်နိုင်ခဲ့ရုံသာမက သာသနာပြုနိုင်ခဲ့သော ဘုရင်မကြီးတစ်ပါးပင်ဖြစ်၏။ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့သည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ သာသနာ့အကျိုးဆောင်ရွက်ခဲ့သည်မှာ သမိုင်းအထင်အရှားပင် မဟုတ်ပါလော။ ယခုမျက်မှောက်ခေတ်၌လည်း တရားအလှူများ၊ ကျောင်းကန်ဘုရား ဝေယျာဝစ္စများတွင် အမျိုးသမီးထု များစွာပါဝင်နေကြပြီဖြစ်သည်။

**အမျိုးသမီးများနှင့် စီးပွားရေး**

ရှေးယခင်က အိမ်မှုစီးပွားကို ယောကျ်ားသားများကသာ ရှာဖွေကြရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အိမ်ရှင်မများဘဝမှ စီးပွားရေးလုပ်ငန်းရှင်များအသွင်သို့ ပြောင်းလဲလာကြသည်။ အေးအတူ၊ ပူအမျှ ဆိုးတူကောင်းဖက်ဆိုသကဲ့သို့ အမျိုးသားများနှင့်ရင်ပေါင်တန်းလာကြသည်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက်စကားအတိုင်း စီးပွားကို အတူရှာဖွေလုပ်ကိုင်လာကြသည်။ ယခုခေတ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်ခဲ့ပေပြီ။ လုပ်ငန်းခွင် အမျိုးမျိုး၊ လုပ်ငန်းဌာနအမျိုးမျိုးတို့၌ အမျိုးသမီးဦးရေသည် ပိုမိုများပြားလာခဲ့ပေသည်။ အထူးသဖြင့် အနာဂတ်လူငယ်များအတွက် အရေးပါသော ပညာရေးကဏ္ဍတွင် အမျိုးသမီးများအနေဖြင့် လွှမ်းမိုးနေရာယူထားကြပြီဖြစ်သည်။

**အမျိုးသမီးများနှင့် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍ**

အမျိုးသမီးများသည် နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍများတွင်လည်း ပါဝင်ခဲ့ကြသည်။ တက္ကသိုလ်အသီးသီးတွင် အမျိုးသမီးပါမောက္ခများရှိသကဲ့သို့ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများတွင်လည်း အမျိုးသမီးအင်ဂျင်နီယာများရှိနေခဲ့ချေပြီ။ မြန်မာ့ဂုဏ်ဆောင်အားကစားသမားများတွင်လည်း အမျိုးသမီးများပါဝင်ကြသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးအခန်းကဏ္ဍအသီးသီးတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းဆောင်ရွက်နေကြပြီဖြစ်ပေသည်။

**မြန်မာအမျိုးသမီးများနေ့**

စွမ်းရည်ပြည့်ဝသော အမျိုးသမီးများကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အမျိုးသမီးများနည်းတူ ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းခဲ့သည်။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာအလိုက် အမျိုးသမီးတို့၏ဘဝ ကာကွယ်မှု၊ ပြုစုပျိုးထောင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးတို့ဘဝမြှင့်တင်ရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုများမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုမှ တားဆီးကာကွယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြသည်။ အလုပ်လက်မဲ့ အမျိုးသမီးများအတွက် စက်ချုပ်သင်တန်း၊ အလှပြင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေး၍ လုပ်ငန်းရှာဖွေပေးကြသည်။

**ပန်းရနံ့တို့သင်းပျံ့တော့မည်**

ယနေ့ပညာခေတ်နှင့်အညီ အမျိုးသမီးတို့သည် ပညာရေးအသိအမြင် ကြွယ်ဝလာကြသည်။ အမျိုးသမီး စွမ်းဆောင်ရှင်များအသင်းများ ပေါ်ပေါက်လာခဲ့ပြီ။ အသိပညာပေး၊ အတတ်ပညာပေး လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ကြသည်။ ကျေးလက်ဒေသအထိ ပညာရေးအသိများ အိမ်ရှင်မများထံ ဖြန့်ဝေကြသည်။ အသိပညာကြွယ်ဝသော အိမ်ရှင်မများ ဖြစ်လာသည်နှင့်အညီ မျိုးဆက်သစ်တို့၏ ဘဝသည်လည်း ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်မှာ မလွဲဧကန်ပင်။ ပုခက်လွှဲသောလက်သည် တိုင်းပြည်ကို အုပ်စိုးနိုင်သည်ဆိုသကဲ့သို့ မဝေးသောအနာဂတ်တွင် လှပသောအနာဂတ်ပန်းကလေးများ ဖူးပွင့်လာကြတော့မည်။ ပွင့်သောပန်းတိုင်းလည်း ရနံ့သင်းပျံ့လာမည်မှာ အမှန်တရားပင်ဖြစ်နေတော့မည်။ စွမ်းရည်ပြည့်ဝသော အမျိုးသမီးများအဖြစ် ရပ်တည်၍ အနာဂတ်အတွက် ဂုဏ်ယူဖွယ်ဖြစ်အောင် ကြိုးစားကြပါစို့ဟု တိုက်တွန်းရေးသားရပေသည်။ ။

> " တက္ကသိုလ်အသီးသီးတွင် အမျိုးသမီးပါမောက္ခများ ရှိသကဲ့သို့ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများတွင်လည်း အမျိုးသမီးအင်ဂျင်နီယာများရှိ... နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေး အခန်းကဏ္ဍ အသီးသီးတွင်လည်း အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း... "

## မင်းလှမြို့တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**အထက်မင်းလှ ဇူလိုင် ၂**

သရက်ခရိုင် မင်းလှမြို့နယ် သံပုရာကန်ကျေးရွာအုပ်စု မန်းသံပုရာကန်စက်ရုံစု အားကစားဝင်းအနီး၌ ဇူလိုင် ၂ ရက် နံနက် ၈ နာရီခွဲက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပွဲကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ပျိုးပင်များကိုပေးအပ်ခဲ့ကြပြီး သစ်ပင်စိုက်ပျိုးပွဲလာရောက်ကြသည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မန်းသံပုရာကန်စက်ရုံစုမှ ဝန်ထမ်းများ၊ မြို့ပေါ်ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများက ကျွန်း၊ ယူကလစ်၊ လျှော်ဖြူ၊ မဲဇလီ၊ ကုက္ကို၊ ရင်းမာ၊ ဖျောက်ဆိပ်စသည့် ပျိုးပင်ပေါင်း ၃၈၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုသက် (အထက်မင်းလှ)**

## ကျွန်းလှမြို့နယ်၌ မိုင်းဝန်းချောင်းကူးတံတား ရာနှုန်းပြည့်တည်ဆောက်ပြီးစီး၍သွားလာရေးအဆင်ပြေ



**ကျွန်းလှ ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည် အနောက်ဘက်ခြမ်းရှိ ဝေလမှုကျေးရွာနှင့် သက္ကယ်ကျင်းကျေးရွာကြား မိုင်းဝန်းချောင်းကူးတံတားမှာ ရာနှုန်းပြည့်တည်ဆောက်ပြီးစီး၍ သွားလာရေးအဆင်ပြေကြောင်း သိရသည်။

မိုင်းဝန်းချောင်းကူးတံတား ( ၄၃၇× ၁၀× ၁၂) ပေသံပေါင်၊ အသားခင်း၊ လက်ရန်းပါကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သံပေါင်များ ထောက်ပံ့မှု၊ ကျေးရွာအုပ်စုလေးအုပ်စု ပြည်သူများ၏ လုပ်အား၊ အလှူရှင်များလှူဒါန်းမှုတို့ဖြင့် ငွေကျပ်သိန်း ၈၀၀ ခန့် ကုန်ကျခံ၍ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ စတင်တည်ဆောက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သက္ကယ်ကျင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းကိုက ပြောကြားသည်။

သဖန်းဆိပ်ဆည် အနောက်ဘက်ခြမ်းတွင် မိုင်းဝန်းချောင်းရှိပြီး ချောင်းရေလာချိန်များတွင် ရေစီးသန်၍ သွားလာရေးခက်ခဲကြောင်း၊ ချောင်းကူးရာတွင် အခကြေးငွေ ပေးကူးရကြောင်း၊ ယခုလို တံတားအခိုင်အမာတည်ဆောက်ခြင်းဖြင့် ကျေးရွာပေါင်း ၃၀ ကျော်မှ ပြည်သူများ ရာသီမရွေး သွားလာနိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ လူမှုရေးနှင့် ကုန်စည်ကူးသန်းမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



# သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂**

သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) ဒက္ခိဏသင်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းများ ဖွင့်လှစ်ပေးရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ဦးစီးအရာရှိ ၃၅ ဦးတို့အား သတင်းစီးဆင်းမှု၊ သတင်းအရင်းအမြစ်များ ရှာဖွေခြင်း၊ သတင်းအခြေခံဖွဲ့စည်း တည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ ဆောင်းပါးရေးသားခြင်း၊ သတင်းဖတ်သူ၏ရှုမြင်ပုံ၊ သတင်းစာရှင်းလင်းပွဲကဏ္ဍ၊ Online အသုံးပြု၍သတင်းများထုတ်ပြန်ခြင်း၊ သတင်းမီဒီယာ ဥပဒေ၊ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းဓာတ်ပုံပညာ စသည့်ဘာသာရပ်များကို ရက်သတ္တ နှစ်ပတ်ကြာ စာတွေ့လက်တွေ့ ဆွေးနွေးသင်ကြားပို့ချသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများတက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် သတင်းထုတ်ပြန်ရေးလုပ်ငန်းများကို ပိုမိုသွက်လက်မြန်ဆန်ပြီး ပြည်သူများအချိန်နှင့်တစ်ပြေးညီ သတင်းအမှန်များသိရှိနိုင်စေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်းများအား သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ရွှေကုက္ကို**

# ဆေးတက္ကသိုလ်(မန္တလေး)အနုပညာအသင်းက ကြီးမှူး၍ အလှမယ်ရွေးချယ်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂**

ဆေးတက္ကသိုလ်(မန္တလေး)အနုပညာအသင်းက ကြီးမှူး၍ဒုတိယအကြိမ် MISS UMM(2018)အလှမယ်ရွေးချယ်ပွဲကို ဇူလိုင် ၁ ရက် ညနေ ၆ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ကျော်နှင့် အမှုဆောင်များ၊ ဆေးတက္ကသိုလ်ဘွဲ့လွန်နှင့် ဘွဲ့ကြိုကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် အကဲဖြတ်ဒိုင်အဖွဲ့ ခေါင်းဆောင်က ပြိုင်ပွဲစည်းကမ်းများအား ရှင်းလင်းပြောကြားပြီး ဆေးတက္ကသိုလ် (မန္တလေး) ပထမနှစ်သင်တန်းမှ နောက်ဆုံးနှစ် (အပိုင်း-ခ) သင်တန်းသူအလှမယ် ၁၆ ဦးတို့က မြန်မာဝတ်စုံ၊ ညနေခင်းပွဲတက်ဝတ်စုံ၊ Talent Showများ၊ ဉာဏ်စမ်းအမေးအဖြေကဏ္ဍများဖြင့် အဆင့်ဆင့်ယှဉ်ပြိုင်ကြသည်။

အကဲဖြတ်ဒိုင်အဖွဲ့က ကိုယ်ဟန်အနေအထားများအား အမှတ်ပေးရွေးချယ်ရာ Winnerဆုကို အလှမယ်နှင်းအိမ့်ခြယ်၊ 1st runner upဆုကို အလှမယ်ထူးရတနာဝင်း၊ 2nd runner upဆုကို အလှမယ်ဆုဆုပိုင်၊ 3rd runner upဆုကို နှင်းဦးဝေဝေတို့ကရရှိပြီး ဆုများကိုဆေးတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်၏ ဇနီးနှင့်တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

အလှမယ်ပြိုင်ပွဲနှင့်အတူ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ အကအလှဖျော်ဖြေမှုများ၊တေးသီချင်းဖျော်ဖြေမှုများ ပါဝင်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**



# တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ လည်ပတ်

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ် ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိသည်။

ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ တာချီလိတ်နယ်စပ်ဝင်ထွက်ပေါက်မှတစ်ဆင့် ညအိပ်၊နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွား ဧည့်သည် ၁၈၁၇၂ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၁၃ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၀၉ ဦးရှိကြောင်း သိရသည်။




နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည် အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလော့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ဝမ်ကောင်းဈေး၊ ကိုးမြို့ရှင်နတ်နန်း၊ ရွှေတိဂုံစေတီတော်၊ မြို့လယ်ဓမ္မာရုံ၊ ပဒေါင်ကျေးရွာ၊ နဂါးနှစ်ကောင် ဆရာတော်ကျောင်း၊ ကွမ်ရင်မယ်တော်တရုတ်ဘုံကျောင်း၊ ကျောက်တန်းဈေးများသို့ သွားရောက် လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ဈေးတန်းကြီး ဘုန်းကြီးကျောင်း၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခုံကျောင်း၊ မြဘုရားကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျှန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီ၊ စံပြယန်းလောကျေးရွာ၊ ကတ်တောင်ကျေးရွာအနီးရှိ ကိုးထပ်ရေတံခွန်စသည့် အထင်ကရနေရာများသို့ သွားရောက် လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားသားခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၂၈ ရက်အထိ ထိုင်းနိုင်ငံသားနှင့် တတိယ နိုင်ငံသားအများစု ပါဝင်သော နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၁၉၈၆၁၄ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံ ခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၂၁၀၆ ဦးနှင့် ဗီဇာဖြင့် တာချီတ်လိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက်လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၁၆၉၀ တို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်းသိရသည်။

**ကြေးမုံ**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

**စေတုတ္တရာ ဇူလိုင် ၂**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇွန် ၁ ရက် နံနက် ၈ နာရီတွင် စေတုတ္တရာ-စလင်းကားလမ်း မိုင်တိုင်အမှတ် (၂၁/၆) အနီး၌ ကျင်းပသည်။

အဖိုးတန်သစ်မျိုးများ ဖြစ်သည့် ကျွန်းအပင် ၂၀၀၊ ပိတောက်အပင် ၂၀၀၊ မန်ဂျန်ရှားအပင် ၂၀၀၊ ပျဉ်းကတိုး အပင် ၂၀၀၊ သင်းဝင်အပင် ၂၀၀ စုစုပေါင်း အပင် ၁၀၀၀ တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# ညောင်ဦးမြို့နယ်တွင် ဒေသခံကျေးလက်နေပြည်သူများအား အခမဲ့ကွင်းဆင်း ဆေးကုသပေး

**ညောင်ဦး ဇူလိုင် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာန ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်သိန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများသည် ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာကော်မတီမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ဇူလိုင် ၂ ရက် နံနက် ၈ နာရီက ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာရှိ တောင်ဇင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဒေသခံကျေးလက်နေပြည်သူများအား ကျန်းမာရေးကောင်းမွန်စွာ နေထိုင်သွားနိုင်ရေး အခမဲ့ကွင်းဆင်း ကုသမှုများ ပြုလုပ်ခဲ့သည်။

"လာရောက် ကုသကြတဲ့ ရောဂါဝေဒနာရှင်တွေအနေနဲ့ လူနာဦးရေ ၁၀၄ ဦး ရှိပါတယ်၊ လာရောက်ဆေးကုသတဲ့ လူနာတွေကိုလည်း ကျန်းမာရေးစမ်းသပ်စစ်ဆေးပြီး ဆေးဝါးတွေနဲ့ အခမဲ့ကုသပေးတာဖြစ်ပါတယ်၊ ဆက်လက်ပြီးတော့လည်း ယခုလို မိုဘိုင်းကွင်းဆင်းကုသခြင်းလုပ်ငန်းကို မြို့နယ်အတွင်း ကျန်ရှိတဲ့ကျေးရွာတွေကို ကွင်းဆင်းကုသပေးဖို့ စီစဉ်ဆောင်ရွက် သွားမှာဖြစ်ပါတယ်" ဟု ညောင်ဦးခရိုင် ကျန်းမာရေးဦးစီးဌာန ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်သိန်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ဒီပဲယင်း ဇူလိုင် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းရှိ ဆင်ရောက်ကြီး၊ ဆင်ရောက်ငယ်နှင့် ကျွဲတပ်ကျေးရွာတို့တွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ကျွဲတပ်ကျေးရွာ စာသင်ကျောင်းဝင်းအတွင်း ကျင်းပသည်။

ဒီပဲယင်းမြို့နယ်အတွင်းရှိ ဆင်ရောက်ကြီး၊ ဆင်ရောက်ငယ်နှင့် ကျွဲတပ်ကျေးရွာတို့တွင် ဖယောင်းတိုင်မီးနှင့် ဆိုလာစနစ်တို့ကို အသုံးပြုရာမှ ယခုအခါတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရေးကို လုပ်ဆောင်နိုင်ခဲ့သဖြင့် ကျေးရွာနေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

ဆင်ရောက်ကြီး၊ ဆင်ရောက်ငယ်နှင့် ကျွဲတပ်ကျေးရွာတို့တွင် အိမ်ခြေ ၁၃၈ လုံးရှိပြီး ၂၄ နာရီလျှပ်စစ် မီးလင်းရေးကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ငွေကျပ် သိန်း ၄၀၀ အကုန်ကျခံကာ အိမ်သုံးမီတာ ၁၃၂ လုံးတပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**



## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ငဝန်ရေကာတာပြုပြင်ပြီးစီးမှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ပုသိမ် ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဇူလိုင် ၁ ရက်တွင် (၂၅ ဒသမ ၃၀ ပေ) စိုးရိမ်ရေအမှတ်အောက် နှစ်ပေခန့်ရောက်ရှိနေပြီး အဆိုပါနေ့ ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ငဝန်ရေကာတာပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပုသိမ်ခရိုင်အတွင်းရှိ ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်တို့တွင် ငဝန်ရေကာတာစုစုပေါင်း မိုင်အရှည် ၃၆ မိုင် ၇ ဖာလုံရှိပြီး ယခုနှစ်မိုးရာသီမတိုင်မီ ရေကာတာပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဖြိုးမြင့်နှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဌေးတို့က ရှင်းလင်းပြသခဲ့ပြီး ရေကာတာကြံ့ခိုင်မှု ပိုမိုကောင်းမွန်စေရေးနှင့် သဘာဝဘေး(ရေဘေး) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မိုးရာသီကုန်ဆုံးပြီးချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ရေကာတာထိန်းသိမ်းပြုပြင်မှုလုပ်ငန်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ အစိုးရအဖွဲ့ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

ယခုနှစ် မိုးရာသီမတိုင်မီပုသိမ်ခရိုင်အတွင်းရှိ ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်များရှိ ငဝန်ရေကာတာ၌ ဘဏ္ဍာနှစ်အလိုက်ပြုပြင်ရန် လိုအပ်လျက်ရှိသော စုစုပေါင်းမိုင်အရှည် ၂၉ မိုင် ၇ ဖာလုံ၌ ပြုပြင်ပြီးစီးခဲ့ပြီး နှစ်စဉ်ပုံမှန်မြစ်ရေကြီးမြင့်မှုများအား ကာကွယ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ရေဘေးကြိုတင်ကာကွယ်ရေးနှင့် ရေကာတာထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း အဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနထံမှ သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးသင်တန်းဖွင့်

**လက်ပံတန်း ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ် ကျန်းမာရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက လက်ပံတန်းမြို့နယ် (၂) လမ်းခန်းမ၌ ကျင်းပသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာရဲဝင်းက ကျောင်းသားလူငယ်များ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများ သိရှိကျင့်သုံးစွဲမြဲလာစေရန်နှင့် ကျောင်းသား လူငယ်များ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းရှိလူအားလုံး ကျောင်းကျန်းမာရေး မြှင့်တင်ရေးလုပ်ငန်းစဉ်များအတိုင်း ကျန်းမာရေးစောင့်ရှောက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို လက်ပံတန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ် ဆရာ၊ ဆရာမ ၂၀၆ ဦးနှင့် ကျန်းမာရေးဝန်ထမ်း ၁၀၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ပဲခူးတွင် မျက်စိ ခွဲစိတ်ကုသပေးခြင်းနှင့် မျက်မှန်များတပ်ဆင်ပေး



**ပဲခူး ဇူလိုင် ၂**

ပဲခူးမြို့ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဒေသကြီး (၄)တွင် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့် ဝန်ထမ်းများ၊ ကနေဒါနိုင်ငံအခြေစိုက် ဂျင်ဗောဓိ အလင်းရောင်ပေးခြင်း ပရဟိတအဖွဲ့တို့ပူးပေါင်းပြီး ဇူလိုင် ၂ ရက် နံနက် ၉ နာရီက မျက်စိခွဲစိတ်ပေးခြင်းနှင့် မျက်မှန်တပ်ဆင်ပေးခြင်း အခမ်းအနားပြုလုပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဒေသကြီး (၄)၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးက မျက်စိနှင့်ပတ်သက်သည့် ရှောင်ရန်၊ ဆောင်ရန်များ၊ မျက်စဉ်းဆေး အသုံးပြုပုံများကို မျက်စိဝေဒနာရှင်များ အသိပညာဗဟုသုတရရှိစေရန် ရှင်းလင်းပြောကြားပြီး ကနေဒါနိုင်ငံအခြေစိုက် ဂျင်ဗောဓိအလင်းရောင်ပေးခြင်း ပရဟိတအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မျက်စိခွဲစိတ်လှူဒါန်းပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုဦးနှင့် ဝန်ထမ်းများ၊ ဂျင်ဗောဓိ ပရဟိအဖွဲ့မှ တာဝန်ရှိသူများက မျက်စိခွဲစိတ်ပြီး လူနာများအား မျက်စဉ်းဆေးခတ်ပေးခြင်း၊ မျက်မှန်တပ်ဆင်ပေးခြင်းများ ပြုလုပ်ပေးကြပြီး ကူညီပံ့ပိုးပေးသည့် ဂျင်ဗောဓိ အလင်းရောင်ပေးခြင်း ပရဟိတအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းပေးအပ်ခဲ့သည်။

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဒေသကြီး (၄) ပဲခူးမြို့မှ ကျန်းမာရေးဝန်ထမ်းများနှင့် ကနေဒါနိုင်ငံအခြေစိုက် ဂျင်ဗောဓိ အလင်းရောင်ပေးခြင်း ပရဟိတအဖွဲ့တို့ပူးပေါင်းပြီး မျက်လုံးအတွင်းတိမ်ကို အလင်းပို့ပေးခြင်း အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ဇွန်လအတွင်းက ဖြူးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၅၀၆ ဦးအား ကွင်းဆင်းစမ်းသပ်စစ်ဆေးပေးခြင်းများ ပြုလုပ်ခဲ့ပြီး အဆိုပါဝေဒနာရှင်များထဲမှ ခွဲစိတ်ရန်လိုအပ်သော မျက်စိဝေဒနာရှင် ၁၅၉ ဦးအား ခွဲစိတ်ကုသမှုပြုလုပ်ပေးခြင်း၊ မျက်မှန်တပ်ဆင်ရန်လိုအပ်သော လူနာ ၁၂၈ ဦးအား မျက်မှန်များတပ်ဆင်ပေးအပ်ခြင်းတို့ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## သန်လျင်ဆေးရုံကြီးအတွင်းရှိ လေလွင့်ခွေးများအား မျိုးပွားမှုထိန်းချုပ်ခြင်းနှင့် ကာကွယ်ဆေးများထိုးပေး

**ရန်ကုန် ဇူလိုင် ၂**

သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးနှင့် သန်လျင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ဆေးကုဆရာဝန်များ ပရဟိတအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ သန်လျင် ပရဟိတအဖွဲ့များပူးပေါင်းကာ ဇူလိုင် ၁ ရက် နံနက်ပိုင်းက သန်လျင်ဆေးရုံကြီးအတွင်းရှိ လေလွင့်ခွေးများအား မျိုးပွားမှုထိန်းချုပ်ခြင်း၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ လေလွင့်ထိန်းသိမ်းရေး ခွေးဂေဟာများသို့ ပို့ဆောင်ခြင်းလုပ်ငန်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့သည်။

သန်လျင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော ပြည်သူများအား တိရစ္ဆာန်များမှ ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ ဆေးရုံအတွင်း လေလွင့်ခွေးများအား အကောင်ရေတိုးပွားမှု လျော့ပါးစေရေးနှင့် လက်ရှိခွေးအကောင်ရေ လျှော့ချနိုင်အောင် ထိန်းသိမ်းရေးခွေးဂေဟာများသို့ ပို့ဆောင်မှုကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သန်လျင်ဆေးရုံသည် ဆေးကုသမှုခံယူသူပြည်သူများ ဝင်-ထွက်သွားလာနေသောကြောင့် မလိုလားအပ်သော တိရစ္ဆာန်များမှ ကူးစက်ရောဂါများ မဖြစ်ပွားနိုင်စေရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ပူးပေါင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာတိုးတိုးက ပြောကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာသိန်းသိန်းဦးက သန်လျင်မြို့နယ်အတွင်း အဓိကကျသော သန်လျင်ဆေးရုံကြီးအတွင်းရှိ လေလွင့်ခွေးများ အကောင်ရေတိုးပွားလာမှုကြောင့် တိရစ္ဆာန်မှ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ခွေးများအား မျိုးပွားမှု ထိန်းချုပ်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ထိန်းသိမ်းရေး ခွေးဂေဟာများသို့ ပို့ဆောင်ခြင်းတို့ကို ပရဟိတအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိရစ္ဆာန်ဆေးကုဆရာဝန်များ ပရဟိတအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလွင်မင်းစိုးက ရန်ကုန်မြို့ နယ်နိမိတ်အတွင်း အများပြည်သူသွားလာထိတွေ့နေရသော ဆေးရုံ၊ ကျောင်း၊ တက္ကသိုလ်၊ ဈေး၊ သာသနာ့နယ်မြေများထဲမှ အန္တရာယ်အများဆုံးဧရိယာအတွင်းရှိ လေလွင့်ခွေးများ မျိုးပွားမှုထိန်းချုပ်ခြင်း၊ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် လေလွင့်ထိန်းသိမ်းရေး ခွေးဂေဟာများသို့ ပို့ဆောင်ပေးခြင်းတို့ကို လစဉ်တနင်္ဂနွေနေ့တိုင်း အခမဲ့ဆောင်ရွက်ပေးခြင်း၊ သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးအတွင်းရှိ လေလွင့်ခွေး ၃၁ ကောင်ကို မျိုးပွားမှုထိန်းချုပ်ပေးခြင်း၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးခြင်း၊ လေလွင့်ထိန်းသိမ်းရေး ခွေးဂေဟာများသို့ပို့ဆောင်ပေးခြင်းတို့ကို ဌာနဆိုင်ရာများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ **သက်နိုင် (သန်လျင်)**

## ရေဘေးကာကွယ်ရေးတာများ တောင့်တင်းခိုင်မာအောင် ပြင်ဆင်ထား

**ပဲခူး ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်သည် မြို့နယ်ရှစ်ခုဖြင့် ဖွဲ့စည်းထားပြီး ယင်းတို့အနက် ပဲခူး၊ သနပ်ပင်၊ ဝေါ၊ ညောင်လေးပင်နှင့် ကျောက်တံခါး စသည့် မြို့နယ်များတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေဘေးကာကွယ်ရေးတာ ရှစ်ခု တည်ဆောက်၍ ကာကွယ်ထားလျက်ရှိရာ အဆိုပါ ရေဘေးကာကွယ်ရေးတာများကို တောင့်တင်းခိုင်မာစေရေးအတွက် သော်လည်းကောင်း၊ ရေတိုက်စားမှုကြောင့် ကမ်းပြိုပြီး တာတမံကို ထိခိုက်လာနိုင်သည့် နေရာများတွင် ပန်းတာများ တည်ဆောက်ပေးခြင်းဖြင့် လည်းကောင်း ယခုနှစ် မိုးရာသီတွင် ရေဘေးကာကွယ်ရေး ဧရိယာအတွင်းရှိ လယ်မြေများ၊ မြို့၊ ရွာများ ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

ပဲခူးခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများထဲမှ စစ်တောင်းမြစ်တာသည် အလျား ၄၉ မိုင် ၁ဖာလုံရှိပြီး အရှည်လျားဆုံးဖြစ်ကာ စစ်တောင်းမြစ်ရေဝင်ရောက်မှုကို တားဆီးကာကွယ်ပေးလျက်ရှိပြီး ၁၈၈၃ ခုနှစ်ကတည်းက တည်ဆောက်ပြီးစီးခဲ့သည့် တာတစ်ခုဖြစ်သောကြောင့် သက်တမ်းကြာမြင့်လာခြင်း၊ စစ်တောင်းမြစ်၏ ရေစီးရေလာ ပြောင်းလဲခြင်းကြောင့် ကမ်းပါးတိုက်စားမှုများဖြစ်ပေါ်လာခြင်းတို့ကြောင့် တာတမံ တောင့်တင်းခိုင်မာမှုရှိစေရန် ပြုပြင်တည်ဆောက်ပေးခြင်း၊ ပန်းတာများတည်ဆောက်ခြင်းတို့ကို ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှဆောင်ရွက်ခဲ့သည်။

၂၀၁၇ ခုနှစ် မိုးရာသီအတွင်းတွင် စစ်တောင်းတာမိုင် (၂၄/၃) နှင့် (၂၅/၂) အကြား ညောင်လေးပင်မြို့နယ် ပြင်ရေကြီးကျေးရွာအနီး၌ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုများ ဖြစ်ပွားလာကာ တာတမံကြံ့ခိုင်မှုကို ထိခိုက်လာသဖြင့် အရေးပေါ်ပြင်ဆင်ခဲ့ရ၍ ယခုနှစ် ပွင့်လင်းရာသီတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ စီမံခန့်ခွဲမှုဖြင့် ပန်းတာတည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ခုနှစ် တိုင်းဒေသကြီး ပိုလျှံရန်ပုံငွေမှ ရန်ပုံငွေခွဲဝေ ချထားပေးခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှလည်း ၂၀၁၈ ခုနှစ် မတ်လအတွင်းပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။

ထို့အပြင် ကျောက်တံခါးမြို့နယ်အတွင်းရှိ စစ်တောင်းတာတာမိုင် (၁/၀) မှ (၄/၂)အတွင်းတွင် နှစ်စဉ်ထူးပေါက်များဖြစ်ပွားလေ့ရှိပြီး တာတမံကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သဖြင့် ယခုနှစ် မိုးရာသီမတိုင်မီ အဆိုပါအပိုင်းကို တောင့်တင်းခိုင်မာမှုရှိစေရန်ပြင်ဆင်ထားပြီး ဖြစ်ကြောင်းလည်း သိရသည်။ အလားတူ ပဲခူးခရိုင်အတွင်းရှိ အခြားတာတမံများကိုလည်း လိုအပ်ချက်ရှိသည့် နေရာများအလိုက် ပြုပြင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။




ပဲခူးခရိုင်အတွင်း ရေဘေးကာကွယ်ရေးတာ ရှစ်ခုရှိပြီး စုစုပေါင်းအလျားမိုင် ၁၆၆ မိုင် ၄ ဖာလုံရှိကာ ရေဘေးကာကွယ်ရေးဧရိယာ ၂၅၁၂၆၁ ဧကရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် ရေဘေးကာကွယ်ရေးတာများ၌ ရေကင်းစခန်း စုစုပေါင်း ၄၂ ခု ထားရှိကာ စောင့်ကြပ်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သတ်မှတ်နေရာများတွင် အရေးပေါ်သုံးပစ္စည်းများဖြစ်သည့် ပီနံအိတ်၊ ယိုင်ဖျာနှင့် ဝါးစသည်တို့ကို စုဆောင်းထားရှိခြင်းများကိုပြုလုပ်ကာ တာတမံများ ကျိုးပေါက်ပျက်စီးခြင်းမရှိစေရန် ကြိုတင်စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်းလည်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

# နည်းပညာတိုးတက်လာမှုနှင့် လူငယ်များ၏ မျက်လုံးကျန်းမာရေး

မောင်သောင်းဝင်း(တမန်ဟောင်း)



လုပ်ငန်းခွင်များတွင် မျက်မှန်တပ်ထားသော ဝန်ထမ်းလူငယ်များကို ပိုမိုတွေ့မြင်လာရသည်။ တချို့သော လူငယ်များသည် အသက် ၃၀ ပင်မကျော်သေးပေ။ မျက်မှန်အထူကြီးများတပ်ထားကြသည်။ တချို့ လူငယ်များကမူ စတိုင်လုပ်၍ ပါဝါမျက်မှန်များ တပ်ထားကြသည်။ အထူးသဖြင့် အခြေခံပညာကျောင်းသား ကျောင်းသူ လူငယ်များသည်ပင်လျှင် မျက်မှန်အထူကြီးများ တပ်ထားကြသည်။ တက္ကသိုလ်ကျောင်းသား ကျောင်းသူအတော်များများတွင်လည်း မျက်မှန်များတပ်ထားကြသည်။ မည်သည့်အတွက်ကြောင့် မျက်မှန်တပ်သည့် လူငယ်များ များပြားလာသည်ကို သုတေသနပြုသင့်သည်။ အကြောင်းအရင်းများစွာ ရှိမည်ထင်ပါသည်။ သေချာသည့် အချက်ကတော့ လူငယ်များသည် နည်းပညာကို အလွန်အကျွံအသုံးပြုလာသောကြောင့်ပင် ဖြစ်သည်။

## နည်းပညာသားကောင်များ

၂၁ ရာစုလူငယ်အတော်များများသည် ကွန်ပျူတာ၊ တက်ပလက်၊ အိုင်ပက်၊ တယ်လီဖုန်းစသည့် နည်းပညာပစ္စည်းမျိုးစုံနှင့် အလုပ်ရှုပ်နေလေ့ရှိကြသည်။ လူငယ်အများစုသည် တယ်လီဖုန်းများဖြင့် ဂိမ်းကစားလေ့ရှိကြသည်။ ဂိမ်းကစားခြင်းသည် တစ်နေ့တာပင်ပန်းနွမ်းနယ်မှုများ၊ စိတ်ဖိစီးမှုများကို ပြေပျောက်စေနိုင်ပါသည်။ သို့သော် အလွန်အကျွံမဖြစ်ဖို့တော့လိုပါသည်။ အထူးသဖြင့်မိမိရွေးချယ်သည့်ကစားနည်းနှင့် ရည်ရွယ်ချက်ကို သိဖို့လိုပါသည်။ တချို့သောဂိမ်းများသည် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုများကိုသာ အားပေးစေပါသည်။ ကမ္ဘာတစ်ဝန်းတွင် နေ့စဉ် ဂိမ်းအမျိုးမျိုးထွက်ပေါ်လျက်ရှိသည်။ တချို့သော လူငယ်များသည် အသစ်ထွက်သမျှဂိမ်းခွေများကို ဝယ်ယူကစားလေ့ရှိကြသည်။ ဂိမ်းကစားခြင်းသည် ဦးနှောက်ကြည်လင်ပြီး ဉာဏ်ရည်ထက်မြက်စေသည်ဟု ဆိုသော်လည်း လွှမ်းခြုံကြည့်မည်ဆိုလျှင် ဆိုးကျိုးကိုသာပိုမိုဖြစ်စေပါသည်။ နည်းပညာသားကောင် မဖြစ်အောင် ဆင်ဆင်ခြင်ခြင် သုံးစွဲသင့်ပေသည်။

ဂိမ်းကိုစွဲစွဲလမ်းလမ်းဖြင့် အချိန်ကြာမြင့်စွာ ကစားနေသူတစ်ဦးသည် ကောင်းကျိုးထက် ဘေးထွက်ဆိုးကျိုးများစွာကိုသာ ရင်ဆိုင်ရလေ့ရှိသည်။ သာဓကအနေဖြင့် တန်ဖိုးရှိသော အချိန်များဆုံးရှုံးရခြင်း၊ စွဲလမ်းမှုဖြစ်နေခြင်း၊ စိတ်ခံစားကျလွယ်ခြင်း၊ အလွယ်တကူဒေါသဖြစ်ခြင်း၊ လူမှုဆက်ဆံရေးခေါင်းပါးလာခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဆီးချုပ် ဝမ်းချုပ်ဖြစ်ခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်း၊ အညောင်းမိခြင်း၊ ခေါင်းကိုက်ခြင်းတို့ကိုဖြစ်စေနိုင်သည်။ အစာအာဟာရမမှီဝဲဘဲမအိပ်မနေ ဂိမ်းကစားနေမည် ဆိုလျှင် အသက်အန္တရာယ်ကိုပင်စိုးရိမ်ရပေသည်။ ထို့အပြင် ဂိမ်းစွဲလမ်းနေပြီဆိုလျှင် အောက်ဖော်ပြပါဆိုးကျိုးများကိုလည်းဖြစ်စေနိုင်သည်-

(၁) ဂိမ်းကစားနေသူတစ်ဦးသည် တက်ကြွမှုမရှိဘဲ ပျင်းရိလာမည်ဖြစ်သည်။ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်နိုင်ခြင်းနှင့် အချိန်မှန်စားသောက်နိုင်ခြင်းမရှိတော့ဘဲ အမြင်အာရုံဝေဝါးလာခြင်း၊ ခေါင်းကိုက်ခြင်းတို့ ခံစားလာရပြီးနောက် စားမဝင်၊ အိပ်မပျော်ဖြစ်လာမည်ဖြစ်သည်။

(၂) ဂိမ်းကစားနေသူတစ်ဦးသည် စိတ်ခံစားမှုဆိုင်ရာ ဘေးထွက်ဆိုးကျိုးကိုလည်း ခံစားလာရသည်။ ဂိမ်းအပေါ်သာ အာရုံစူးစိုက်နေရသဖြင့်ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်တောက်လာမည်ဖြစ်သည်။ ထိုသို့ဖြစ်လာခြင်းကြောင့် နေ့စဉ်လှုပ်ရှားမှုများနှင့် ဝါသနာတို့အပေါ် အာရုံစူးစိုက်မှုလျော့နည်းလာမည်ဖြစ်သည်။ ထို့အပြင် တစ်ဦးတည်း ဂိမ်းကစားနေသဖြင့် မိသားစုများ၊ သူငယ်ချင်းများနှင့်လည်း ဆက်ဆံရေးပြတ်တောက်သွားမည်ဖြစ်သည်။

(၃) ကာလရှည်ကြာ ဂိမ်းကစားနေသူတစ်ဦးသည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော ဆက်ဆံရေးမျိုးမရှိတော့ပေ။ အထူးသဖြင့် ဂိမ်းကစားနည်းများသည် အကြမ်းဖက်မှုပုံစံများဖြစ် နေသောကြောင့် ဂိမ်းကစားသူများအား အကြမ်းဖက်ပြီးရန်လိုသည့်စိတ်မျိုးပိုမိုဖြစ်ပေါ်စေပါသည်။

(၄) သုတေသနပြုချက်များအရ စဉ်ဆက်မပြတ်ဂိမ်းကစားခြင်းသည် ဦးနှောက်ဖွံ့ဖြိုးမှုကို ရပ်တန့်စေသည်ဟုဆိုသည်။

## အန္တရာယ်ဖြစ်စေနိုင်

တန်ဆေး၊ လွန်ဘေးဆိုသည့်အတိုင်း မည်သည့်အရာကိုမဆို အလွန်အကျွံပြုလုပ်နေမည်ဆိုလျှင် ဆိုးကျိုးကိုသာဖြစ်စေနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ ကာလရှည်ကြာဂိမ်းကစားခြင်းသည် တစ်နည်းနည်းဖြင့် ဆိုးကျိုးဖြစ်ပေါ်စေမည်ဖြစ်သည်။ အထူးသဖြင့် မျက်မှောက်ခေတ်ဂိမ်းကစားနည်းများသည် ကလေးများ၏ စိတ်ဓာတ်ကိုဖျက်ဆီးလျက်ရှိသည်။ ဂိမ်းအများစုသည် လက်နက်ပေါင်းစုံပါဝင်နေပြီး ပစ်မှတ်ကို သတ်ဖြတ်ခိုင်းနေခြင်းပင်ဖြစ်သည်။ ထိုဂိမ်းများကိုစွဲလမ်းနေသည့် ကလေးများသည်အရွယ်ရောက်လာသည့်အခါ ရန်လိုတိုက်ခိုက်လိုသည့်လုပ်ရပ်များကို လက်တွေ့ကျကျဆောင်ရွက်လာတတ်သည်။ ထို့အပြင် လိင်အကြမ်းဖက်သည့်လုပ်ရပ်များကိုလည်း ကျူးလွန်တတ်ပေသည်။

## အလွန်အကျွံမဖြစ်သင့်

မြန်မာနိုင်ငံတွင် လူငယ်အများစုသည် ဖေ့စ်ဘွတ်ခ်ကို စွဲစွဲလမ်းလမ်းဖြစ်နေကြပြီဖြစ်သည်။ တချို့သော လူငယ်များသည် အလုပ်ပျက်၊ အကိုင်ပျက်ဖေ့စ်ဘွတ်ခ်သုံးကြသည်။ ကျောင်းသားလူငယ်များသည် မိဘများ မသိအောင် ဖေ့စ်ဘွတ်ခ်သုံးကြသည်။ ကျောင်းစာလုပ်ရန် ပျက်ကွက်လာကြသည်။ ညအမှောင်ထဲ၌ပင်လျှင် တယ်လီဖုန်းဖြင့် ဂိမ်းကစားလာကြသည်။ အချိန်ကြာမြင့်စွာ ဂိမ်းကစားခြင်းသည် မျက်လုံးကိုထိခိုက်စေနိုင်ပါသည်။ ဖုန်းဖန်သားပြင်ကို ကြာရှည်စွာကြည့်လျှင် အလင်းပြန်မှုကြောင့် မျက်လုံးကိုက်လာမည်ဖြစ်သည်။ ဖေ့စ်ဘွတ်ခ်ကြည့်မည်ဆိုလျှင်လည်း မိနစ် ၂၀ ထက် မကျော်သင့်ပေ။ အချိန်ကြာမြင့်စွာ ဖုန်းပွတ်နေမည်ဆိုလျှင် အနည်းနှင့်အများဆိုသလို မျက်လုံးကို ထိခိုက်စေနိုင်ပါသည်။ ကြာလာလျှင် အမြင်မှုန်ဝါးလာမည်ဖြစ်သည်။ ထိုအချိန်မျိုးတွင် မျက်မှန်တပ်မှသာမြင်နိုင်တော့မည်ဖြစ်သည်။ လူတစ်ဦးအတွက်မျက်လုံးသည် များစွာအရေးပါလျက်ရှိသည်။

> “နေ့စဉ် မျက်နှာသစ်ရာတွင် ရေများများဖြင့်သစ်ခြင်း၊ မျက်လုံး အမြင်စွမ်းအား ကောင်းစေသည့် အာဟာရဖြစ်စေသော အစားအသောက် . . .”

## မျက်လုံးကျန်းမာရေး

ကျန်းမာရေးကောင်းမွန်သောသူတစ်ဦးသည်ပင်လျှင် ယေဘုယျအားဖြင့် အသက် ၄၀ ကျော်လျှင် အမြင်အာရုံအားနည်းလာလျက်ရှိသည်။ စာများများဖတ်ကြရသူများသည် အသက်အရွယ်ရလာသည့်အခါ ဇက်ကြောများ ထိုးလာမည်ဖြစ်သည်။ မျက်မှန်တောင်းနေခြင်းပင်ဖြစ်သည်။ စာလုံးများဝါးလာပြီဆိုလျှင် ဆရာဝန်နှင့်စမ်းသပ်ပြီး လိုအပ်ပါက မျက်မှန်တပ်သင့်ပါသည်။ တချို့သောလူငယ်များသည် စာဖတ်၍ ရနေသော်လည်း စတိုင်လုပ်၍ ပါဝါမျက်မှန်များတပ်ကြသည်။ အထူးသဖြင့် အမျိုးသမီးအရာထမ်းများသည် မျက်မှန်တပ်လျှင် ပိုမိုဆွဲဆောင်မှုရှိမည်ဟုထင်နေကြသည်။ လွဲမှားသော အယူအဆပင်ဖြစ်သည်။ မျက်မှန်သည် တစ်ခါတပ်ပြီးလျှင် မတပ်ဘဲနေ၍မရတော့ချေ။

စင်စစ်အားဖြင့် မျက်မှန်တပ်ရသည့်ဒုက္ခသည် ကြီးမားလှပါသည်။ မျက်မှန်လုပ်ရသဖြင့်ငွေကြေး ကုန်ကျမှုရှိသည်။ မျက်မှန်ကိုနေ့စဉ်သန့်ရှင်းရေးလုပ်ရသည်။ မျက်မှန်ကိုင်းမကျိုးအောင်နှင့် မှန်မကွဲအောင် အထူးဂရုစိုက်ရသည်။ အနီးမှုန်သမားများသည် မျက်မှန်ချွတ်၍သွားလာလုပ်ကိုင်နိုင်သော်လည်း အဝေးမှုန်သမားများသည် မျက်မှန်ကိုအမြဲတမ်းတပ်ထားကြရသည်။ တချို့သောသူများသည် မျက်မှန်မရှိလျှင် ဘာမျှ မလုပ်နိုင်တော့ပေ။ စာကြည့်မျက်မှန်ကိုလည်း အမြဲတမ်းတပ်မထားသင့်ပေ။ စာမဖတ်သည့်အချိန်တွင် မျက်မှန်ကို ဖြုတ်ထားသင့်သည်။

စင်စစ်အားဖြင့် မျက်မှန်တပ်၍ အချိန်ကြာမြင့်စွာ စာဖတ်လျှင် ခေါင်းကိုက်လာမည်ဖြစ်သည်။ မိနစ် ၄၀ ခန့် စာဖတ်ပြီးနောက် မျက်မှန်ချွတ်ကာ စိမ်းလန်းစိုပြည်သော အရာများကိုကြည့်သင့်ပါသည်။ မြက်ခင်းစိမ်းစိမ်းနှင့် သစ်ပင်သစ်တောများကို ခဏတဖြုတ်ကြည့်မည်ဆိုလျှင်မျက်စိအတွက်များစွာ အားဖြစ်စေပါသည်။ စာကြည့်မျက်မှန်တပ်သူများသည် မျက်မှန်ပါဝါကို ပုံမှန်စစ်ဆေးသင့်ပါသည်။ ပါဝါမကိုက်သော မျက်မှန်ဖြင့် စာဖတ်နေမည်ဆိုလျှင် ပါဝါပို၍တက်လာတတ်ပေသည်။

မျက်လုံးကျန်းမာရေးကောင်းမွန်ရေး အထူးသဖြင့် အမြင်အာရုံကြည်လင်စေရန် အစားအသောက်နှင့် အနေအထိုင်ကိုဆင်ခြင်ရန်လိုအပ်သည်။ နေ့စဉ် မျက်နှာသစ်ရာတွင်ရေများများဖြင့်သစ်ခြင်း၊ မျက်လုံး အမြင်စွမ်းအားကောင်းစေသည့်အာဟာရဖြစ်စေသော အစားအသောက်များကိုစားသုံးခြင်း၊ တီဗွီကြည့်ချိန်၊ ဖုန်းပွတ်ချိန်လျှော့ချခြင်း၊ စိမ်းလန်းစိုပြည်သော ရှုခင်းများကို ကြည့်၍ မျက်လုံးကို အနားပေးခြင်း၊ လုံလောက်သော အလင်းရောင်အောက်တွင်သာ စာဖတ်ခြင်း၊ မျက်လုံးအတွင်း ဖုန်မှုန့်နှင့်အင်းဆက်ပိုးမွှားများမဝင်အောင် ဂရုစိုက်ခြင်း၊ ဝင်လျှင်လည်း စနစ်တကျဖယ်ရှားခြင်း၊ မသန့်ရှင်းသောလက်များနှင့်မျက်လုံးကို ပွတ်သပ်ခြင်းမျိုး မလုပ်ဘဲ သန့်ရှင်းသော လက်ကိုင်ပဝါ၊ တစ်ရှူးစတို့ဖြင့်သာ သန့်ရှင်းရေးလုပ်ခြင်း၊ မျက်လုံးများကိုက်လာလျှင်၊ နီလာမည်ဆိုလျှင် မျက်စိဆရာဝန်ဖြင့်ပြသခြင်းစသည့်မျက်လုံးကျန်းမာရေးကို အထောက်အကူပြုသည့် အပြုအမူများဖြင့် မျက်လုံးကျန်းမာရေးကို အထူးဂရုစိုက်သွားရန် အကြံပြုအပ်ပါသည်။ ။

## ကမာနတ်ကျေးရွာ၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၂**

ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ ကမာနတ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်း (၁/၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ပဲခူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးသိန်းတို့က အမှာစကားအသီးသီးပြောကြားကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းက သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂ ရက်မှ ၁၉ ရက်အထိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး၊ မိသားစု ဝင်ငွေရရှိရေးအတွက် ကိုယ်ပိုင်အရည်အချင်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက် သင်ကြားကြကြောင်း သိရသည်။

**ဟိန်းထက် (ခရိုင် ပြန်/ဆက်)**

## မိုးညိုမြို့နယ်တွင်အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များအား လက်တွေ့သရုပ်ပြ

**မိုးညို ဇူလိုင် ၂**

ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မိုးရာသီကာလ အရေးပေါ် ရေဘေးကာကွယ်ရေးနည်းစနစ်များအား လက်တွေ့သရုပ်ပြခြင်းကို ဇွန် ၂၉ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် မိုးသစ္စာကျေးရွာအနီးရှိ မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာ-တာမိုင်တိုင် (၂၃/၄)အနီးတွင် ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ၏ အခြေအနေများကို ရှင်းလင်းပြောကြားကာ မိုးရာသီမြစ်ရေမြင့်တက်ချိန်ဖြစ်ပေါ်လေ့ရှိသော ရေပေါက် (ထူးပေါက်)ခြင်း၊ တာအိခြင်း၊ သဲဗွက်ထခြင်း၊ တာပေါ်ရေကျော်ခြင်းတို့အတွက် သိသင့်သိထိုက်သော ဆောင်ရန်၊ ရှောင်ရန် သတိပြုရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မိုးရာသီကာလ အရေးပေါ်ရေဘေးဖြစ်ပေါ်လာပါက ကာကွယ်ရမည့် နည်းစနစ်များအား လက်တွေ့သရုပ်ပြကြရာ ဦးစီးအရာရှိ ဦးစီးမှူးများ၊ ဒုဦးစီးမှူးများက တာလုပ်သား ဝန်ထမ်းများနှင့်အတူ ရေပေါက် (ထူးပေါက်)ခြင်းများအတွက် ရေခွေခွေခြင်း တာအိတာလျှောခြင်းအတွက် တာခြေကန်ခြင်း၊ သဲဗွက်ထခြင်းဖြစ်ရာတွင် ရေခွေခွေခြင်း၊ တာပေါ်ရေကျော်ခြင်းအတွက် တာထိပ်ကန်သင်းဆင့်ခြင်းပုံစံများအား ဒေသခံပြည်သူများနှင့်အတူ နည်းစနစ်ကျကျ သရုပ်ပြဆောင်ရွက်ကြပြီး ဒေသခံပြည်သူများက မိုးရာသီကြုံတွေ့ရသည့် အခက်အခဲများ၊ ရေဘေးကာကွယ်ရေး အတွေ့အကြုံများကို ဆွေးနွေးခြင်း၊ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခြင်းများ ပြုလုပ်ကြသည်။

အခမ်းအနားသို့ မိုးညိုမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများစုစုပေါင်း ၂၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **ဝ၇၁**

# လီဒေါင်ဝုတ်နဲ့ ဆူဇီတို့ လမ်းခွဲလိုက်ပြီ





တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဟာ ချစ်သူသက်တမ်းလေးလခန့်မှာပင် တစ်လမ်းစီလျှောက်ခဲ့ကြပြီ ဖြစ်ပါတယ်။ လတ်တလော လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေထွက်လာခဲ့သူတွေကတော့ ကေပေါ့ပ်ကြယ်ပွင့်အဖြစ်မှသည် သရုပ်ဆောင်တစ်ဦး ဖြစ်လာခဲ့တဲ့ ဆူဇီနဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီဒေါင်ဝုတ်တို့ ဖြစ်ပါတယ်။

ဇူလိုင် ၂ ရက်မှာတော့ ဂျေဝိုင်ပီအန်တာတိန်းမန့်က ကြယ်ပွင့်နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာဖြစ်ပါတယ်။ ဆူဇီရဲ့အေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က "ဆူဇီနဲ့ လီဒေါင်ဝုတ်တို့ လမ်းခွဲလိုက်ပြီဆိုတာ အမှန်ပဲဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့နှစ်ဦးစလုံးဟာ အလွန်ကို အလုပ်ရှုပ်ကြတဲ့သူတွေ ဖြစ်ပါတယ်၊ များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှုအစီအစဉ်တွေကြောင့် တစ်ယောက်ကိုတစ်ယောက် အချိန်တွေမပေးနိုင်ဖြစ်ကာ သူ့အလိုလို လမ်းခွဲလိုက်သလိုဖြစ်ခဲ့ရပြီး တစ်ယောက်တစ်လမ်းစီ ရှေ့ဆက်လျှောက်လှမ်းနေကြတာဖြစ်ပါတယ်"လို့ ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ပါတယ်။

လီဒေါင်ဝုတ်ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ကင်းကောင်အန်တာတိန်းမန့်ကလည်း နှစ်ဦးသားအလုပ်တွေများတာကြောင့် လမ်းခွဲလိုက်ကြတာဖြစ်တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။ ဒီလို လမ်းခွဲပြီးနောက်ပိုင်းမှာလည်း တစ်ဦးကိုတစ်ဦး အခင်အမင်မပျက် ဆက်လက်အားပေးသွားကြမှာဖြစ်ကြောင်းလည်း OSEN က ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ လီဒေါင်ဝုတ်နဲ့ ဆူဇီတို့ နှစ်ဦးစလုံးဟာ ရုပ်သံဇာတ်လမ်းတွဲသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ရှိနေပါတယ်။ လီဒေါင်ဝုတ်ဟာ JTBC ရုပ်သံလိုင်းက စီစဉ်ရိုက်ကူးသွားမယ့် ဇာတ်လမ်းတွဲ "Life"မှာ ပါဝင်သွားမှာဖြစ်ပြီး ဆူဇီကတော့ မင်းသား လီဆန်းဂီနဲ့ တွဲဖက်ကာ "Vagabond" ဇာတ်လမ်းတွဲမှာ ခေါင်းဆောင်ပါဝင်သွားမှာဖြစ်ပါတယ်။

လီဒေါင်ဝုတ်နဲ့ ဆူဇီတို့ဟာ ပြီးခဲ့တဲ့ မတ်လအတွင်း ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီလိုပြောကြားစဉ်မှာပင် သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး နားလည်အောင်ကြိုးစားနေတဲ့အခြေအနေမှာသာ ရှိနေသေးတာ ဖြစ်တယ်လို့လည်း တစ်ပါတည်းပြောကြားခဲ့တာဖြစ်ပါတယ်။



အေးပြည့်
ရေးသားသည်

# ဒုတိယအကြိမ် တေးဂီတဖျော်ဖြေပွဲ ပြုလုပ်သွားမယ့် Red Velvet

အမျိုးသမီးကေပေါ့ပ်တေးဂီတအဖွဲ့ "Red Velvet"ဟာ အဖွဲ့ရဲ့ ဒုတိယအကြိမ် ဆိုလိုတေးဂီတဖျော်ဖြေပွဲကို လာမယ့် နွေရာသီမှာ ပြုလုပ်သွားဖို့ရာ စီစဉ်ထားကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဇူလိုင် ၂ ရက်မှာတော့ "Red Velvet"ရဲ့ ဖျော်ဖြေပွဲကို လာမယ့် နွေရာသီမှာ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ဖျော်ဖြေပွဲအမည်ကို "REDMARE" လို့ ပေးထားကြောင်း ထုတ်ဖော်ပြောကြားလာတာပါ။ ယင်းဖျော်ဖြေပွဲမှာတော့ အဖွဲ့ရဲ့ ဆန်းသစ်တဲ့ ဖျော်ဖြေတင်ဆက်မှုတွေနဲ့အတူ အဖွဲ့ဝင်တွေရဲ့ ချစ်စရာကောင်းတဲ့ ဟန်ပန်တွေကို အလေးထား တင်ဆက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

"REDMARE"ကိုတော့ ဩဂုတ် ၄ ရက်နဲ့ ၅ ရက်တွေမှာ ဆိုးလ်မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲဟာ အဖွဲ့ရဲ့ ဒုတိယအကြိမ်မြောက် ဆိုလိုပွဲဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်အတွင်း "RED ROOM"လို့အမည်ရတဲ့ အဖွဲ့ရဲ့ ပထမဆုံးအကြိမ် ဆိုလိုဖျော်ဖြေပွဲ ပြုလုပ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

# နှစ်နှစ်ခန့်လက်တွဲခဲ့တဲ့ဇာတ်လမ်းကို အဆုံးသတ်လိုက်တဲ့ လီယမ်ပိန်းနဲ့ ချယ်ရီ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်တွေဖြစ်ကြတဲ့ တေးသံရှင် လီယမ်ပိန်းနဲ့ ချယ်ရီတို့နှစ်ဦးဟာ လတ်တလောမှာ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။ ဒီလို လမ်းခွဲလိုက်ပြီဖြစ်ကြောင်းကိုတော့ ချယ်ရီနဲ့ လီယမ်တို့နှစ်ဦးစလုံးက သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ တရားဝင်ရေးသားဖော်ပြတာကိုလည်း တွေ့ရကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၁ ရက်မှာတော့ လီယမ်ပိန်းက "ချယ်ရီနဲ့ ကျွန်တော်တို့နှစ်ဦးစလုံး ဒီလိုထုတ်ဖော်ပြောရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော်တို့နှစ်ဦး တစ်ယောက်တစ်လမ်းဆီ ဆက်လက်လျှောက်လှမ်းတော့မှာပါ၊ ဒီလို ဆုံးဖြတ်ခဲ့ရတာ ကျွန်တော်တို့အတွက်လည်း အလွန်ကို ခက်ခဲပါတယ်၊ လမ်းခွဲခဲ့ပြီးဖြစ်ပေမယ့် ကျွန်တော်တို့နှစ်ဦးအကြား မိသားစုအဖြစ် အချစ်တွေ ဆက်လက်ရှင်သန်နေဦးမှာပါ"လို့ ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။ ဆက်လက်ပြီး "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီယမ်ပိန်းက သူတို့နှစ်ဦးရဲ့ ရင်သွေးလေး ဘဲယားဟာ သူတို့ရဲ့ဘဝဖြစ်တာကြောင့် သားလေးနဲ့ပတ်သက်ပြီး ညှိနှိုင်းစောင့်ရှောက်သွားကြမှာ ဖြစ်တယ်လို့လည်း ရေးသားဖော်ပြထားတာတွေ့ရပါတယ်။

ချယ်ရီကလည်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အလားတူစာကို ရေးသားဖော်ပြခဲ့ပါတယ်။ ယခင်ကလည်း ချယ်ရီနဲ့ လီယမ်ပိန်းတို့ရဲ့ ဆက်ဆံရေးမပြေလည်ကြောင်း သတင်းတွေ ပေါ်ထွက်ခဲ့ပါတယ်။ ချယ်ရီက လီယမ်နဲ့ သူ့ရဲ့နောက်ခံအကအဖွဲ့ဝင်တစ်ဦးတို့ အွန်လိုင်းပေါ်မှတစ်ဆင့် ပြောဆိုဆက်သွယ်ခဲ့ကြတဲ့အကြောင်းတွေကို သူ့ရဲ့ တွစ်တာစာမျက်နှာပေါ် ယူဆောင်လာခဲ့ပြီး သူတို့နှစ်ဦးအကြားက ဆက်ဆံရေးကို ထုတ်ဖော်လာတာပါ။ ချစ်သူတွေအဖြစ် နှစ်နှစ်ခန့် လက်တွဲခဲ့ပြီးနောက် လတ်တလောမှာတော့ ကြယ်ပွင့်နှစ်ဦးက လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။



# စစ်မှုထမ်းဆောင်တော့မည့်သတင်းနှင့်ပတ်သက်ပြီး ဂျန်ဂန်ဆပ် အေဂျင်စီတုံ့ပြန်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ ဂျန်ဂန်ဆပ်ဟာ ယခုလအတွင်း စစ်မှုစတင်ထမ်းဆောင်တော့မှာဖြစ်ကြောင်း လတ်တလောမှာ သတင်းတွေ ပေါ်ထွက်လာတာဖြစ်ပါတယ်။ မင်းသားဟာ လာမယ့် ဇူလိုင် ၁၉ ရက်မှာ စစ်မှုထမ်းဆောင်တော့မှာ ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြတဲ့ သတင်းတွေအပေါ် သူ့ရဲ့ အေဂျင်စီက လတ်တလောမှာ တုံ့ပြန်ပြောကြားလာခဲ့တာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂ ရက်မှာတော့ ဂျန်ဂန်ဆပ်ရဲ့ အေဂျင်စီက မင်းသားဟာ မကြာမီစစ်မှုထမ်းဆောင်သွားတော့မှာမှန်ပေမယ့် ဇူလိုင် ၁၉ ရက်မှာ စတင်သွားမယ်ဆိုတဲ့ သတင်းကတော့ မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ခဲ့ပါတယ်။ မင်းသားရဲ့ စစ်မှုစတင်ထမ်းဆောင်သွားမယ့်ရက်ကိုတော့ လတ်တလောအချိန်အထိ အတိအကျသတ်မှတ်ပြီးခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သူ့ရဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Switch" အတွက် သတင်းစာရှင်းလင်းပွဲမှာတော့ ဂျန်ဂန်ဆပ်က ယင်းရုပ်ရှင်ဟာ စစ်မှုမထမ်းမီ နောက်ဆုံးရိုက်ကူးတဲ့ သူ့ရဲ့ရုပ်ရှင် ဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

## စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**တာချီလိတ် ဇူလိုင် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာရှိ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းနှင့်အတူ ဓာတ်မြေဩဇာများ၊ စိုက်ပျိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များထောက်ပံ့ပေးခြင်း ကွင်းလက်တွေ့သရုပ်ပြပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီခွဲက တာလေမြို့ နားယောင်းကျေးရွာအုပ်စု ရန်အောင်ကျေးရွာ ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းနှင့် တာလေမြို့အုပ်ချုပ်ရေးမှူး ဦးခွန်စိုးသူတို့က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးလှဝင်းက သင်တန်းနှင့်အတူ စိုက်ပျိုးသီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်နှင့် တာဝန်ရှိသူများက တောင်သူများကို စိုက်ပျိုးသီးနှံမျိုးစေ့များ၊ ရော်ဘာ၊ ကော်ဖီစသည့် ပျိုးပင်များနှင့် ဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ စပါး၊ ကော်ဖီသီးနှံစသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP)စနစ်၊ ပျိုးသက်နုကောက်ကွက်ကျဲ(SRI)စနစ် ပျိုးထောင်နည်း၊ ရော်ဘာသီးညှပ် ကော်ဖီ စိုက်ပျိုးနည်းစနစ်၊ မျိုးစပါး ဆားရည်စိမ်ရွေးချယ်ခြင်း နည်းစနစ်၊ ဒိုချက်ကင်သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်ဝန်ထမ်းများက ဆွေးနွေးပို့ချပြီး တောင်သူများလက်တွေ့သိရှိဆောင်ရွက်နိုင်ရေး ကွင်းလက်တွေ့သရုပ်ပြသပေးသည်။

အဆိုပါ သင်တန်းသို့ ဒေသခံတောင်သူ ၉၀ ခန့်တက်ရောက်ရာ မြန်မာ၊ အာခါ၊ လားဟူတိုင်းရင်းသား ဘာသာများဖြင့် ပြုစုထုတ်ဝေထားသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ဖားကန့်မြို့နယ်အတွင်း ဥရုချောင်းရေမြင့်တက်မှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များသို့ ရေဝင်ရောက်

**ဖားကန့် ဇူလိုင် ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဥရုချောင်းအထက်ပိုင်းကန်စီးဒေသ၌ မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ဇူလိုင် ၁ ရက်က မြို့နယ်အတွင်း ပုံမှန်ဝင်ရောက်နေကျနေရာများသာ ဥရုချောင်းရေများ ဝင်ရောက်ခဲ့သော်လည်း ဇူလိုင် ၂ ရက် နံနက်ပိုင်းမှ စတင်၍ တရိပ်ရိပ်မြင့်တက်လာပြီး စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိလာမှုကြောင့် လူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေကြရသည်။



မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ၄က်ပျောတောရပ်ကွက် အနိမ့်ပိုင်းတွင် ၁၂ ပေခန့်နှင့် မြို့လမ်းမပေါ်တွင် ခုနစ်ပေခန့်၊ မော်ဝမ်းရပ်ကွက် ဝန်ထမ်းအိမ်ရာ ဘက်ခြမ်းတွင် လေးပေခန့်၊ မရိုကထောင် ရပ်ကွက်တွင် ငါးပေခန့်၊ မြို့မကျောက်ဝိုင်းတွင် ၁၀ ပေခန့်၊ လုံးခင်းကျေးရွာ ရပ်ကွက်(၁)(၂)(၃)(၄) နှင့် ရပ်ကွက်(၅)အနိမ့်ပိုင်းတွင်လည်းကောင်း၊ အောင်ရာရွာ၊ စွတ်အောင်ရွာတို့တွင်လည်းကောင်း ဥရုချောင်းရေများဝင်ရောက်လျက်ရှိပြီး လုံးခင်းကြိုးတံတားနှင့် ဖားကန့်ကြိုးတံတားတို့ပေါ်တွင် တစ်ပေခန့် ရေကျော်လျက်ရှိကြောင်း သိရသည်။

ဥရုချောင်းရေများ နေအိမ်များအတွင်းဝင်ရောက်မှုကြောင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုကူညီရေးအသင်း အဖွဲ့များက ပြည်သူများကို အန္တရာယ်ကင်းစွာ ပြောင်းရွှေ့နိုင်ရေး ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပေါ်ရေဘေးသင့်ပြည်သူများအား မြို့မမဏိဇေယျ ဘုန်းကြီးကျောင်း ဓမ္မာရုံတွင်လည်းကောင်း၊ လုံးခင်းကျေးရွာ အုပ်စုမှ ရေဘေးသင့်ပြည်သူများအား လုံးခင်းခရစ်ယာန်ဘုရားကျောင်းများတွင် လည်းကောင်း နေရာချထားပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြိုင်ကြီးငူအထူးဒေသတွင် ၂၄ နာရီလျှပ်မီးရရှိသောကြောင့် အသေးစားစက်မှုလုပ်ငန်းများအဆင်ပြေ

**ဘားအံ ဇူလိုင် ၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မြိုင်ကြီးငူအထူးဒေသသည် ယခင်က လျှပ်စစ်မီးကို အချိန်ပိုင်းသာရရှိပြီး ယခုအခါ ၂၄ နာရီလျှပ်စစ်မီးရရှိနေပြီဖြစ်သောကြောင့် မြိုင်ကြီးငူဒေသအတွင်း အသေးစားစက်မှုလုပ်ငန်းများ အဆင်ပြေလာလျက်ရှိကြောင်း သိရသည်။

မြိုင်ကြီးငူအထူးဒေသသည် ဘားအံမြို့နှင့် ၄၆ မိုင်ဝေးကွာပြီး ယခင်က ၂၀၀ ကေဗွီဒီဇယ်အင်ဂျင်မီးစက်ဖြင့် မြို့ပေါ်ရပ်ကွက်များတွင်သာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ တစ်ညလျှင်လျှပ်စစ်မီး ၂ နာရီကျော်သာ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကရင်ပြည်နယ်အစိုးရ JICA တို့ပူးပေါင်းဆောင်ရွက်ထားသည့်လျှပ်စစ်မီး ၂၄ နာရီ ရရှိရေး အစီအစဉ်တွင် လှိုင်းဘွဲ့မြို့နယ် ၂၀ အမ်ဗွီအေ ဒိုင်းပြဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းကြိုး ၂၅ မိုင်သွယ်တန်းကာ မြိုင်ကြီးငူအထူးဒေသတွင် (၃၃/၁၁)ကေဗွီအေ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း နှစ်လိုင်းခွဲထွက် မီးပေးထားခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ၁၁ ကေဗွီ ခွဲထွက်လိုင်း နှစ်လိုင်းမှ ၁၁/သုည ဒသမ ၄ ကေဗွီ ၂၀၀)ကေဗွီအေထရန်စဖော်မာ လေးလုံးဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်အတွက် ဓာတ်အား ပို့လွှတ်ကာ အိမ်သုံးမီတာ ၁၇၂ လုံးကို လည်းကောင်း၊ အလင်းရောင်စီမံချက် One Stop Serviceစနစ်ဖြင့် အနီးဝန်းကျင်ကျေးရွာများဖြစ်သည့် ပန်းကုန်းကျေးရွာတွင် အိမ်သုံးမီတာ ၃၉ လုံး၊ မအဲကျေးရွာတွင် အိမ်သုံးမီတာ ၅၉ လုံး၊ ကမော့လဲကျေးရွာတွင် အိမ်သုံးမီတာ ၂၀၀၊ တောင်စွန်းကျေးရွာတွင် အိမ်သုံးမီတာ ၈၂ လုံး၊ တစ်ခွက်ဖိုးကျေးရွာတွင် အိမ်သုံးမီတာ အလုံး ၂၂၀ စုစုပေါင်းကျေးရွာငါးရွာတွင် အိမ်သုံးမီတာ ၆၀၀ ဖြင့် ၂၄ နာရီဓာတ်အား ကို ဇွန် ၁ ရက်မှ စတင်ကာ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း မြိုင်ကြီးငူ အထူးဒေသ မြို့နယ်လျှပ်စစ်မှူး ဦးနေမျိုးဇော်ထံမှ သိရသည်။

အလားတူ မီးမရရှိသေးသောဒေသများ ၂၄ မီးရရှိရေး ဆောင်ရွက်ရာတွင် လှိုင်းဘွဲ့ ၂၀ အမ်ဗွီအေ ဒိုင်းပြဓာတ်အားခွဲရုံမှ မြိုင်ကြီးငူ အထူးဒေသဓာတ်အားလိုင်းဖြင့်ပင် မြိုင်ကြီးငူ၊ ကမ်းနီကျေးရွာမှတစ်ဆင့် ကမမောင်းမြို့နှင့် အနီးရှိကျေးရွာ ၁၁ ရွာ မီးရရှိရေးဆောင်ရွက်နေရာ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် မြိုင်ကြီးငူဒေသနှင့် မီးရရှိသော ကျေးရွာ ငါးရွာအနေဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်သောကြောင့် အသေးစားစက်မှုလုပ်ငန်းများဖြစ်သည့် အသားတုလုပ်ငန်း၊ အိမ်သုံးပရိဘောဂ လုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုအဆင်ပြေလာပြီး ထင်း၊ မီးသွေးသုံးစွဲရမှုမရှိတော့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့နည်းသွားကြောင်း ဒေသခံများထံမှ သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မျိုးသုဉ်းရှားပါးစာရင်းဝင်ရေနေသတ္တဝါများနှင့် ၎င်းတို့နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်

**စစ်ကိုင်း ဇူလိုင် ၂**

မျိုးသုဉ်းရှားပါးစာရင်းဝင် ရေနေသတ္တဝါများနှင့် ၎င်းတို့နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးနှင့် သုတေသနလုပ်ငန်းများကို WCSနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

"အဓိကကတော့ ဧရာဝတီမြစ်ထဲက လင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို WCS နဲ့အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးက ငါးလုပ်ငန်း ဦးစီးဌာနတွေနဲ့အတူ ငါးလုပ်သားတွေနဲ့ ပူးပေါင်းလုပ်ဆောင်နေပါတယ်၊ လာမယ့်နှစ်မှာ ကချင်ပြည်နယ် ရွှေကူမြို့အထိတက်ပြီး လင်းပိုင်ထိန်းသိမ်းရေး လုပ်ငန်းတွေ လုပ်ဖို့ရှိပါတယ်၊ ချင်းတွင်းမြစ်ဖျားမှာတော့ လိပ်ထိန်းသိမ်းရေးစခန်းက ရှားပါးလိပ်တွေ ထိန်းသိမ်းရေးနဲ့ တိုးပွားရေးတွေကို ဂရုစိုက်ဆောင်ရွက်နေပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းထွန်းဝင်းက ရှင်းပြသည်။

ငါးလုပ်ငန်းစီမံခန့်ခွဲမှုကိုအထောက်အကူဖြစ်စေမယ့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သလို ငါးလုပ်ငန်းဆိုင်ရာအသက်မွေးဝမ်းကျောင်း သင်တန်းအကြိုလုပ်ငန်းခွင်သင်တန်းများကို လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

"မျိုးသုဉ်းရှားပါးစာရင်းဝင်ရေနေသတ္တဝါတွေနဲ့ နေထိုင်ကျက်စားရာဒေသတွေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာမှာ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန မူဝါဒနဲ့ကိုက်ညီတဲ့ စီမံကိန်းလုပ်ငန်းတွေ ရေးဆွဲဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးဧရိယာကို ဧရာဝတီမြစ် ဒုတိယမြစ်ကျဉ်းနဲ့ တတိယမြစ်ကျဉ်းအကြား မလယ်ကနေ ရွှေကူအကြား ကီလိုမီတာ ၂၀၀ အထိတိုးချဲ့သွားမည်ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)စီမံကိန်းမန်နေဂျာ ဦးကျော်လှသိန်းထံမှသိရသည်။

"လက်ရှိမှာ တိုးချဲ့မယ့်နေရာတွေကို လေ့လာစမ်းစစ်မှုတွေ စတင်လုပ်ဆောင်နေပြီး မန္တလေးနဲ့ ဗန်းမော်ကြားဒေသကို နှစ်စဉ် စစ်တမ်းကောက်ရင်း အခုလို တိုးချဲ့ဖို့ ပြင်ဆင်နေတာပါ၊ ငါးလုပ်ငန်းဦးစီးဌာနနဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) တို့ပူးပေါင်းပြီး ဧရာဝတီလင်းပိုင်ကောင်ရေ စစ်တမ်းကောက်ယူမှုကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်ကနေ ၁၆ ရက်ထိ မန္တလေးကနေ ဗန်းမော်အထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ပြုလုပ်ခဲ့ရာမှာ ၆၉ ကောင်ရှိတာကို မှတ်တမ်းတင်အတည်ပြုနိုင်ခဲ့တယ်၊ လင်းပိုင်ဟာ ငါးတစ်မျိုးတည်းကိုပဲ စားတဲ့အတွက် ငါးသယံဇာတပေါများမှ လင်းပိုင်တွေ ပေါများလာနိုင်မှာဖြစ်ပြီး ဧရာဝတီမြစ်ထဲမှာ ရှော့တိုက်ငါးဖမ်းတာတွေ မလုပ်ဖို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတာဝန်ရှိသူတွေက တိုက်တွန်းထားပါတယ်"ဟု ဦးကျော်လှသိန်းကပြောသည်။



သားငှက် ထိန်းသိမ်းရေးအဖွဲ့(WCS)၏ ဗန်းမော်နှင့် မန္တလေးကြား ဧရာဝတီလင်းပိုင် စစ်တမ်းကောက်ယူမှုအရ ၂၀၁၄ ခုနှစ်တွင် ၆၃ကောင်၊ ၂၀၁၅ ခုနှစ်တွင် ၅၈ကောင်နှင့် ၂၀၁၆ ခုနှစ်တွင် ၆၅ ကောင်ရှိပြီး ၂၀၁၆ ခုနှစ်အတွင်း သေဆုံးသွားသည့် လင်းပိုင်ကောင်ရေ သုံးကောင်ရှိကာ လက်ရှိ ဧရာဝတီလင်းပိုင်ထိန်းသိမ်းမှုဧရိယာသည် ၇၄ ကီလိုမီတာရှိကြောင်းသိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# သစ်ပင်ထက်က ရွှေရွက်ဝါ

ဒေါက်တာနေမျိုးဦး

ကျွန်တော် အလုပ်သင်ပြီးခါစလောက်က အလေးမအားကစားရုံမှာ သိခဲ့တဲ့ အသိမိတ်ဆွေ တစ်ယောက်က ထမင်းစားဖိတ်လို့ ထမင်းသွားစားဖြစ်ပါတယ်။ ကျွန်တော့်မိတ်ဆွေက အသက်လေးဆယ်လောက်ရှိပြီး ဇနီးနဲ့ သားနှစ်ယောက်ရှိပါတယ်။

အိမ်ရှေ့မှာ စကားပြောပြီးထမင်းစားခါနီး ကျွန်တော့်အိမ်ရှင် ကိုမင်းနောင်က "ကိုနေမျိုး မကြာခင် ဟာသတစ်ခုကြည့်ရမယ်"ဆိုပြီး ပြုံးစိစိ လုပ်နေပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့အားလုံး ထမင်းစား စားပွဲမှာ ထိုင်လိုက်တော့ ကိုမင်းနောင် အမျိုးသမီးက အိမ်ရှေ့ဘက်ထွက်သွားပြီး အသက် ၇၀ လောက်ရှိတဲ့ သူမရဲ့ဖခင်ကို ထမင်းစားခန်းထဲ ခေါ်လာပါတယ်။

အဘိုးအိုက ထမင်းစားစားပွဲပေါ်က ဖွယ်ဖွယ်ရာရာ ထမင်းဟင်းတွေကိုမြင်တော့ မျက်လုံးတွေ တောက်ပလာပြီး ဗလုံးဗထွေးနဲ့ အော်ဟစ်ပါတော့တယ်။ ပြီးတော့ ကိုယ်တစ်ခြမ်းလေဖြတ်ထားတဲ့ကြားက သူ့သမီးကျွေးပေးတဲ့ ထမင်းဟင်းကို အငမ်းမရ စားပါတော့တယ်။ ဟင်းရည်တွေကလည်း ပါးစောင်က စီးကျနေပြီး အငမ်းမရကို စားနေတာပါ။

ဒါနဲ့ ကိုမင်းနောင်က "ကိုနေမျိုး ဒီမှာကြည့်" ဆိုပြီး အဘိုးအိုရဲ့ ထမင်းဟင်းပန်းကန်ကို ဖယ်လိုက်ကာ "အဘိုးကြီး တော်ပြီ၊ ဒီလောက် စားရင်တော်ပြီ နင်နေဦးမယ်" လို့ ငေါက်ငမ်းပြောပါတယ်။

အဘိုးအိုလည်း ချက်ချင်းဆိုသလို ငိုချလိုက်ပြီး ကလေးသူငယ်တစ်ယောက်လို ထမင်းထပ်တောင်းပါတော့တယ်။

ကိုမင်းနောင်ရဲ့အမျိုးသမီးက မျက်စိ မျက်နှာပျက်နေပေမယ့် အဘိုးအိုငိုတာကြည့်ပြီး ကိုမင်းနောင်နဲ့ သူ့သားနှစ်ယောက်က တခွိခွိဖြစ်နေကြပါတယ်။ ကိုမင်းနောင်ကတော့ ကျွန်တော့်ကို ထမင်းကျွေးရတဲ့အပြင် ထူးခြားတဲ့ ပြကွက်လေးပြလိုက်ရလို့ ကျေနပ်လို့နေပါတယ်။

ကျွန်တော်လည်း သနားစရာ အဘိုးအိုကို ကြည့်ပြီး စိတ်မကောင်းလွန်းတာနဲ့ ထမင်းကိုကြည့်ကောင်းရုံသာ အမြန်စားပြီး မြန်မြန်ပြန်ခဲ့ပါတော့တယ်။

ကျွန်တော်တို့တွေ ကလေးဘဝက လူကြီးဖြစ်လာချိန်မှာ ကိုယ့်အိမ်မှာနေတဲ့ လူကြီးသူမတွေလည်း ပြောင်းလဲလာကြပါတယ်။ အသက်ကြီးလို့ သူငယ်ပြန်တယ်ဆိုတာ သဘာဝပါလို့ လူအများကထင်ကြပေမယ့် အသက်ကြီးသူတိုင်း ဒီမန်းရှား (Dementia) လို့ခေါ်တဲ့ မြန်မာအခေါ် "သူငယ်ပြန်"တာ မဖြစ်ကြပါဘူး။

Dementia ဟာ ဦးနှောက်ထဲက အာရုံကြောလေးတွေ သိမ်ကျုံ့သွားရာကနေ မိသားစု ပတ်ဝန်းကျင်မှာနေထိုင်လို့ အံမဝင်တော့ဘဲ အသက်သေဆုံးသည်အထိ ဒုက္ခပေးတတ်တဲ့ ရောဂါတစ်မျိုးပါ။

အများစုက မေ့တတ်တာကိုသာ သတိထားမိပေမယ့် မေ့တတ်တာတင်မကဘဲ အရင်က သိခဲ့တတ်ခဲ့တဲ့ နေ့စဉ်နေထိုင်မှု ပုံစံတွေ၊ အတွေးအခေါ်တွေကစပြီး ပြောင်းလဲလာတာပါ။

ကမ္ဘာပေါ်မှာ အယ်လ်ဇိုင်းမား (Alzheimer) ဆိုတဲ့ ရောဂါဟာ Dementia ရဲ့ အဖြစ်အများဆုံး အမျိုးအစားပါပဲ။ ဒါ့အပြင် လေဖြတ်ပြီးဖြစ်လေ့ရှိတဲ့Vasculardementia တွေနဲ့ အခြားရောဂါအမျိုးပေါင်းများစွာကလည်း Dementia ဖြစ်စေပါတယ်။

ဒါပေမယ့် ဆွေမျိုးသားချင်းတွေအဖို့ကတော့ လူနာနဲ့ အတူနေတာကြာလာတော့ "သက်သက် ဂျစ်ကျနေတာ အဖိုးကြီးတော့ ဝေါက်သွားပြီ၊ ဒီအချိန်ထိ ငတ်ကြီးကျတုန်း၊ အသက်ကြီးပြီး ခုထိတရားမရှိဘူး" စသဖြင့် ထင်တတ်ကြပါတယ်။

Dementia ဖြစ်ပြီဆို သာမန်မေ့တတ်တာကနေလွန်လာပြီး ပစ္စည်းတွေအထားမှားတာ အသေးအဖွဲကအစ မေ့တတ်တာက စပါတယ်။

ပြီးရင် လုပ်နေကျအလုပ်တွေ မလုပ်တတ်တော့တာ ပိုက်ဆံမရေတတ်တော့၊ မီတာခဆောင်တာတွေ၊ ဈေးဝယ်တာတွေကအစ တဖြည်းဖြည်းနဲ့ အိမ်ကလူတွေကို မှီခိုလာတတ်ပါတယ်။ နောက်တော့ စကားပြောရာမှာ စကားလုံးတွေ မှားလာမယ် ဗလုံးဗထွေးဖြစ်လာတတ်ပါတယ်။ နောက်တော့ အပြင်ထွက်ရင် အိမ်မပြန်တတ်တော့တာ ကိုယ့်ရပ်ကွက်ထဲကလမ်းတွေ ကိုယ်မသိတာတို့ဖြစ်လာ ပါတယ်။ တဖြည်းဖြည်းနဲ့ အိမ်ထဲကအိမ်ပြင် မထွက်နိုင်ကြတော့ပါဘူး။ ဒါ့အပြင် ဆုံးဖြတ်ချက်ချရတဲ့ အလုပ်တွေလည်း မလုပ်နိုင်တော့ပါဘူး။ ကားမောင်းနေကျလူ ကားမောင်းလို့ မရတော့တာ ဖြစ်တတ်ပါတယ်။

တစ်ချိန်က အဖေလုပ်သူက အိမ်ထောင်ဦးစီးဆိုတော့ သားသမီးတွေကို ကူညီဆုံးဖြတ်ပေးနိုင်ခဲ့ပေမယ့် Dementia ဖြစ်ပြီးနောက်ပိုင်း အသေးအမွှားလေးကအစ သားသမီးမျက်နှာ ကြည့်လာရတတ်ပါတယ်။ တချို့တွေဆို စိတ်ခါတ်ကျလွယ်တာ တငိုငို တရယ်ရယ်ဖြစ်လာတတ်တယ်။ ပိုဆိုးတာကတော့ အရင်က သဘောကောင်းပြီး အေးအေးနေတတ်ရာကနေ ပတ်ဝန်းကျင်က လူတွေကို မသင်္ကာဖြစ်လာတာ စိတ်တိုစိတ်ဆတ်လာတာလည်း ဖြစ်တတ်ပါတယ်။

သားသမီး ဆွေမျိုးတွေအနေနဲ့ ဒီလိုရောဂါလက္ခဏာတွေတွေ့လာရင် အသက်ကြီးလို့ သူငယ်ပြန်တာပဲလို့ လျစ်လျူရှုထားဖို့ မသင့်ပါဘူး။ တချို့ရောဂါလက္ခဏာတွေဟာ အိမ်သူအိမ်သားတွေနဲ့ တိုက်ရိုက်ပြဿနာ တက်စေတာကြောင့် ကြာလာရင် မိသားစုက နားလည်မပေးနိုင်တော့ဘဲ အိမ်တွင်းပဋိပက္ခ အသွင်ဆောင်လာပါတယ်။

အရေးကြီးတာက Dementia လို့ထင်ရင် ဆရာဝန်ပြပြီး သိုင်းရွိုက်ဟော်မုန်းနည်းတာ၊ ဗီတာမင်ချို့တဲ့တာစတဲ့ အလွယ်တကူ ကုသနိုင်တဲ့ Dementia အခြေခံအကြောင်းတွေ ရှိ မရှိ စစ်သင့်ပါတယ်။ အကောင်းဆုံးကတော့ ဆရာဝန်တွေဟာ လူနာကို Dementia ရှိ မရှိရယ်၊ ရှိရင်လည်း ဘယ်လောက်ဆိုးနေပြီဆိုတာကို နိုင်ငံတကာမှာသုံးတဲ့ စစ်ဆေးမှုပုံစံတွေ သုံးပြီး အသေအချာကုသသင့်ပါတယ်။ ကာကွယ်တာကတော့ ဆီးချို၊ သွေးတိုး၊ သွေးကိုလက်စထရောကို နိုင်အောင်ထိန်း၊ ကိုယ်လက်လှုပ်ရှားမှုလုပ်၊ အသီးအရွက်ပိုစား၊ မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းနေတာဟာ ကာကွယ်တာပါ။ မျိုးရိုးလိုက်တာကတော့ ကာကွယ်လို့မရပါဘူး။

Dementia ရောဂါအမျိုးအစားအများစုဟာ ကုသလို့မရပေမယ့် ပိုမဆိုးသွားအောင် ကုသတဲ့ ဆေးတွေပေါ်နေပါပြီ။

သစ်ပင်တွေထက်မှာ အရွက်အသီးတွေ စိမ်းစိုနေတာမြင်ချင်ပေမယ့် ကြွေလုဆဲ ရွှေရွက်ဝါကိုလည်း မေ့မထားသင့်ပါဘူး။ ။

> "တစ်ချိန်က အဖေလုပ်သူက အိမ်ထောင် ဦးစီးဆို တော့ သားသမီးတွေကို ကူညီဆုံးဖြတ် ပေးနိုင်ခဲ့ပေမယ့် Dementia ဖြစ်ပြီးနောက်ပိုင်း အသေးအမွှားလေးကအစ သားသမီးမျက်နှာ ကြည့်လာရ . . ."

## အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၂**

အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစား ပြိုင်ပွဲများကို ဇွန် ၃၀ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဆက်လက်ကျင်းပသည်။

ဝူရှူးပြိုင်ပွဲများကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီး အလွတ်တန်း နန်းချွမ်၊ ကျန့်စုပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး လူဟောင်းတန်း (ကွန့်စု၊ ထိုက်ကျိချွမ်) ပြိုင်ပွဲများ၊ လူသစ်တန်း (သောင်းစု) ပြိုင်ပွဲများနှင့် လူဟောင်းတန်း (ချမ်းချွမ်) ပြိုင်ပွဲများ ကျင်းပခဲ့ပြီး အဆိုပါပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပေးသည်။

အိုလံပစ်နေ့အထိမ်းအမှတ် ဝူရှူးအားကစားပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်း ၃၅ ကျောင်းမှ ကျောင်းသား ကျောင်းသူ လူငယ်အားကစားသမားစုစုပေါင်း ၂၄၀ ဝင်ရောက်ယှဉ်ပြိုင်သည်။

ကျွမ်းဘား ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး သွေးသစ်တန်း၊ အလွတ်တန်း၊ မျိုးဆက်သစ်တန်း၊ အလတ်တန်း မြေပြင်ပြိုင်ပွဲများ၊ ရင်ခွင်ပိုက်တန်း အမျိုးသား၊ အမျိုးသမီး Spring Board ပြိုင်ပွဲများ၊ အကြိုတန်း (က)အဆင့် (ခ)အဆင့် မြေပြင်ပြိုင်ပွဲနှင့် သွေးသစ်တန်း မြင်းခုန်ဘားပြိုင်ပွဲများကျင်းပခဲ့ပြီး ဆုရရှိသူများအား နိုင်ငံကျော် တေးသံရှင်နီနီခင်ဇော်နှင့် အလှူရှင်များက ဆုများချီးမြှင့်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်နှင့် ဦးအောင်မိုး၊ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသစ္စာ၊ ဒုတိယဥက္ကဋ္ဌ ဦးသီဟဇော်နှင့် အမှုဆောင်များ၊ အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်ဆွေဆွေသန့်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ကြေးမုံ**



## အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်လှစ်

**ပဲခူး ဇူလိုင် ၂**

ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာန(ခွဲ)(ITC) ပဲခူးတွင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနမှ အငယ်တန်းအင်ဂျင်နီယာ (၂) (စက်မှု၊ လျှပ်စစ်၊ အီလက်ထရွန်နစ်) သင်တန်းသားများအတွက် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းအမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနား၌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်အေးအေးလှိုင်က သင်တန်းတွင်ပို့ချပေးမည့် အင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ အငယ်တန်း အင်ဂျင်နီယာ(၂) (စက်မှု၊ လျှပ်စစ်၊ အီလက်ထရွန်နစ်) သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဇူလိုင် ၂ ရက်မှ ၁၃ ရက်ထိ နှစ်ပတ်ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**သူရအောင် (ပြည်)**



## ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ပူတာအို ဇူလိုင် ၂**

ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်ပွဲကို ဇွန်လ နောက်ဆုံးပတ်က ပူတာအိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ခရိုင်ဦးစီးမှူး ဦးကျော်ဆောင်းက ဝန်ထမ်းများ စိုက်ပျိုးရေးဦးစီးဌာန၏ မူဝါဒများ၊ ဦးတည်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်နိုင်ရန် တောင်သူများအား ပညာပေးစည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းပို့ချပေးသောနည်းပညာများကို တောင်သူများထံသို့ ဖြန့်ဝေပေးရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။


ပူတာအိုခရိုင်ရုံး ဦးစီးအရာရှိ ဦးဝင်းမောင်က ပိုးသတ်ဆေးအသုံးပြုပုံများကိုလည်းကောင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးထွန်းနိုင်က မျိုးစေ့ဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ပူတာအိုခရိုင် ဒုတိယဦးစီးမှူး ဦးသန်းလွင်က ဓာတ်မြေဩဇာ အသုံးပြုပုံများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးသန့်စင်မျိုးက သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် GAP စနစ်နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည့် နည်းပညာများကိုလည်းကောင်းဆွေးနွေးပို့ချခဲ့ရာ ခရိုင်နှင့် မြို့နယ်ရုံးများမှ ဝန်ထမ်းများ စုစုပေါင်း ၄၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

ဆိုလို ခရီးသွား ၏ ဝါဆိုသင်္ကန်းကပ် ခရီးစဉ်
လှိုင်ကော် -ပင်ခွန်- ဒီးမော့ဆို ကယားပြည်နယ်
ဇူလိုင်(၂၆)ရက်နေ့ ည (၇)နာရီ ထွက်ပါမည်။
ခြံအမှတ်(၉၂)(ဘီ)၊ တိုက်(၂)၊ ပန်းလှိုင်လမ်း ကြည့်မြင်တိုင်မြို့နယ်
0973068865, 09420250778, 0973070954

သုခမိန် မှ (၈)နှစ်မြောက် ဝါဆိုသင်္ကန်းကပ်ခရီးစဉ်
ရှမ်းပြည်နယ်- ပင်ခွန် /ကယားပြည်နယ် -လှိုင်ကော်
26 - 7 - 2018 မှ 29 - 7 - 2018 အထိ
01-253079 / 09 5155654 / 09765155654 / 09965155654

တက္ကသိုလ်ဝင်တန်း ကျောင်းသား/သူများအတွက်



၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ စစ်မေးမည့်
မေးခွန်းပုံစံသစ်နှင့်အညီ ရေးသားထားသော...
ပါမောက္ခ ဒေါက်တာခင်ဆန်းဦး
တက္ကသိုလ်ဝင်တန်း
မြန်မာစာလမ်းညွှန်
(သင်ရိုးကုန်)
ဆက်သွယ်မှာကြားရန် - ဂုဏ်ထူးမော်ကွန်းစာပေ
အမှတ်(၃၅၉)၊ ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၂၅၃ ၅၃၇ ၁၃၆
၀၉ ၇၃၀ ၃၁၂၂၉ ၊ ၀၉ ၄၃၁ ၄၁၂၂၉
အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

"ခြ" နှင့်ပတ်သတ်သော ပြဿနာများကို အကောင်းဆုံးနှင့် အထိရောက်ဆုံး ကိုင်တွယ်ဖြေရှင်းပေးပါသည်။
တတ်ကျွမ်းနားလည်ပြီးအတွေ့အကြုံရှိသူများဖြင့် စနစ်တကျ အိမ်တိုင်ရာရောက် ဆွေးနွေးကာ ဈေးနှုန်းချိုသာသွာဖြင့် လိုက်လံဆောင်ရွက် ပေးနေပါသည်။
Chemical လုံးဝမပါဝင်ပဲ nano နည်းပညာဖြင့် သဘာဝ သစ်မြစ်သစ်ဥများမှ ထုတ်လုပ်ထားသော green nano ကို အသုံးပြုထားခြင်းကြောင့် လူ၊ အိမ်မွေးတိရစ္ဆာန်နှင့် ပတ်ဝန်းကျင် ထိခိုက်စေနိုင်သည့် ဘေးထွက်ဆိုးကျိုးများမရှိပဲ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ပါသည်။
မှတ်ချက်။ ။ အနံ့အသက်လုံးဝ မရှိပါ။
Trillion Power Co.,Ltd.
တိုက် (၂၇)၊ အခန်း (၄၂)၊ ရွှေဘုံးပင်အိမ်ယာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 0973172777 , 09420056018

ရွှေယုန်မင်း
အမှတ်တံဆိပ်
အနာလိမ်းဆေး
ပျောက်ကင်းနိုင်သောအနာများ
အနာပဆုတ်၊ ခူနာ၊ နို့နာ၊ ကိန္နရာနာ၊ ပါးပေါက်နာ၊ မွေးကျွတ်နာ၊ သွေးစုနာ၊ အနာစာဥ၊ ဝက်ခြံများ၊ သက်တန့်နာ၊ သံစူး၊ ငါးစူး၊ အနာဟောင်း၊ အနာဆွေးများ၊ လက်စွယ်ခြေစွယ်ငုတ်များ၊ အံဆုံးပေါက်နာများ၊ ခွေးကြောင်ကိုက်နာများကိုသက်သာ ပျောက်ကင်းစေသည်။



၀၁ ၆၉၉၅၀၆ ၀၉ ၅၀၂၁၃၇၁

# ကျေးဇူးရှင် ရှင်ပြန်ဆရာတော်ကြီး၏ (၃)နှစ်မြောက် ဂုဏ်ပူဇော်အခမ်းအနား ဖိတ်ကြားခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ အာဇာနည်လမ်း(ရွှေတိဂုံစေတီတော်ပတ်လမ်း)ရှိ မင်းကွန်း(၂)ကျောင်းတိုက် ကျေးဇူးတော်ရှင် သက်တော်ရှည် ရှင်ပြန်ဆရာတော်ကြီး ဘဒ္ဒန္တ ကေသရမဟာထေရ်၏ ပျံလွန်တော်မူခြင်း (၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းစသော လှူဖွယ်ဝတ္ထုအစုစုကို လှူဒါန်းပူဇော်ခြင်း ဂုဏ်ပူဇော်အခမ်းအနားကို ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၁)ရက် (၈-၇-၂၀၁၈) (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများအားလုံး တက်ရောက်ကြည်ညိုနိုင်ရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများအတွက်.....
မိမိတို့၏ အနာဂါတ်လမ်းကြောင်းကို ရွေးချယ်ပြီးပြီလား ?
Game, Application တွေကို ကိုယ်တိုင်တီထွင်နိုင်သော IT Engineer တစ်ယောက်ဖြစ်ချင်တဲ့ အိပ်မက်ရှိပါသလား ?
ဂျပန်ဘာသာစကားကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး ဂျပန်ကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးဖြစ်လိုပါသလား ?
ဒီအိပ်မက်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ Metro IT & Japanese Language Centre မှာ အတူတူပညာသင်ကြားကြစို့ !
IT နည်းပညာရပ်များကို Zero Level မှစတင်လေ့လာပြီး IT Engineer တစ်ယောက်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီး၏ IT လုပ်ငန်းခွင်တွေမှာ ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည့် " Only One School in Myanmar "







IT နှင့် ဂျပန်စာကို အတူလေ့လာပြီး ဂျပန် IT ကုမ္ပဏီများတွင် အလုပ်လုပ်ကြရအောင်
Japan Style Career Education
◆ System Creator Course ( 2 years )
◆ Web Engineer Course ( 2 years )
2018 July 20 ရက်တွင်ဖွင့်လှစ်မည့် IT Course တန်းခွဲသစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ
09-976334160, 09-262007900
METRO IT & Japanese Language Centre
IT Course Seminar
Date : 8 July 2018 ( Sunday )
Time : 1:00 pm to 3:00 pm
Place : Metro IT & Japanese Language Centre ( Yangon )
စိတ်ပါဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းပေးသွင်းပြီး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
ကျောင်းသားကျောင်းသူများအတွက် Free Trial Lecture များကို တက်ရောက်သင်ယူနိုင်ရန်လည်း စီစဉ်ထားရှိပါသည်။
Room No (A,B,C,D), 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ www.facebook.com/metrogroupmyanmar

## ပါမောက္ခ ဒေါက်တာဦးကိုကိုမောင်

**ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)**
**ခံတွင်းနှင့်မျက်နှာ မေးရိုးခွဲစိတ်ကုပညာဌာန**
**သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)**

### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၈)၊ တိုက်(B)၊ အခန်း(၄၀၂)နေ (ဦးအန့်-ဒေါ်သန်းတင်)တို့၏ သား၊ (ဦးလှထွန်း-ဒေါ်ခင်မြ)တို့၏ သားသမက်၊ ဒေါက်တာမော်မော်၏ခင်ပွန်းသည် ၂-၇-၂၀၁၈ ရက် ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရျာပန အချိန်အား ထပ်မံအသိပေးပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအဂ္ဂါတင်အုံး (၅၉)နှစ်

**B.E.,Mech (1983), Ex. 2/E (B.S,M), C.D.C 17151**

ရန်ကုန်မြို့နေ ဝဏ္ဏကျော်ထင်ဦးတင်အုံး (ဒုတိယစစ်ဥပဒေချုပ် ဗိုလ်မှူးကြီး-ငြိမ်း၊ တရားရုံးချုပ်တရားသူကြီး-ငြိမ်း)-ဒေါ်တင်ညိမ်းဝင်း(အထပြ-ငြိမ်း၊ အထက-၁ ရန်ကင်း၊ အထက-၄ အလုံ)တို့၏သားကြီး၊ ဦး E Dickson (ရေကြောင်းနည်းပြမှူး-ငြိမ်း)-ဒေါ်ဝင်းကြည်တို့၏သားသမက်၊ မရမ်းကုန်းမြို့နယ်၊ ဇေယျာခေမာလမ်း၊ (64.H-1)နေ ဒေါ်တင်တင်ဌေး(ငယ်ငယ်)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဖွဲ့အောင်၊ ကိုမိုးစက်၊ မရှင်လဝန်း (G.11.F, T.T.C)တို့၏ဖခင် ဦးအဂ္ဂါတင်အုံးသည် ၂-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအဂ္ဂါတင်အုံး (၅၉)နှစ်

**B.E, Mech.(1983)**
**Ex. 2/E (B.S.M)**
**C.D.C-17151**

ရန်ကုန်မြို့နေ ဝဏ္ဏကျော်ထင် ဦးတင်အုံး (ဒုတိယစစ်ဥပဒေချုပ်-ဗိုလ်မှူးကြီး-ငြိမ်း၊ တရားရုံးချုပ်တရားသူကြီး-ငြိမ်း)-ဒေါ်တင်ညိမ်းဝင်း (အထပြ-ငြိမ်း၊ အထက-၁ ရန်ကင်း၊ အထက-၄ အလုံ)တို့၏သားကြီး၊ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း-ဒေါ်ရွှေဝါတင်အုံး၊ ဦးဝင်းထွဋ်သိန်း (C/E)-ဒေါ်ဥမ္မာတင်အုံး၊ ဦးသောင်းထိုက်ဝင်း-ဒေါ်စန္ဒာတင်အုံးတို့၏ အစ်ကိုကြီး ဦးအဂ္ဂါတင်အုံးသည် ၂-၇-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်ဒါယကာကြီး**

## ဦးဘဉာဏ်

### အသက် (၇၆) နှစ်

ယောအသင်းရာသက်ပန်အသင်းဝင် ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ လ/ထ စက်ရုံမှူး (B.PI-ငြိမ်း) ဦးဘဉာဏ် (၇၆)နှစ်သည် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ရန်ကုန်မြို့ရှိ ယောကျောင်းများနှင့် ယောနယ်အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော ယောဂုဏ်ဆောင် ဦးဘဉာဏ်အား ဂုဏ်ပြုပါသည်။

**ယောနယ်သား/ယောနယ်သူများ**

---

**ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)**

## ဒေါ်တင်ရွှေ (၈၉)နှစ်

**ရာ-၁၉၃**
**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်ရတနာမွန်အိမ်ရာ (၂)လမ်း၊ အမှတ် (၂၂-ဘီ)နေ (ဦးကျော်မောင်)၏ ဇနီး၊ ဒေါ်ခင်အေးကျော်(ရာ-၆၇၄)၊ ဒေါ်ဝင်းဝင်းမြင့် (ရာ-၁၉၃၃)၊ ဦးသန်းဝင်း (ရာ-၁၄၃၀)၊ ဒေါ်ခင်ဥမ္မာကျော် (ရာ-၁၉၃၄)တို့၏ မိခင်သည် ၂၉-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၆-၂၀၁၈ ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးသိန်းတင်

### အသက် (၈၇)နှစ်

**ထွေ/အုပ် ဦးစီးမှူး(ငြိမ်း) မိုးမခစတိုး**

မော်လမြိုင်မြို့၊ တောင်ပိုင်းရပ်ကွက်၊ အမှတ်(၁၈)နေ (ဦးဟိန်း-ဒေါ်ဝဲ)တို့၏ သား၊ (ဦးမြိုင်ဆွန်း-ဒေါ်မာငယ်)တို့၏ သားသမက်၊ (ဒေါ်စန်းစန်းလဲ့)၏ ခင်ပွန်း၊ Dr.မျိုးမင်း(USA)-Dr.တင်မိုးစန်း၊ ဦးတင်ရွှေ(2E-ရန်ကုန်)-ဒေါ်တင်ချိုစန်း၊ ဦးတင်နိုင်ဦး (USA)-Dr. ဇင်မာသိန်း၊ Captain ဦးခိုင်သိန်း (စင်ကာပူ)-ဒေါ်လွင်မာသိန်း၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇေယု-ဒေါ်ချောစုသိန်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂-၇-၂၀၁၈(တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ဝဲကလာသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**လွတ်လပ်ရေးမော်ကွန်းဝင်**

## ဦးချစ်လှိုင်

**သက်ကြီးကန်တော့ခံ**

### အသက် (၉၆)နှစ်

ကျိုက်လတ်မြို့၊ ၉×၁၀ ဦးစန္ဒာလမ်း၊ (၄)ရပ်ကွက်နေ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၇၁)၏နာယက ဦးချစ်လှိုင်သည် ၃၀-၆-၂၀၁၈ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပိတောက်မြိုင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နှင်းရီ

### အသက် (၆၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၃၃)၊ ခြောက်လွှာ(A)နေ ဦးအောင်သန်း၏ဇနီး၊ ကိုလှိုင်ဝင်းသန်း-မအေးအေးမြတ်၊ ဗိုလ်ကြီးရဲဝင်းသန်း(ငြိမ်း) (တေဇ-၂၄)-မန္တလေးဝင်း၊ ကိုအောင်မျိုးလင်း (Tun Tak Linn Co., Ltd)-မအိရွှေဇင်သန်း(Grand Pharmaceuticals Co., Ltd.)တို့၏ မွေးသမိခင်၊ မြေးခြောက်တို့၏အဘွား ဒေါ်နှင်းရီသည် ၂-၇-၂၀၁၈ ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်မြိုင်(ခ)အော်ကင်လျံ(ကိုမြင့်သောင်းအအေးဆိုင်)

### အသက် (၉၅) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇)လမ်း၊ တိုက်(၅၄)၊ ဒုတိယထပ်နေ [ဦးလင်ရောက်လန်(ခ)ဦးမောင်စိန်]၏ဇနီး၊ လင်တိတ်ကီး-မလေ၀ှာ၊ လင်တိတ်ချွမ်(ခ)ကိုမြင့်သောင်း-တိုက်ရှုလျန်(ခ)မခင်လေးရီ၊ လင်ပိုးတင်း-(ပေခေးစိန်)၊ လင်ပိုးကြူး၊ လင်တိတ်ဝှက်-မရီရီဝင်း၊ လင်တိတ်ကြိုင်(ခ)ခင်မောင်ဝင်း-မစန်းသီတာ၊ လင်တိတ်ဝမ်(ခ)ကိုအောင်ထွန်း-မမိုးမိုးသန်း၊ လင်ပိုးစွမ်(ခ)မနုနုဝင်း-ကြူနိမ်ကွန်း၊ လင်တိတ်ဟုတ်(ခ)ကိုနိုင်လင်း-မမာမာဆွေတို့၏မိခင်၊ မြေး ၂၂ ယောက်တို့၏အဘွား၊ မြစ် ၁၄ ယောက်တို့၏ဘွားဘွားကြီးသည် ၂-၇-၂၀၁၈ ရက် နံနက် ၁၀း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဖုန်းမြင့် (၉၃)နှစ်

**နာယက**
**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်**
**မဟာစည်သာသနာ့ရိပ်သာ**

ဟသ်ာတမြို့၊ (တလုတ္တော်)နေ ဦးထောက်-ဒေါ်ကျင်မြိုင်တို့၏ သား၊ ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ကမာရွတ်မြို့နယ်၊ အမှတ် (၂၈၀/A)နေ ဒေါ်ကျင်တွမ် (ဆုမြတ်မင်းရတနာ-ဗိုလ်ချုပ်အောင်ဆန်းဈေး)၏ ခင်ပွန်း၊ (ဦးစန်းလွင်)-ဒေါ်မြင့်ဝင်း၊ ဦးအောင်လွင်-ဒေါ်ဖြူဖြူစိန်၊ ဦးနိုင်ဝင်း-ဒေါ်မဥ္ဇူ၊ ဦးချစ်မောင်-ဒေါ်ကြည်ကြည်ရှိန်(ခေတ္တ-USA)တို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးဖုန်းမြင့်သည် ၁-၇-၂၀၁၈ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၈ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြောင်စင်ရွှန်(ခ)ဒေါ်ညွန့်ရီ

### အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၃၆)၊ ဘုရင့်နောင်လမ်းဆုံနေ (ဦးကြောင်စစ်ကြည်-ဒေါ်ယုလျံ)တို့၏သမီး၊ (ဦးခွန်ဆောင်-ဒေါ်စော)တို့၏ သမီးချွေးမ၊ ဦးရဲဆွေ-(ဒေါ်မွှေးမွှေး)၊ ဦးရဲလှ-ဒေါ်ချို၊ ဦးရဲမြင့်-ဒေါ်ဝင်းကြူ၊ ဦးရဲနောင်-ဒေါ်စန်းစန်းမြင့် (မဘေဘီ)၊ ဦးရဲရွှေ-ဒေါ်စန္ဒာရွှေ၊ ဦးရဲငွေ-ဒေါ်မိသန်းဝဏ်၊ ဦးရဲအေး-ဒေါ်ခင်ခင်ဦးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ (ဦးမောင်စိန်)၏ချစ်လှစွာသောဇနီး၊ မြေး ၁၆ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁-၇-၂၀၁၈(တနင်္ဂနွေနေ့) ည ၉း၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေး(ကောင်းတုံ)တရုတ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သောင်းတင်(ဒါးပိန်) အသက်(၉၀)

ဒါးပိန်မြို့နေ (ဦးထွန်းမင်း-ဒေါ်ပု)တို့၏ သမီး၊ (ဦးအေဟွဒ်-ဒေါ်ချစ်မေ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်းရပ်ကွက်နေ (ဦးတင်မြင့်-ဒေါ်ချို)တို့၏ အစ်မ၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင်လမ်းနေ (ဦးလှရွှေ)-ဒေါ်သန်းသန်းမြင့်၊ ဦးစိန်ရွှေ-ဒေါ်လှသိန်း၊ ဦးငွေဇင် (ဦးခဲ)-ဒေါ်စန်းစန်းဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ [ဦးဂျီအေဟွဒ် (ဘီးလင်းသကြားစက်-ငြိမ်း)]၏ဇနီးသည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ နံ့သာမြိုင်လမ်း၊ အမှတ်(၁၀၀၅-က)၊ ဦးငွေဇင်(ဦးခဲ)-ဒေါ်စန်းစန်းဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဌေးလွင် (၅၇)နှစ်

**လမ်း(၅၀)**
**အထက(၂)ဗိုလ်တထောင်ကျောင်းသားဟောင်း**
**ဒေသကောလိပ်(၁)ကျောင်းသားဟောင်း**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း(၅၀)၊ Tower(A)၊ အခန်းအမှတ် (၃၂၀)၊ မဟာနဝရတ် အဆင့်မြင့်အိမ်ရာနေ ဦးဌေးအောင်-ဒေါ်ကျင်မြတို့၏ သားကြီး၊ ဦးအောင်ကျော်ဆင့်-ဒေါ်အေးအေးမော်(ဒု-ခရိုင်တရားသူကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး)၊ ဦးမျိုးလွင်၊ ဦးထွန်းကျော်မိုး-ဒေါ်လှိုင်လှိုင်မော် (လ-ဝ-က စမ်းချောင်းမြို့နယ်ရုံး)၊ [ကိုတင်မိုးအောင်(ခ) အငယ်လေး)တို့၏အစ်ကိုကြီး၊ တူ/တူမ သုံးယောက်တို့၏ ဦးလေးသည် ၂-၇-၂၀၁၈ ရက် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်လွင်(ခ)ဦးစိန်ကြီး (ဦးကဝိန္ဒာစာရ)

**(ကဝမြို့၊ မိုးဂနိမ်းရွာ)**

### အသက် (၅၃) နှစ်

သာကေတမြို့နယ်၊ ကျောက်ချောင်းကျောင်းတိုက်၊ ဆရာတော် ဦးဝါယာမသာရ၏ ညီ၊ ကဝမြို့၊ မိုးဂနိမ်းရွာနေ (ဦးစန်းမောင်-ဒေါ်ခင်ညွန့်)၊ ဒေါ်နန်းကြည်တို့၏သား၊ ဦးရွှေလှ-ဒေါ်တင်အေးတို့၏သားသမက်၊ ဒေါ်ရင်ရွှေ၊ ဦးကျော်ထင်၊ ဒေါ်မြင့်ရွှေ၊ ဒေါ်တင်ထွေး၊ မဌေးဌေးခိုင်၊ မအေးအေးခိုင်၊ ကိုမင်းဇော်၊ ကိုမင်းနိုင်၊ ကိုအောင်ကိုလတ်၊ ကိုမင်းကို၊ မနန်းမွန်ခိုင်တို့၏ မောင်/ညီ/အစ်ကို၊ အရှေ့ဒဂုံမြို့နယ်၊ (၅၂)ရပ်ကွက်၊ မဒရွာနေ ဒေါ်မိုးမိုးခိုင်၏ ခင်ပွန်း၊ မောင်နေထွန်း(မောင်တေဇ)၏ဖခင် ဦးကျော်လွင်သည် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျိစုသုသာန်၌ မီးသဂြိုဟ်ပါမည်။ (ကျောက်ချောင်းကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကျောက်ချောင်းကျောင်းတိုက်၌လည်းကောင်း၊ ၇-၇-၂၀၁၈ (စနေနေ့) နံနက် ၆နာရီတွင် မဒရွာ၌လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အနိစ္စ

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## Max ဦးထွန်းရှိန်(မြိတ်)

### အသက်(၉၉)နှစ်

**အသင်းဝင်အမှတ်(၁၂၇၃)**

မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်းနေ ဒေါ်ဂင်ကြည်၏ ခင်ပွန်းသည် ၂၉-၆-၂၀၁၈ (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဇော်ဖေ(မြင်းခြံ) (၉၃)နှစ်

**ဘ. ခ. ရ**
**ကြီးကြပ်ရေးဘူမိဗေဒအရာထမ်း(ငြိမ်း)**

မြင်းခြံမြို့နေ (ဦးဘထွန်း-ဒေါ်တင်မေ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ် (၄၀)၊ မြေညီ (A)နေ (ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ ဒေါ်အမာထွန်း (မြင်းခြံ)၏အစ်ကိုကြီး၊ ဦးအေးမြင့်ဇော် (ဘ. ခ. ရ-ငြိမ်း)-ဒေါ်တင်တင်သန်း၊ ဒေါ်ခင်အေးဇော်(အထပြ၊ အထက-၄၊ စမ်းချောင်း-ငြိမ်း)-ဦးမျိုးသန့်စင် (အထပြ၊ အထက-၁၊စမ်းချောင်း၊ ငြိမ်း)၊ ဦးဌေးဝင်းဇော်(ဇော်-ကလေးဂျာနယ်)-ဒေါ်လှလှဌေး၊ ဒေါ်မေသွင်ဇော် (အထက-၂၊ စမ်းချောင်း)-(ဦးစိုးနိုင်)၊ ဒေါ်ခင်ခင်ဇော်၊ ဦးသောင်းထွဋ်ဇော်-ဒေါ်မိုးချယ်ရီ (Zydus Cadila Health Care)၊ (ဦးအောင်မိုးဇော်)၊ ဦးစိုးမိုးဇော်တို့၏ချစ်လှစွာသောဖခင်ကြီး၊ ဒေါ်ဝါဝါမောင်(အထက-၃၊ ရွှေပြည်သာ)၏ ဦးလေး၊ ဦးနိုင်လင်းဇော် (Chief Mate-Maersk Co.,Ltd)-ဒေါ်ပြည့်မျိုးသဇင်၊ ဒေါ်မျိုးသဥ္ဇာဇော်(Teather MLA)၊ ဗိုလ်ကြီးဒေါက်တာရဲနောင်ဇော်-ဒေါ်ကေသီတာမြင့်သိန်းဖေ၊ ဒေါ်ယုနန္ဒာဇော်(YOLO Club Co., Ltd)၊ မောင်ဇော်ဇင်ထက်(Eleven Journal)၊ မောင်နေမျိုးဇော်(IT Network Engineering)၊ မောင်ပြည့်ဖြိုးဇော်(Sai Beacon Trading)၊ မောင်ပိုင်စိုး(3rd year Myanmar)၊ မငွေဇင်စိုးနိုင် (YUFL, France)၊ မောင်ဘုန်းထက်သုတ၊ မောင်ထက်မှူးအာကာ၊ မမိုးပပအောင်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁-၇-၂၀၁၈(တနင်္ဂနွေနေ့) ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အိအိဌေး(ခ)ဝတုတ်

### အသက် (၄၁) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၆၉)နေ (ဦးဘိုးရင်-ဒေါ်တင်အုန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွဲတန်းလမ်း၊ အမှတ် (၁၁-A)နေ (ဦးမြင့်အောင်)-ဒေါ်မြင့်မြင့်သန်းတို့၏ သမီးချွေးမ၊ (ဦးဌေးအောင်)၊ (ဦးသန်းဌေး)၊ ဦးလှဌေး-ဒေါ်လင်းလင်း(U.S.A)၊ ဦးမျိုးမြင့်-ဒေါ်အေးဌေးတို့၏ညီမ၊ ဒေါ်အေးမွန်ဌေး၏ အစ်မ၊ ကိုပြေငြိမ်းအောင်(U.S.A)-ဒေါ်လဲ့ရွှေစင်၊ ကိုအောင်သူမျိုး(U.S.A)၊ ကိုဉာဏ်စိုးအောင်တို့၏အဒေါ်၊ ဦးကျော်စောအောင်၏ ချစ်လှစွာသောဇနီး၊ မယွန်းယမုံကျော်ဇော၊ မဂင်္ဂါကျော်ဇောတို့၏မွေးသမိခင် ဒေါ်အိအိဌေးသည် ၂-၇-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၈ (တနင်္ဂနွေနေ့)၌ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ်(၆၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရွှေဥ

### အသက် (၉၉)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ်(၄၀၄)၊ ပထမထပ်နေ (ဦးထွန်းလှ-ဒေါ်နှင်းနွယ်)တို့၏သမီး၊ (ဦးထွန်းလှိုင်-ဒေါ်အေးရင်)တို့၏ သမီးချွေးမ၊ ဦးတင်ဝင်း(ထ/ပြ-ငြိမ်း)-(ဒေါ်မြဆွေ)၊ ဦးဌေးနိုင်(စက်မှု-ငြိမ်း)-ဒေါ်အေးသိန်း(လယ်/ပြ-ငြိမ်း)တို့၏ မိခင်၊ မောင်လှိုင်မင်း၊ မောင်သက်ဇင်တို့၏အဘွား၊ (ဦးမောင်ငြိမ်း)၏ဇနီးသည် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ဝင်းတင် (၈၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အမှတ်(၇၂)နေ (ဦးကျော်လှိုင်-ဒေါ်လှညွန့်)တို့၏ သမီးကြီး၊ ဦးတင်လှိုင်၏ ဇနီး၊ ပဲခူးမြို့နေ (ဦးထွန်းညွန့်၊ ဒေါ်မြင့်မြင့်စိန်)၊ ဦးချစ်အောင်-ဒေါ်တင်ညွန့်၊ ဦးအုန်းသွင်-ဒေါ်စန်းလွင် တို့၏ အစ်မကြီး၊ ဦးအုန်းလှ (ဒု-ညွှန်မှူး၊ အ-က-ခ-ငြိမ်း)-ဒေါ်စိုးစိုးလွင်၊ ဦးမြင့်အောင်-(ဒေါ်ခင်ဝင်း)၊ ဦးမြင့်စိုး-ဒေါ်စန်းစန်းဝေ၊ ဦးဌေးအောင် [ဦးစီးအရာရှိ(စုံ) စ-စ-စ၊ ကရင်ပြည်နယ်ရုံး]-ဒေါ်မြဝင်း၊ ဦးသန်းဝင်း (အကောက်ခွန်မှူး၊ အ-က-ခ)၊ ဦးဆန်းဝင်း-ဒေါ်စိုးစိုးသိန်း၊ ဦးသန်းလွင်-ဒေါ်ခင်မြင့်လှိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွား ဒေါ်ဝင်းတင်သည် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) ၅း၅၅ နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဂရင်းဟံသာအပြည်ပြည်ဆိုင်ရာ ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဟန်စိန်

**နီနီဆေးခန်း၊ နီနီဓာတ်ခွဲခန်း**

### အသက် (၈၁)နှစ်

အမှတ်(၈/က)၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်ရှုရင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာအောင်ကျော်လင်း-ဒေါက်တာအေးအေးမော်၊ ဒေါက်တာညီညီဟန်-ဒေါ်သီတာအေး၊ ဦးသန်းအောင်-ဒေါ်မီမီဟန်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ အောင်ဥက္ကါဟန်၊ အောင်ခန့်ဟန်၊ ကောင်းမြတ်ဟန်၊ ဖုန်းမြတ်ဟန်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၂-၇-၂၀၁၈(တနင်္လာနေ့) နံနက် ၁၁း၁၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးကျော်အုံး(မိုးကုတ်မြို့၊ ကျပ်ပြင်)

### အသက် (၈၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့အနောက်ပိုင်း၊ ကျပ်ပြင်မြို့မရပ်နေ (ဦးမောင်ကြီး-ဒေါ်ခင်ရွှေ)တို့၏သားကြီး၊ ဦးစိန်ဌေး၊ (ဒေါ်မေရီသန်း)တို့၏ အစ်ကို၊ ဒေါ်ကြည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန္တာရွှေ၊ ဒေါ်ရူပါရွှေ၊ ဦးကျော်ဇော-ဒေါ်သူဇာရွှေ၊ ဒေါ်မာလာရွှေ၊ ဒေါ်နီဝါရွှေ၊ ဒေါ်သင်းယုကျော်၊ ဦးကျော်ဇင်ထက်၊ ဦးဖြိုးဇေယျာသော်-ဒေါ်သင်းဇူလိုင်ကျော်တို့၏မွေးသဖခင်၊ ကိုမင်းခန့်အောင်-မခင်စန္ဒာမြင့်၊ မချမ်းမြေ့မွန်မွန်၊ မပန်းမြတ်မိုမို၊ မောင်အောင်ကျော်ဇောတို့၏အဘိုး ဦးကျော်အုံးသည် ၃၀-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် မိုးကုတ်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးစမ်း (၆၈)နှစ်

**စက်မှု-၁၊ အထွေထွေစီမံခန့်ခွဲရေး၊ ဂျုံလုပ်ငန်း၊ လှိုင်မြို့နယ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(ခ/၅၇၇)နေ (ဦးရွှေ-ဒေါ်ခင်မြင့်)တို့၏ သမီးငယ်၊ ဦးကျော်စိုး(ခ) ဦးချို-ဒေါ်အေးသန်းတို့၏ညီမ၊ ဦးချစ်ကိုကို-ဒေါ်လှသန္တာဝင်း၊ ဦးမျိုးကိုကိုတို့၏မွေးသမိခင်၊ မမနောဖြူ၏ ချစ်လှစွာသောအဘွား၊ (ဦးမောင်မောင်တိုး)၏ ဇနီး ဒေါ်အေးစမ်းသည် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၈(စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးညိုဌေး (၆၁)နှစ်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်၊ တိုက် (၁၃၈၁)၊ အခန်း (၁၆)နေ (ဦးချစ်)-ဒေါ်စိန်မြတို့၏သား၊ ဦးကြည်ညွန့်-ဒေါ်မာလာမြင့်တို့၏ သားသမက်၊ မမေသစ္စာခိုင်၏ ဖခင်၊ ဒေါ်ရီရီမြင့် (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၏ခင်ပွန်းသည် ၁-၇-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃း၃၅ နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ခုတင် ၁၀၀၀ ဆေးရုံကြီးမှ ကျေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး**

## ဒေါ်ညွှန့်ညွှန့်ဝေ (၅၉)နှစ်

**(တိုင်းရင်းဆေး-ငြိမ်း)**

(ဦးချစ်-ဒေါ်အေးသွယ်)တို့၏သမီး၊ (ဦးချိန်ထွန်း-ဒေါ်ဌေး)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၄၃)၊ မြေညီထပ်နေ ဦးဝင်းမြင့်၏ဇနီး၊ ဦးသိန်းအောင်၊ (ဒေါ်မြစိန်)၊ ဦးတင်ဦး(သံအမတ်ကြီး-ငြိမ်း)-ဒေါ်သီတာဌေးတို့၏ ညီမသည် ၁-၇-၂၀၁၈ ရက် ည ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၂-၇-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ အဂတိလိုက်စားမှုကို ပူးပေါင်းဆန့်ကျင်မည်

**ရန်ကုန် ဇူလိုင် ၂**
အဂတိလိုက်စားမှုဆန့်ကျင်ခြင်း ပူးတွဲကြေညာချက်လက်မှတ်ရေးထိုးပွဲနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကျင့်ဝတ်များဖွံ့ဖြိုးလာခြင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် "အဂတိလိုက်စားခြင်းဟာ ကိုယ်ကျင့်သိက္ခာပျက်ယွင်းခြင်းလို့ အဓိပ္ပာယ်ဖွင့်ထားတဲ့အတွက် အဂတိလိုက်စားမှုဆန့်ကျင်ခြင်းဟာ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာ၊ ပြည်သူလူထုရဲ့ ဂုဏ်သိက္ခာ၊ လူမှုစီးပွားအသင်းအဖွဲ့တွေအားလုံးရဲ့ ဂုဏ်သိက္ခာမြှင့်တင်ခြင်း ဖြစ်ပါတယ်"ဟု အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ပြောကြားသည်။

မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက "နိုင်ငံတော်အစိုးရက အဂတိလိုက်စားမှုကင်းရှင်းတဲ့ စီးပွားရေးလုပ်ငန်းများဖြစ်ပေါ်လာစေရေးအတွက် ရှေးရှုပြီး ကြိုးပမ်းဆောင်ရွက်နေတာ အားလုံးအသိပါပဲ၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်း စနစ်ပြောင်းပြီး ဆောင်ရွက်နေတဲ့ကာလလည်း ဖြစ်ပါတယ်၊ လူတွေရဲ့ ကိုယ်ကျင့်တရားကို ထိခိုက်စေတဲ့ အဂတိလိုက်စားမှုကို တားဆီးတိုက်ဖျက်ရေးအတွက် ထိထိရောက်ရောက်လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်၊ ပြည်တွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ အဂတိလိုက်စားမှုမှာ ပါဝင်ခြင်းမရှိကြဘဲ အဂတိလိုက်စားမှုကို နားလည်ရှောင်ကြဉ်ကြဖို့လိုအပ်ပါတယ်၊ ဒါမှ မိမိတို့နိုင်ငံမှာ စီးပွားရေးမြင်ကွင်းကောင်းတစ်ခု ပေါ်ထွက်လာပြီး ရင်းနှီးမြှုပ်နှံချင်သူတွေအနေနဲ့ နိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးမှာ တတ်နိုင်သလောက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြဖို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်"ဟုပြောကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ အဂတိလိုက်စားမှုဆန့်ကျင်ခြင်း ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။

# ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ ကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၂**
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုအမျိုးသမီးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးလုပ်ငန်းကော်မတီဝင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စုံညီတွေ့ဆုံပွဲ တတိယနေ့တွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးလုပ်ငန်းကော်မတီများ စုံညီတွေ့ဆုံပွဲ တတိယနေ့အခမ်းအနား ကျင်းပစဉ်။

# ထိုင်းလူငယ်ဘောလုံးသမား ၁၂ ဦးနှင့် နည်းပြတို့အား ဂူအတွင်း ၁၀ ရက်အကြာ၌ အသက်ရှင်လျက် ရှာဖွေတွေ့ရှိ

**မယ်ဆိုင် ဇူလိုင် ၂**
ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ့်လုံ့ခွန်နမ့်လိုဏ်ဂူအတွင်း ၁၀ ရက်ကြာပိတ်မိနေကြသည့် လူငယ်ဘောလုံးအသင်းဝင် ၁၃ ဦးအား လိုဏ်ဂူ၏အဆုံး၌ရှိသော ပတ္တယားကမ်းခြေဟု အမည်ပေးထားသော သဲသောင်ပြင်၌ ယနေ့ ဒေသစံတော်ချိန်ည ၁၀ နာရီခွဲဝန်းကျင်က ရှာဖွေတွေ့ရှိခဲ့ပြီဟု ချင်းရိုင်ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ နလုံးဆတ်အိုစတာ နတ်ကွန်းက အတည်ပြုပြောကြားလိုက်ကြောင်း နိုင်ငံတကာရုပ်သံသတင်းဌာနများမှ ယနေ့ညပိုင်းက တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြသည်။

လိုဏ်ဂူအတွင်းပိတ်မိနေကြသော လူငယ်ဘောလုံးအသင်းဝင်များမှာ ၁၀ ရက်ကြာ လိုဏ်ဂူအတွင်း ပိတ်မိနေကြခြင်းဖြစ်ပြီး ၎င်းတို့အား ရှာဖွေကယ်ဆယ်ရန်အတွက် ရှာဖွေရေးကျွမ်းကျင်ရေငုပ်သမားများနှင့် အထူးရေတပ်ဖွဲ့တို့မှ ၎င်းတို့အားအဓိက တွေ့ရှိနိုင်မည့်နေရာသို့ ယနေ့ညပိုင်းက ခန့်မှန်းရောက်ရှိခဲ့ကြခြင်းဖြစ်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✪**

